# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၄ ရက် ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာ ၃၀ ရက်၊ ဗုဒ္ဓဟူးနေ့ အတွဲ [၅၅]၊ အမှတ် [၀၉၁]


မြတ်ဗုဒ္ဓအဆူဆူတို့၏
အဆုံးအမ

❖ မကောင်းမှု ရှောင်၊
❖ ကောင်းမှု ဆောင်၊
❖ ဖြူအောင် စိတ်ကိုထား။

# မြန်မာ့တိုင်းရင်းဆေး ကုထုံးစနစ်နှင့် တိုင်းရင်းဆေးအစွမ်းထက်မှုအပေါ် သုတေသနဆောင်ရွက်ရန်လို အစွမ်းထက်ဆေးပင်များ ဖော်ထုတ်ပြီး မျိုးပွားရန်နှင့် စိုက်ပျိုးထုတ်လုပ်အသုံးချနိုင်ရန် ဆောင်ရွက်



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တိုင်းရင်းဆေးဝါးထုတ်လုပ်သည့် လုပ်ငန်းများက ခင်းကျင်း ပြသထားမှုများကို လှည့်လည်ကြည့်ရှုအားပေးစဉ်။
ဓာတ်ပုံ-ကျော်သူဝင်း

**နေပြည်တော် ဒီဇင်ဘာ ၂၉**

(၁၆)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေး သမားတော်များညီလာခံ ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ကျင်းပရာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက် အမှာစကားပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းဆေးသမားတော်ကြီးများ၊ တိုင်းရင်းဆေးကောင်စီနှင့် အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ ဒုတိယသမ္မတက အမှာစကားပြောကြားရာတွင် မြန်မာ့တိုင်းရင်းဆေး သမားတော်များညီလာခံကို နှစ်စဉ်ကျင်းပခဲ့သည်မှာ *စာမျက်နှာ ၃ ကော်လံ ၁* ◆

## အပိုးမဖြတ်နိုင်သည့် မြန်မာ့တိုင်းရင်းဆေးပညာဖြင့် ပြည်သူများ၏ ကျန်းမာရေးမြှင့်တင်နိုင်ခြင်းမှသည် အာဆီယံတိုင်းရင်းဆေးဈေးကွက်အထိ ထိုးဖောက်ရန် တိုင်းရင်းဆေးဆရာများ ကြိုးပမ်းသွားကြမည်

*စာမျက်နှာ-၉*

## အင်းလေးကန်တွင် လက်လုပ်ဆည်များ တည်ဆောက်မည်

*စာမျက်နှာ-၁၁*






## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# တိုင်းရင်းဆေးဖြင့် ကျန်းမာရေးမြှင့်တင်

မြန်မာ့တိုင်းရင်းဆေးသမားတော်များသည် ''နွယ်မြက်သစ်ပင် ဆေးဖက်ဝင်'' ဟူသော စကားအတိုင်း တောတောင်ရေမြေတို့၌ ရှားပါးစွာပေါက်ရောက်သော သစ်ပင်၊ ပန်းမန်တို့၏ အဖူး၊ အပွင့်၊ အခေါက်၊ အမြစ်၊ သစ်ဥ၊ သစ်ဖုတို့ရှိ သဘာဝအစွမ်းသတ္တိတို့ကို အခြေခံကာ ဆေးဝါးများအဖြစ် စီမံဖော်စပ်၍ ပြည်သူများ ကျန်းမာရေးကို တစ်ပိုင်တစ်နိုင် ကုသစောင့်ရှောက်ပေးခဲ့ရာမှ ယခုအခါ တိုင်းရင်းဆေးများ စီးပွားဖြစ်အမြောက်အမြား ထုတ်လုပ်လျက် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုအတွက် များစွာအထောက်အကူပြုလျက်ရှိသည်။

တစ်ချိန်တည်းမှာပင် အစွမ်းထက်သော တိုင်းရင်းဆေးစွမ်းကောင်းများ ဖော်ထုတ်ပြီး ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုကို မြှင့်တင်နိုင်ရန် ရည်ရွယ်လျက် တိုင်းရင်းဆေးသမားတော်များ ညီလာခံကို နှစ်စဉ်ကျင်းပလာခဲ့ရာ ယခုနှစ်ဆိုလျှင် (၁၆)နှစ်ပင် ပြည့်မြောက်ခဲ့ပြီ ဖြစ်ပါသည်။ တစ်နိုင်ငံလုံးမှ တိုင်းရင်းဆေးသမားတော်များနှင့် တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းရှင်များသည် တစ်နေရာတည်းတွင် စုဝေး၍ တိုင်းရင်းဆေးများ၏ အစွမ်းထက်အသုံးဝင်မှုအပေါ် ဆွေးနွေးခြင်း၊ နှီးနှောဖလှယ်ခြင်းတို့ဖြင့် တစ်နှစ်ထက်တစ်နှစ် တိုင်းရင်းဆေးစွမ်းကောင်းများ ပေါ်ထွက်လာလျက်ရှိသည်။ ဤသို့ တိုင်းရင်းဆေးဝါးနှင့် တိုင်းရင်းဆေးနည်းပညာများ၊ ကုထုံးများ တိုင်းရင်းဆေးညီလာခံကြီးမှတစ်ဆင့် ပေါ်ထွက်လာမှုနှင့်အတူ ပြည်သူများအနေဖြင့်လည်း တိုင်းရင်းဆေးများကို ယုံကြည်စွဲမြဲစွာ သုံးစွဲလာလျက်ရှိပါသည်။

အင်္ဂလိပ်ဆေးဝါးများ မည်မျှပင် အစွမ်းထက်စေကာမူ အိမ်တိုင်းအိမ်တိုင်းတွင် မြန်မာ့တိုင်းရင်းဆေးများကို လူးဆေး၊ လိမ်းဆေး၊ ရှူဆေးတို့အပြင် သောက်ဆေးအဖြစ်လည်း စွဲမြဲစွာ သုံးစွဲလျက်ရှိပါသည်။ အင်္ဂလိပ်ဆေးဝါးများသည် ရေရှည်စွဲသောက်လျှင် ဘေးထွက်ဆိုးကျိုးကို ခံစားကြရသည်။ တိုင်းရင်းဆေးမှာမူ ရေရှည်စွဲသောက်လေ ကျန်းမာရေးအတွက် အထောက်အကူပြုလေ ဖြစ်ပါသည်။ တိုင်းရင်းဆေးဝါးသည် ပုံမှန်သုံးစွဲရသော ဆေးဝါးအမျိုးအစားဖြစ်ပါသည်။

တိုင်းရင်းဆေးဝါးများကို နိုင်ငံတိုင်းတွင် သုံးစွဲလျက်ရှိပါသည်။ တစ်နည်းအားဖြင့် တိုင်းရင်းဆေးဝါးများသည် ခေတ်မီဆေးဝါးများ မပေါ်ပေါက်မီကပင် နိုင်ငံအသီးသီးတို့၌ သုံးစွဲနေကြခြင်းဖြစ်ပါသည်။ ရှေးအခါကလည်း သုံးစွဲနေကြသလို ယခုလည်း သုံးစွဲနေကြဆဲဖြစ်ပါသည်။ နိုင်ငံတိုင်းက တိုင်းရင်းဆေးသမားတော်များသည် မိမိနိုင်ငံ၊ မိမိလူမျိုးတို့အား တိုင်းရင်းဆေးစွမ်းကောင်းများ တီထွင်ဖော်စပ်၍ ကုသစောင့်ရှောက်မှုများကို ဆောင်ရွက်နေကြဆဲဖြစ်ပါသည်။ ထို့အတူ မြန်မာ့တိုင်းရင်းဆေးသမားတော်များကလည်း ဆေးစွမ်းကောင်းများကို ခေတ်မီနည်းပညာနှင့် ပေါင်းစပ်ကာ အကောင်းဆုံးဆေးဝါးများအဖြစ် ဖော်ထုတ်လျက် ပြည်သူ့ကျန်းမာရေးကို ထိရောက်စွာစောင့်ရှောက်ပေးလျက်ရှိပါသည်။

သို့ဖြစ်၍ ယခုကဲ့သို့ တိုင်းရင်းဆေးသမားတော်ညီလာခံကို နှစ်စဉ် ကျင်းပခြင်းဖြင့် တိုင်းရင်းဆေးညီလာခံကြီးမှတစ်ဆင့် တိုင်းရင်းဆေးသမားတော်အချင်းချင်း အတွေ့အကြုံများ ဖလှယ်ကာ တိုင်းရင်းဆေးစွမ်းကောင်းများ ပိုမိုဖော်ထုတ်လာနိုင်ပြီး တိုင်းရင်းဆေးအသုံးပြုလျက် ပြည်သူ့ကျန်းမာရေးကို ထိရောက်စွာ ပိုမိုကုသစောင့်ရှောက်မှုများ မြှင့်တင်သွားနိုင်မည်ဖြစ်ပါကြောင်း။ ။


မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်း | - | ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော် |
| သတင်းထောက်မှူး | - | မြင့်ဆွေ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |
| ကြော်ငြာ | - | ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈<br>Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈ |
| ဖြန့်ချိ | - | ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆ |


# ဒုတိယအကြိမ်သက်တမ်း ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ ပြန်လည်ရွေးချယ်မည်

**နေပြည်တော် ဒီဇင်ဘာ ၂၉**

၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေး ဥပဒေနှင့်အညီ ပထမအကြိမ် ပြည်သူ့လွှတ်တော်သက်တမ်းတွင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအား ရွေးချယ်တာဝန်ပေးအပ်ထားပြီး ဖြစ်သည်။ ယင်း ဥပဒေပုဒ်မ ၉ တွင် **''ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၏ သက်တမ်းသည် ပြည်သူ့လွှတ်တော်၏ သက်တမ်းနှင့်အညီဖြစ်သည်''** ဟု ပြဋ္ဌာန်းထားရှိသောကြောင့် လက်ရှိ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၏ သက်တမ်းသည် ၂၀၁၆ ခုနှစ် ဇန်နဝါရီလကုန်ပိုင်းတွင် သက်တမ်းကုန်ဆုံးတော့မည် ဖြစ်သည်။

ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ ရွေးချယ်တာဝန်ပေးအပ်ရာတွင် ပြည့်စုံရမည့် အရည်အချင်း သတ်မှတ်ချက်များကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေ အခန်း(၃)တွင် ဖော်ပြထားရှိပြီးဖြစ်သည့်အပြင် ပါတီနိုင်ငံရေးအသွေးအရောင် ကင်းရှင်းသည့် ပုဂ္ဂိုလ်များ ဖြစ်စေရန်အတွက်လည်း ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေပုဒ်မ ၁၀ တွင် **''ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးသည် နိုင်ငံရေးပါတီတစ်ခုခု၏ အဖွဲ့ဝင်ဖြစ်လျှင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးအဖြစ် ခန့်အပ်တာဝန်ပေးအပ်ခြင်းခံရသည့်နေ့မှစ၍ မိမိတာဝန်ထမ်းဆောင်စဉ် သက်တမ်းအတွင်းယင်းပါတီအဖွဲ့အစည်း၏ပါတီလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်းမပြုရ''** ဟု ပြဋ္ဌာန်းထားသည်။

သို့ဖြစ်၍ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအား ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သက်တမ်းနှင့်အညီ တာဝန်ပေးအပ်နိုင်ရေး ယင်းဥပဒေပါ ပြဋ္ဌာန်းချက်များအတိုင်း သတ်မှတ်အရည်အချင်းများနှင့်ကိုက်ညီသည့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအား ၂၀၁၆ ခုနှစ် ဇန်နဝါရီလအတွင်း ပြန်လည်ရွေးချယ် တာဝန်ပေးအပ်သွားမည်ဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**




# (၄၁) ကြိမ်မြောက် အာခါတိုင်းရင်းသား စုပေါင်းနှစ်သစ်ကူးပွဲတော်ကျင်းပ

**ကျိုင်းတုံ ဒီဇင်ဘာ ၂၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံမြို့နယ်တွင် (၄၁) ကြိမ်မြောက် အာခါတိုင်းရင်းသားစုပေါင်းနှစ်သစ်ကူးပွဲတော်ကို ဒီဇင်ဘာ ၂၈ ရက်က ကျိုင်းတုံမြို့ မြို့မအားကစားကွင်း၌ စည်ကားစွာ ကျင်းပခဲ့သည်။

**(အပေါ်ပုံ)**

အခမ်းအနားတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် အောင်ဇော်အေးက အာခါတိုင်းရင်းသား စုပေါင်း နှစ်သစ်ကူးပွဲတော်စကားပြောကြားပြီး အာခါတိုင်းရင်းသား ကိုယ်စားလှယ် ဦးသောင်းကျော်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ဆက်လက်၍ နှစ်သစ်ကူး အလှူငွေနှင့် လက်ဆောင်ပစ္စည်းများကို ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်၊ ရှမ်းပြည်နယ် လျှပ်စစ်ဝန်ကြီး ဦးစိုင်းရင်၊ ရှမ်းပြည်နယ် စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းလှဝင်း၊ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်ဦးအားဖာတို့က အပြန်အလှန် နှစ်သစ်ကူးလက်ဆောင်များ ပေးအပ်ခဲ့သည်။

အဆိုပါပွဲကို ၁၉၇၄ ခုနှစ်မှစတင် ကျင်းပလာရာ ယခုနှစ်တွင် (၄၁)ကြိမ်မြောက် အာခါတိုင်းရင်းသားများ စုပေါင်းနှစ်သစ်ကူးပွဲတော်အဖြစ် နှစ်ဟောင်းဖြစ်သည့် သိုးနှစ်ကုန်လွန်နှုတ်ဆက်ခြင်းနှင့် ၂၀၁၆ ခုနှစ် မျောက်နှစ် နှစ်သစ်ကိုကြိုဆိုသည့် ပွဲတော်ကြီးတစ်ခုဖြစ်သည်။

**အေးမောင်(ကျိုင်းတုံ)**

# မီးဘေးအန္တရာယ်လုံခြုံရေး လုပ်ငန်းများစတင်ဆောင်ရွက်

**နောင်ချို ဒီဇင်ဘာ ၂၉**

ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့နယ်တွင် မြို့နယ်မီးသတ်တပ်ဖွဲ့စခန်းတာဝန်ခံ ဦးသိန်းလွင်ကြီးကြပ်ကာ ဒီဇင်ဘာ ၂၉ ရက်က မီးဘေးအန္တရာယ်လုံခြုံရေးလုပ်ငန်းများ စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မီးသတ်တပ်ဖွဲ့ဝင်တို့က မြို့နယ်အတွင်း မီးလောင်မှုမဖြစ်ပွားစေရေး၊ မီးသတ်ယာဉ်များကြွခိုင်မှုဆောင်ရွက်ခြင်း၊ မီးသတ်ရေစုပ်ပိုက်များ စစ်ဆေးခြင်း၊ မီးသတ်ယာဉ်အရေးပေါ် ထွက်လမ်း၊ ဝင်လမ်းများ ကြည့်ရှုခြင်း၊ မီးသတ်ယာဉ်ဖြင့် မီးငြိမ်းသတ်သရုပ်ပြ၊ သရုပ်ပြလေ့ကျင့်မှုများပြုလုပ်ခြင်း၊ ရပ်ကွက် အရန်မီးသတ်တပ်ဖွဲ့ဝင်များအား မီးသတ်သင်တန်းများ တိုးချဲ့ဖွင့်လှစ်သင်ကြားခြင်း၊ မီးသတ်ရေသိုလှောင်ကန်များ ရေများအသင့် ဖြည့်တင်းထားခြင်းစသည့် မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

**စိုးဝင်း(နောင်ချို)**

# ကျောက်ဆည်မြို့ ဘိုးဘွားရိပ်သာတွင် အဘိုး အဘွားများအား ပူဇော်ကန်တော့

**ကျောက်ဆည် ဒီဇင်ဘာ ၂၉**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့ရှိ ရွှေစေတီဘိုးဘွားရိပ်သာ(၁၄)နှစ်ပြည့် နှစ်ပတ်လည်အခမ်းအနားနှင့် အဘိုးအဘွားများအား ပူဇော်ကန်တော့ပွဲကို ဒီဇင်ဘာ ၂၈ ရက်က အဆိုပါရိပ်သာ၌ ကျင်းပသည်။ အခမ်းအနားတွင် ရိပ်သာရှိ အဘိုး လေးဦး၊ အဘွား ၁၄ ဦးတို့ကို အဝတ်အထည်များ၊ ကျန်းမာရေးသုံးပစ္စည်းများနှင့် အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ အဆိုပါ ရွှေစေတီဘိုးဘွားရိပ်သာသို့ မည်သည့်ဒေသမှဖြစ်စေ ကျောထောက်နောက်ခံမရှိသော အဘိုးအဘွား များအား သက်ဆိုင်ရာဒေသတာဝန်ရှိသူများက ခိုင်လုံသည့်အထောက်အထားဖြင့် လာရောက်ဆက်သွယ်လာပါက လက်ခံဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရိပ်သာနာယက ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးမောင်လေးက ပြောသည်။

**သက်မောင်(ကျောက်ဆည်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း   ၂၉-၁၂-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၄၇၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၀၃၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၄၇၀၀၀ |

**စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး)**

ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၅၉၀/၆၂၀ ကျပ် |
| အောက်တိန်း ၉၂ | ၆၂၀/၆၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၇၃၀/၇၅၀ ကျပ် |
| ပရီမီယံဒီဇယ် | ၆၅၀/၆၇၀ ကျပ် |

**စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး)**

မန္တလေး

| | |
|---|---|
| ဒီဇယ် | ၆၄၀/၆၈၀ ကျပ် |
| အောက်တိန်း ၉၂ | ၇၀၀/၇၂၀ ကျပ် |
| အောက်တိန်း ၉၅ | ၈၂၀/၉၀၀ ကျပ် |
| ပရီမီယံဒီဇယ် | ၇၂၀/၇၄၀ ကျပ် |

**သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | |
|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၃၅၀၀-၅၀၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၀၀၀-၈၀၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀-၁၂၀၀၀ |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀-၂၇၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၁၀၀၀၀-၁၈၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀-၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀-၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၁၁.၀ |
| ဥရောပ | တစ်ယူရို | ၁၄၃၈.၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၃၂.၆၀ |
| ထိုင်း | တစ်ဘတ် | ၃၆.၁၈၇ |
| အိန္ဒိယ | တစ်ရူပီး | ၁၉.၈၅၆ |
| တရုတ် | တစ်ယွမ် | ၂၀၂.၄၃ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၄.၃၉ |

ခင်ရတနာ-စုစည်းသည်။

◆ ရှေ့ဖုံးမှ

ယခုနှစ်ဆိုလျှင် (၁၆)ကြိမ်မြောက် ရှိပြီဖြစ်ပါကြောင်း၊ ညီလာခံကို တစ်နှစ်တစ်ကြိမ် ကျင်းပနိုင်မှုဖြင့် ကျေနပ်တင်းတိမ် မနေကြဘဲ ညီလာခံအဆက်ဆက်၌ ခေတ်ကာလနှင့် လိုက်လျောညီထွေမှုရှိသည့် အဆိုပြုချက်၊ ထောက်ခံချက်၊ ဆွေးနွေးချက်များပြုလုပ်ပြီး ချမှတ်ပေးသည့် လုပ်ငန်းစဉ်များကို အပြည့်အဝ အကောင်အထည်ဖော်နိုင်အောင် စုပေါင်းအားထုတ်ကြရန် လိုအပ်ပါကြောင်း။

မြန်မာ့ တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်လာမှု အဆင့်ဆင့်ကို ပြန်ကြည့်မည်ဆိုပါက ၁၉၅၃ ခုနှစ်တွင် တိုင်းရင်းဆေးမြှင့်တင်ရေးရုံးကို ကျန်းမာရေးဦးစီးဌာန အောက်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ၁၉၈၉ ခုနှစ်တွင် ကျန်းမာရေးဝန်ကြီးဌာန၌ တိုင်းရင်းဆေးပညာ ဦးစီးဌာနကို သီးခြားဌာနအဖြစ် ဖွဲ့စည်းနိုင်ခဲ့ပါကြောင်း။

၁၉၇၆ ခုနှစ်တွင် တိုင်းရင်းဆေးပညာရှင်များ လေ့ကျင့်မွေးထုတ်ပေးနိုင်ရေးအတွက် မန္တလေးတိုင်းရင်းဆေးသိပ္ပံကျောင်းကို ဖွင့်လှစ်ပြီး ဒီပလိုမာအဆင့် ပညာရှင်များ မွေးထုတ်ပေးနိုင်ခဲ့ပါကြောင်း၊ ၂၀၀၀ ပြည့်နှစ်တွင် တိုင်းရင်းဆေးကောင်စီ ဥပဒေကို ပြဋ္ဌာန်းနိုင်ခဲ့ပြီး တိုင်းရင်းဆေးဆရာ(တဆ) လက်မှတ်များ ထုတ်ပေးခဲ့ပါကြောင်း၊ ထို့နောက် ၂၀၀၁ ခုနှစ်တွင် တိုင်းရင်းဆေး တက္ကသိုလ်ဖွင့်လှစ်ပြီး ဒီဂရီဘွဲ့အဆင့် ပညာရှင်များ မွေးထုတ်ပေးနိုင်ခဲ့ပါကြောင်း။

၂၀၁၄ ခုနှစ်တွင် ၁၉၉၆ ခုနှစ်က ပြဋ္ဌာန်းခဲ့သည့် တိုင်းရင်းဆေးဝါး ဥပဒေကို ပထမအကြိမ်ပြင်ဆင်ခဲ့ပြီး ယင်းဥပဒေနှင့်အညီ အမျိုးအစားနှင့် အရည်အသွေး မှန်ကန်သည့် တိုင်းရင်းဆေးဝါးများ ထုတ်လုပ်ဖြန့်ဖြူး၍ တိုင်းရင်းဆေးဝါး မှတ်ပုံတင်နှင့် ထုတ်လုပ်ရေးလိုင်စင်များကို စိစစ်ထုတ်ပေးခဲ့ပါကြောင်း။

တိုင်းရင်းဆေးပညာ ဦးစီးဌာန အနေဖြင့် ယနေ့အထိ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ခုတင် ၁၀၀ ဆံ့ တိုင်းရင်းဆေးရုံ သုံးရုံ၊ ခုတင် ၅၀ ဆံ့ ဆေးရုံ ကိုးရုံ၊ ၂၅ ခုတင်ဆံ့ ဆေးရုံ လေးရုံ၊ ၁၆ ခုတင်ဆံ့ ဆေးရုံလေးရုံ၊ ခရိုင်တိုင်းရင်းဆေး ပညာဦးစီးဌာနမှူးရုံး ၅၀ နှင့် မြို့နယ်တိုင်းရင်းဆေးကုဌာန ၂၁၀ ကို ဖွင့်လှစ်ခဲ့ပြီးဖြစ်ပါကြောင်း။



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း (၁၆)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

ဓာတ်ပုံ - ကျော်သူဝင်း(မြန်မာ့အလင်း)

သို့သော် တိုင်းရင်းဆေးဆိုင်ရာ လုပ်ဆောင်ဖွယ်ရာများစွာ ကျန်ရှိနေပါကြောင်း၊ ၎င်းတွင် မြန်မာ့တိုင်းရင်းဆေးကုထုံးစနစ်နှင့် တိုင်းရင်းဆေးဝါးများ၏ အစွမ်းထက်မြက်မှုအပေါ် သုတေသနလုပ်ငန်းများ ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း။

သုတေသနပြုသည်ဆိုသည်မှာ အထောက်အထား ခိုင်လုံအောင် ပြနိုင်ရန်ဖြစ်ရာ တိုင်းရင်းဆေးဆရာများအနေဖြင့် မိမိကုထုံးစနစ်ကို မှတ်တမ်းမှတ်ရာ သေချာစွာထားရှိပြီး ကုထုံးစနစ်၏ အားသာချက်၊ အားနည်းချက်များကို ရိုးသားစွာ မှတ်တမ်းပြုစုကြရန်လိုအပ်ပြီး ၎င်းမှတ်တမ်းမှတ်ရာများကို စနစ်တကျပြုစု၍ သက်သေအထောက်အထားများနှင့် တင်ပြနိုင်ရန်ဖြစ်ပါကြောင်း၊ တစ်ဖက်တွင်လည်း သိပ္ပံသုတေသီပညာရှင်များအနေဖြင့် သဘာဝ

**◆ သိပ္ပံသုတေသီပညာရှင်များအနေဖြင့် သဘာဝ တိုင်းရင်းဆေးဝါးများ၏ အန္တရာယ်ကင်းရှင်းမှု၊ အရည်အသွေးအဆင့်အတန်းနှင့် အာနိသင်ရှိမှုနှင့် မရှိမှုများကို သုတေသနပြုလုပ်၊**

**◆ ယင်းမှတစ်ဆင့်တက်ပြီး ဆေးဝါးဗေဒ၊ သစ်တော၊ စိုက်ပျိုးရေး၊ ဆေးပညာစသည့် နီးနွယ်သောဘာသာရပ် အသီးသီးမှ ပညာရှင်များနှင့်ပေါင်းစပ်၍ သိပ္ပံနည်းကျ သုတေသနလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်။**

တိုင်းရင်းဆေးဝါးများ၏ အန္တရာယ်ကင်းရှင်းမှု၊ အရည်အသွေး အဆင့်အတန်းနှင့် အာနိသင်ရှိမှုနှင့် မရှိမှုများကို သုတေသနပြုလုပ်ကြစေလိုပါကြောင်း၊ ယင်းမှတစ်ဆင့်တက်ပြီး ဆေးဝါးဗေဒ၊ သစ်တော၊ စိုက်ပျိုးရေး၊ ဆေးပညာစသည့် နီးနွယ်သော ဘာသာရပ်အသီးသီးမှ ပညာရှင်များနှင့် ပေါင်းစပ်၍ သိပ္ပံနည်းကျ သုတေသနလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်သွားကြစေလိုပါကြောင်း။

တစ်ချိန်တည်းတွင် မြန်မာနိုင်ငံ၏ ရေမြေတောတောင်အတွင်း ပေါက်ရောက်သည့် အစွမ်းထက်ဆေးပင်များကို ဖော်ထုတ်ထိန်းသိမ်းပြီး မျိုးပွားရန်နှင့် စိုက်ပျိုးထုတ်လုပ်အသုံးချနိုင်ရန် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတထံမှ (၁၆) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေး သမားတော်များ ညီလာခံသို့ ပေးပို့သည့် ဂုဏ်ပြုသဝဏ်လွှာကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းအောင်က ဖတ်ကြားသည်။

ယင်းနောက် ဒုတိယသမ္မတသည် အဆိုပါ အစည်းအဝေးခန်းအတွင်း၌ ခင်းကျင်းပြသထားသော တိုင်းရင်းဆေးသမားတော်များ ထုတ်လုပ်ထားသည့် တိုင်းရင်းဆေးဝါးများကို လှည့်လည်ကြည့်ရှုသည်။

ဖွင့်ပွဲအပြီးတွင် (၁၆)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းအောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ညီလာခံတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဝန်ထမ်းများနှင့် ပြင်ပတိုင်းရင်းဆေးပညာရှင်များ ပူးပေါင်း၍ စဉ်ဆက်မပြတ် တိုင်းရင်းဆေးပညာဆိုင်ရာ ဆွေးနွေးပွဲများ ဆောင်ရွက်ခြင်းဖြင့် မြန်မာ့တိုင်းရင်းဆေး ပညာရှင်များ၏ အရည်အချင်းနှင့် ဂုဏ်သိက္ခာ အဆင့်အတန်း တိုးတက်မြင့်မားလာစေရန်၊ တိမ်မြုပ်ပျောက်ကွယ်လုနီးပါးဖြစ်နေသော တိုင်းရင်းဆေးပညာရောဂါ ရှာဖွေနည်းစနစ်များအား ပြန်လည်ဖော်ထုတ်၍ လက်တွေ့အသုံးချနိုင်ရန်၊ မြန်မာ့တိုင်းရင်းဆေးပညာ၏ သမားစဉ်ကုထုံးနည်းစနစ်များနှင့် အစွမ်းထက်ဆေးဝါးများကို တိုင်းရင်းဆေးရုံနှင့် တိုင်းရင်းဆေးကု ဌာနများတွင် လက်တွေ့အသုံးချနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်၊ မိမိတို့ပတ်ဝန်းကျင်ရှိ ပရဆေးပင်များအကြောင်းကို ပြည်လူလူထုက သိရှိနားလည် အသုံးပြုလာနိုင်စေပြီး တိုင်းရင်းဆေးဖြင့် ပဏာမကျန်းမာရေး စောင့်ရှောက်မှုကို ပိုမိုတိုးတက်ဖော်ဆောင်နိုင်စေရန်၊ အရည်အသွေးစစ်မှန်သော ပရဆေးကုန်ကြမ်းပစ္စည်းများ ရရှိရေးအတွက် တစ်ပိုင်တစ်နိုင်အဆင့်မှ စီးပွားဖြစ်စိုက်ပျိုးထုတ်လုပ်နိုင်သည်အထိ ပညာပေးစည်းရုံး ဆောင်ရွက်ရန် စသည့် အဆိုပြုချက်(၅)ချက်ကို တင်သွင်းခြင်း၊ ထောက်ခံဆွေးနွေးခြင်းနှင့် ဆုံးဖြတ်ချက်ရယူခြင်းတို့ ဆောင်ရွက်ကြပြီး ဒီဇင်ဘာ ၃၀ ရက်တွင်လည်း အဆိုပါခန်းမ၌ မြန်မာ့တိုင်းရင်းဆေးပညာရှင်များ နှီးနှောဖလှယ်ပွဲကို ဆက်လက်ကျင်းပမည်ဖြစ်သည်။

ညပိုင်းတွင် (၁၆)ကြိမ်မြောက် တိုင်းရင်းဆေး သမားတော်များ ညီလာခံသို့ တက်ရောက်လာကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းဆေးသမားတော်ကြီးများအား မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

(သတင်းစဉ်)

● ကျောဖုံးမှ

လိုလားပါကြောင်း၊ ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့်လည်း ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံချစ်ကြည်ရေးကို အခြေခံ၍ ယခု ကိစ္စအပေါ် ဥပဒေနှင့်အညီ မျှမျှတတဖြစ်စေရေးအတွက် ဆက်လက်၍ ကူညီဆောင်ရွက်ပေးစေလိုကြောင်း ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။ (သတင်းစဉ်)

# ရန်ကုန်မြို့ အမျိုးသားဇာတ်ရုံ၌ သုဝဏ္ဏသာမဇာတ်တော်ကြီးအား အခမဲ့ဖျော်ဖြေမည်

**နေပြည်တော် ဒီဇင်ဘာ ၂၉**

ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက တေးသံသာများ၊ အကအလှပဒေသာယိမ်းများ၊ ရွှေတံဆိပ်ဆုများရှင် ခေါင်းဆောင်မင်းသမီး သန္တာလင်း၊ ရှေ့ထွက်မင်းသမီး ဇာနည်အောင်၊ လူရွှင်တော်အာပြဲ၊ စတားဝမ်းတူး၊ ရောင်နီ၊ ရောင်ပြန်၊ လမုန့်၊ ငွေတိုးတို့ပါဝင်သည့် "ရွှေမြန်မာအငြိမ့်"နှင့် ရွှေတံဆိပ်ဆုများရှင် မင်းသား တက္ကသိုလ် အားမာန်၊ ဇေယျာလင်း၊ သိန်းထွန်းဦး၊ မင်းသမီး ဆောင်းနှင်းဝေဝေနှင့် အနုပညာရှင်များပါဝင်သည့် သုဝဏ္ဏသာမဇာတ်တော်ကြီးတို့ဖြင့် အများပြည်သူအား ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၂ ရက် ည ၇ နာရီတွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ အခမဲ့ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ဆားလင်းကြီး၌ မျက်မမြင်များ၏အခွင့်အလမ်း တွေ့ဆုံဆွေးနွေး

**ဆားလင်းကြီး ဒီဇင်ဘာ ၂၉**

စစ်ကိုင်းတိုင်း ဒေသကြီး အတွင်းရှိ မျက်မမြင်များ၏ အခွင့်အလမ်း တွေ့ဆုံဆွေးနွေးပွဲကို ဒီဇင်ဘာ ၂၉ ရက် နံနက် ၁၀ နာရီက ဆားလင်းကြီးမြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ငွေသာခန်းမ၌ ကျင်းပသည်။

တွေ့ဆုံ ဆွေးနွေးပွဲတွင် ဆားလင်းကြီးမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်ကျော်က အမှာစကား ပြောကြားပြီး **(ယာပုံ)** ရန်ကုန်တိုင်းဒေသကြီး (မ. မ. သ) အဖွဲ့ချုပ် ဒါရိုက်တာ ဒေါ်ခွန်နူးက မျက်မမြင်များ၏ဘဝ မြှင့်တင်ပေးရန်နှင့် လူ့အသိုင်းအဝိုင်းအတွင်း တန်းတူအခွင့်အရေးရရှိစေရန် မျက်မမြင်များသည် ဥပဒေအရသော်လည်းကောင်း၊ လူ့အသိုင်းအဝိုင်းတွင်သော်လည်းကောင်း တန်းတူအခွင့်အရေး အပြည့်အဝရရှိစေရန်၊ မျက်မမြင်များသည် မိမိတို့၏ ပတ်ဝန်းကျင်နှင့် နိုင်ငံတော်အတွက် အကျိုးပြုနိုင်သူများ ဖြစ်လာစေရေး ရှေးရှုဆောင်ရွက်ရန်၊ မျက်မမြင်ဖြစ်ခြင်းမှ ကာကွယ်လျှော့ချရေး လုပ်ငန်းစဉ်များကို အားပေးဆောင်ရွက်ရန်တို့ကို ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် တွေ့ဆုံဆွေးနွေးပွဲ အခမ်းအနားသို့ တက်ရောက်လာကြသော ဆားလင်းကြီးမြို့နယ်အတွင်းမှ မျက်မမြင်များက ၎င်းတို့တွေ့ကြုံနေရသော အခက်အခဲများကို ရှင်းလင်းတင်ပြရာ တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ဦးငယ်(ဆားလင်းကြီး)



# တရုတ်၏ အကြမ်းဖက်တန်ပြန်တိုက်ဖျက်ရေးဥပဒေသစ်ကို အမေရိကန်စိုးရိမ်



အမေရိကန်သမ္မတ ဘားရက်အိုဘားမားနှင့် တရုတ်သမ္မတ ရှီကျင့်ဖျင်တို့ နိုဝင်ဘာ ၃၀ ရက်က ပါရီ အစည်းအဝေးပွဲတွင် စိုးရိမ်ဖွယ်ကောင်းသည့် ဆိုင်းငံ့ထားသော တရုတ်၏တန်ပြန်အကြမ်းဖက်နှိမ်နင်းရေးဥပဒေကို ဆွေးနွေးစဉ်။

**ဝါရှင်တန် ဒီဇင်ဘာ ၂၉**

တရုတ်နိုင်ငံ၏ တန်ပြန်အကြမ်းဖက်တိုက်ဖျက်ရေး ဥပဒေသစ်သည် လွတ်လပ်စွာဖော်ထုတ်ခွင့်ကို ထိန်းချုပ်သကဲ့သို့ ဖြစ်စေသောကြောင့် ယင်းဥပဒေသစ်အပေါ် စိုးရိမ်မကင်းဖြစ်မိကြောင်း အမေရိကန်ပြည်ထောင်စုက ဖော်ပြခဲ့သည်။

ဒီဇင်ဘာ ၂၈ ရက်က ပြုလုပ်သော စည်းဝေးပွဲတွင် အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယပြောရေးဆိုခွင့်ရှိသူ မာ့ခ်တိုနာက တန်ပြန်အကြမ်းဖက်တိုက်ဖျက်ရေး ဥပဒေသစ်ကို အတည်ပြုရာတွင် သက်ဆိုင်ရာ အာဏာပိုင်များနှင့် သတင်းအချက်အလက်များဖလှယ်ရန် အင်တာနက်နှင့် ဆက်စပ်သော ကုမ္ပဏီများ လိုအပ်ကြောင်း ရည်ညွှန်းပြောဆို ခဲ့သည်။

အမေရိကန်ပြည်ထောင်စုက တရုတ်၏ အကြမ်းဖက်တန်ပြန်တိုက်ဖျက်ရေးဥပဒေသစ် အဓိပ္ပာယ်ဖွင့်ဆိုချက် ကျယ်ပြန့်လာနိုင်ခြင်းကို စိုးရိမ်ပူပန်မိကြောင်း ၎င်းက ထပ်လောင်းပြောဆိုခဲ့သည်။ ထို့အပြင် လွတ်လပ်စွာဖော်ထုတ်ခွင့်၊ အဖွဲ့အစည်းများ၏ လွတ်လပ်ပိုင်ခွင့်၊ ငြိမ်းချမ်းစွာစုဝေးခွင့်တို့ကို တားဆီးရာရောက်နိုင်ကြောင်း ၎င်းကထပ်မံပြောဆိုခဲ့သည်။

ဒီဇင်ဘာ ၂၇ ရက်က ချမှတ်ခဲ့သော အကြမ်းဖက်တန်ပြန်တိုက်ဖျက်ရေး ဥပဒေများအရ အင်တာနက်နှင့် တယ်လီကွန်းကုမ္ပဏီများက ၎င်းတို့၏ လျှို့ဝှက်ကုတ်နံပါတ်များကို လုံခြုံရေးဆိုင်ရာ အာဏာပိုင်များသို့ပေးထားရန် လိုအပ်ကြောင်း သိရသည်။

အကြမ်းဖက်တိုက်ဖျက်ရေးနှင့် ပတ်သက်ပြီး မီဒီယာဖော်ပြချက်များလည်း ကန့်သတ်မှုများရှိလာနိုင်ကြောင်း သိရသည်။ ထို့အပြင် အစုအဖွဲ့များ သို့မဟုတ် တစ်ဦးချင်းကိုလည်း စမ်းသပ်တိုက်ခိုက်မှုပြုလုပ်ရာတွင် အသေးစိတ်အချက်အလက်များ ထောက်ပံ့ပေးခြင်းကိုလည်း တားမြစ်လိုက်ကြောင်း သိရသည်။

အမေရိကန်ပြည်ထောင်စုက အကြမ်းဖက်လုပ်ရပ်အားလုံးကို ရှုတ်ချကြောင်း မာ့ခ်တိုနာက ပြောခဲ့သည်။

ထို့အပြင် တရုတ်နိုင်ငံသည် အဆိုပါ ဥပဒေသစ်ကို အသုံးချပြီး ဝီဂါမျိုးနွယ်စုနှင့် အခြားနိုင်ငံရေးသဘောထားကွဲလွဲသူများကို ထိန်းချုပ်မှုများ ပြုလုပ်မည်ကို အမေရိကန်အစိုးရက စိုးရိမ်လျက်ရှိသည်။

(အင်န်အိတ်ချ်ကေ)

# အီရန်အရည်အသွေးနိမ့် သန့်စင်ယူရေနီယံများ ရုရှားသို့သင်္ဘောဖြင့် ပေးပို့

**ဝါရှင်တန် ဒီဇင်ဘာ ၂၉**

အီရန်မှ ရုရှားသို့ထွက်ခွာလာသော သင်္ဘောတစ်စင်းပေါ်တွင် အလေးချိန် ပေါင်၂၅၀၀၀(၁၁၀၀၀ ကီလိုဂရမ်)ရှိ အရည်အသွေးနိမ့် သန့်စင်ယူရေနီယံများ တင်ဆောင်လာကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီက ဒီဇင်ဘာ ၂၈ ရက်က ပြောကြားလိုက်သည်။

“ဒီကိစ္စမှာ အီရန်ကို နျူကလီးယားသဘောတူညီချက် တိုးတက်မှုရအောင် အထင်ရှားဆုံးဆောင်ရွက်မှုတစ်ရပ်ဖြစ်ပါတယ်” ဟု အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာန ကြေညာချက်တွင် ဖော်ပြထားသည်။

အီရန်နှင့် ကမ္ဘာ့အင်အားကြီးနိုင်ငံများ ဇူလိုင်လအတွင်းက နျူကလီးယား သဘောတူညီချက်အရ အဆင့်နိမ့်သန့်စင် ယူရေနီယံ ၃၀၀ ကီလိုဂရမ်မှလွဲ၍ အားလုံးကို ပြည်ပသို့ သင်္ဘောဖြင့်ပေးပို့ရန် လိုအပ်မည်ဖြစ်သည်။ ဒီဇင်ဘာ ၂၈ ရက်က ပေးပို့မှုသည် ယခင်နှစ်လမှ သုံးလအတွင်းပေးပို့ခဲ့သည့် ပမာဏထက် သုံးဆပိုများသည်ဟု ဆိုသည်။

(ဆင်ဟွာ)

# နိုင်ဂျီးရီးယားဗုံးခွဲတိုက်ခိုက်မှုများအတွင်း လူ ၇၀ ကျော်သေဆုံး၊ ၁၀၀ ကျော်ဒဏ်ရာရ



**လေဂို့စ် ဒီဇင်ဘာ ၂၉**

နိုင်ဂျီးရီးယားနိုင်ငံမြောက်ပိုင်း၌ ဗုံးခွဲမှုများနှင့် အသေခံတိုက်ခိုက်မှုများအတွင်း လူပေါင်း ၇၀ ကျော် သေဆုံးကာ ၁၀၀ ကျော် ဒဏ်ရာရရှိသွားကြောင်း ရဲအဖွဲ့နှင့် မျက်မြင်တွေ့ရှိသူများက ပြောသည်။

နိုင်ဂျီးရီးယား ဘိုနိုပြည်နယ်မြို့တော် မိုင်ဒူဂူရီမြို့ ဆင်ခြေဖုံးရှိ ဗလီတစ်ခုအနီး ဗုံးခွဲတိုက်ခိုက်မှုများဖြစ်ပွားပြီးနောက် လူအများအပြား သေဆုံးခဲ့ရကြောင်း နိုင်ဂျီးရီးယား ရဲအဖွဲ့က ဒီဇင်ဘာ ၂၈ ရက်က ပြောသည်။

“ကျွန်တော့်အနေနဲ့ ဒီဇင်ဘာ ၂၈ ရက်အစောပိုင်းမှာ ပေါက်ကွဲမှုတွေ ဖြစ်ခဲ့တယ်လို့ အတည်ပြုပြောကြားလိုက်ပါတယ်။ သေဆုံးသူအရေအတွက်တော့ ပြောကြားနိုင်ခြင်းမရှိသေးဘူး။ ကယ်ဆယ်ရေးအဖွဲ့တွေက ရေတွက်နေကြဆဲဖြစ်ပါတယ်” ဟု ရဲတပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူ ဗစ်တာအစ်ဆူကူက ပြောသည်။

အဆိုပါ ဗုံးခွဲတိုက်ခိုက်မှုများကြောင့် အနည်းဆုံး လူ ၂၀ မက သေဆုံးနိုင်ကြောင်း၊ သို့သော် ဆေးရုံသတင်းရပ်ကွက်က အဆိုပါဗလီမှ ရုပ်အလောင်း ၃၀ သာ လက်ခံရရှိထားကြောင်း တာဝန်ရှိသူများက ပြောသည်။ နိုင်ဂျီးရီးယား အဒါမာဝါပြည်နယ်၌ ဒီဇင်ဘာ ၂၈ ရက်က တိုက်ခိုက်မှုများကြောင့် အနည်းဆုံး ၁၇ ဦး သေဆုံးကာ အခြား ၄၅ ဦး သေဆုံးသွားခဲ့ကြောင်း ရဲအဖွဲ့က ပြောသည်။

(ဆင်ဟွာ)

# အိန္ဒိယနိုင်ငံတွင် အဆောက်အအုံပြိုကျမှုများ မကြာခဏဖြစ်ပေါ်

**နယူးဒေလီ ဒီဇင်ဘာ ၂၉**

ဒီဇင်ဘာ ၂၉ ရက် လူစည်ကားချိန်တွင် အိန္ဒိယနိုင်ငံ မွန်ဘိုင်းမြို့အနီး၌ အဆောက်အအုံတစ်လုံး ပြိုကျမှုကြောင့် လူကိုးဦး ထက်မနည်းဒဏ်ရာရရှိသွားပြီး ၁၂ဦး ပိတ်မိနေကြောင်း အကြီးတန်းရဲအရာရှိတစ်ဦးက ပြောခဲ့သည်။

နှစ်ထပ်အဆောက်အအုံတစ်လုံးသည် ဘီဝမ်ဒီဒေသတွင် ဒေသစံတော်ချိန် နံနက် ၅ နာရီခန့်က ပြိုကျမှုဖြစ်ပွားခဲ့ရာ ယခုအချိန်ထိ သေဆုံးသည့် သတင်းမရရှိသေးကြောင်း သိရသည်။ ပြိုကျအဆောက်အအုံအောက်တွင် ပိတ်မိနေသော လူများကို ကယ်တင်ရန် ကြိုးစားနေကြောင်း အကြီးတန်းရဲအရာရှိတစ်ဦးက ပြောကြားခဲ့သည်။

ဒေသတွင်း ရုပ်သံလိုင်းများက အပျက်အစီးကြားမှ လူအနည်းငယ်သာ ဆွဲထုတ်ကယ်တင်နိုင်သေးကြောင်း၊ ဆွဲထုတ်ကယ်တင်နိုင်သောလူများကို ဆေးရုံသို့ပို့ဆောင်ပေးခဲ့ကြောင်း၊ အချို့မှာ ဒဏ်ရာအပြင်းအထန်ရရှိထားကြောင်း သတင်းများတွင် ဖော်ပြခဲ့သည်။

အဆောက်အအုံပြိုကျရသည့် အကြောင်းရင်းကို သိရှိရန် စုံစမ်းမှုများပြုလုပ်နေကြောင်း တာဝန်ရှိသူများက ပြောသည်။

အိန္ဒိယအလယ်ပိုင်း ချန်ဒီဂါတွင် တည်ဆောက်ဆဲ အဆောက်အအုံပြိုကျပြီး အလုပ်သမားခြောက်ဦးသေဆုံးကာ ၁၂ ဦး ဒဏ်ရာရရှိမှုဖြစ်ပွားပြီး တစ်ရက်အကြာတွင် ယခုအဆောက်အအုံပြိုကျမှု ဖြစ်ပွားခြင်း ဖြစ်ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံတွင် အဆောက်အအုံဆောက်လုပ်သည့် အတွေ့အကြုံအားနည်းခြင်း၊ နိုင်ငံ၏ လူလတ်တန်းစား ကြီးထွားလာမှုကြောင့် တန်ဖိုးနည်းအိမ်ရာ တည်ဆောက်မှု များပြားလာခြင်း စသည့် အကြောင်းများကြောင့် ယင်းနိုင်ငံတွင် အဆောက်အအုံ ပြိုကျမှုသည် မကြာခဏဖြစ်ပွားသော ကိစ္စရပ်ဖြစ်ကြောင်း သိရသည်။ **(ဆင်ဟွာ)**



ပြိုကျသွားသောအဆောက်အအုံမှ ကလေးငယ်တစ်ဦးကို ကယ်ထုတ်လာစဉ်။

# အိုင်အက်စ်မိသားစုအဖွဲ့ဝင် ၃၀၀ ခန့် ဆီးရီးယားမြောက်ပိုင်း အယ်လ်ရက်ကွာမြို့သို့ ထွက်ပြေး

**ဒမတ်စကက် ဒီဇင်ဘာ ၂၉**

ဆီးရီးယားတပ်မတော်နှင့် အသစ်ဖွဲ့စည်းလိုက်သည့် ဆီးရီးယားဒီမိုကရက်တစ်တပ်ဖွဲ့ (အက်စ်ဒီအက်ဖ်) တို့၏ တိုက်ခိုက်မှုများကြောင့် ဆီးရီးယားမြောက်ပိုင်း မြို့တစ်မြို့မှ အိုင်အက်စ်အဖွဲ့ဝင်မိသားစု ၃၀၀ ခန့် ထွက်ပြေးသွားခဲ့ပြီဖြစ်ကြောင်း စောင့်ကြည့်ရေးအဖွဲ့တစ်ဖွဲ့က ဒီဇင်ဘာ ၂၈ ရက်က ပြောသည်။

အလက်ပိုမြို့အနီးရှိ မန်ဘီးမြို့မှ ထွက်ပြေးသွားသော အိုင်အက်စ်အဖွဲ့ဝင်များတွင် ကလေးများနှင့် အမျိုးသမီးများလည်း ပါဝင်ကြောင်း ဆီးရီးယားလူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့က ပြောသည်။

အဆိုပါ ထွက်ပြေး အိုင်အက်စ်မိသားစုများသည် ဆီးရီးယားမြောက်ပိုင်း အယ်လ်ရက်ကွာသို့ ဦးတည်ထွက်ပြေးသွားခဲ့ကြောင်း ယူကေအခြေစိုက်လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့က ပြောသည်။

အက်စ်ဒီအက်ဖ်အဖွဲ့က မန်ဘီးမြို့သွားရာလမ်းနှင့် ယူဖရေးတီးရှိ အိုင်အက်စ်ထိန်းချုပ်ဒေသများသွားရာလမ်းများကို အဆက်အသွယ်ဖြတ်တောက်ခဲ့ပြီးနောက် အိုင်အက်စ်မိသားစုဝင်များ အစုအပြုံလိုက် ထွက်ခွာသွားခဲ့ကြသည်။

အနောက်အုပ်စု ကျောထောက်နောက်ခံ အက်စ်ဒီအက်ဖ်အဖွဲ့သည် ဆီးရီးယားမြောက်ပိုင်းတွင် အိုင်အက်စ်တို့အား ချေမှုန်းရေးတိုးတက်မှုရရှိလာပြီး အိုင်အက်စ်တို့ ဘေးလွတ်ရာသို့ ထွက်ပြေးခဲ့ရသည်ဟု ဆိုသည်။ **(ဆင်ဟွာ)**

# (၁၆)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံ ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၂၉

**ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန (၁၆)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံ နံနက်ပိုင်းအစီအစဉ်ကို ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန(၂)၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းအောင် တက်ရောက် အားပေးသည်။**

ညီလာခံ နံနက်ပိုင်းအစီအစဉ်တွင် သဘာပတိအဖြစ် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်က ဆောင်ရွက်ပြီး သဘာပတိ အဖွဲ့ဝင်များအဖြစ် တိုင်းရင်းဆေးပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရီရီမြင့်၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်းမှ တိုင်းရင်းဆေးသမားတော်ကြီးများ ဖြစ်ကြသော ဦးမောင်ညဏ်၊ ဦးသန်းညွှန့်နှင့် ဦးပေါ်ညိမ်းတို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ သဘာပတိ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်က အမှာစကား ပြောကြားသည်။ ယင်းနောက် ညီလာခံ အဆိုပြုချက်များဖြစ်သော **တိုင်းဒေသကြီး ပြည်နယ်များတွင် ဝန်ထမ်းများနှင့် ပြင်ပတိုင်းရင်းဆေးပညာရှင်များပူးပေါင်း၍ စဉ်ဆက်မပြတ် တိုင်းရင်းဆေးပညာဆိုင်ရာ ဆွေးနွေးပွဲများ ဆောင်ရွက်ခြင်းဖြင့် မြန်မာ့တိုင်းရင်းဆေးပညာရှင်များ၏ အရည်အချင်းနှင့် ဂုဏ်သိက္ခာအဆင့်အတန်း တိုးတက်မြင့်မားလာစေရန်၊ တိမ်မြုပ်ပျောက်ကွယ်လုနီးပါး ဖြစ်နေသော တိုင်းရင်းဆေးပညာရောဂါရှာဖွေနည်းစနစ်များအား ပြန်လည်ဖော်ထုတ်၍ လက်တွေ့အသုံးချနိုင်ရေးကြိုးပမ်းဆောင်ရွက်ရန်၊ မြန်မာ့တိုင်းရင်းဆေးပညာ၏ သမားစဉ်ကုထုံးနည်းစနစ်များနှင့် အစွမ်းထက်ဆေးဝါးများကို တိုင်းရင်းဆေးရုံ၊ တိုင်းရင်းဆေးကုသ ဌာနများတွင် လက်တွေ့အသုံးချနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်** စသည့် အဆို(၃)ရပ်ကို ညီလာခံကိုယ်စားလှယ်များက အဆိုတင်သွင်းခြင်းနှင့် ထောက်ခံဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြရာ သဘာပတိက ပြန်လည်သုံးသပ်ဆွေးနွေးသည်။

ညီလာခံ နေ့လယ်ပိုင်းအစီအစဉ်တွင် သဘာပတိအဖြစ် တိုင်းရင်းဆေးပညာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရီရီမြင့်က ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် တိုင်းရင်းဆေးကောင်စီဝင် ဦးသန်းထွန်းနှင့် ဦးဝင်းကို၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်းမှ ဦးဝထွန်းနှင့် ဦးထင်ကျော်တို့က ဆောင်ရွက်ကြပြီး အဆိုပြုချက်(၂)ရပ်ဖြစ်သော **မိမိတို့ပတ်ဝန်းကျင်ရှိ ပရဆေးပင်များအကြောင်းကို ပြည်သူလူထုက သိရှိနားလည် အသုံးပြုလာနိုင်စေပြီး တိုင်းရင်းဆေးဖြင့် ပဏာမကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုတိုးတက် ဖော်ဆောင်နိုင်စေရန်၊ အရည်အသွေးစစ်မှန်သော ပရဆေးကုန်ကြမ်းပစ္စည်းများ ရရှိရေးအတွက် တစ်ပိုင်တစ်နိုင်အဆင့်မှ စီးပွားဖြစ်စိုက်ပျိုးထုတ်လုပ်နိုင်သည် အထိ ပညာပေး စည်းရုံးဆောင်ရွက်ရန်** စသည့် အဆို(၂)ရပ်ကို ညီလာခံကိုယ်စားလှယ်များက အဆိုတင်သွင်းခြင်းနှင့် ထောက်ခံဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

ထို့နောက် သဘာပတိက ညီလာခံမှချမှတ်သည့် ဆုံးဖြတ်ချက်များအား ညီလာခံကိုယ်စားလှယ်များထံမှ ဆန္ဒရယူခဲ့ပြီး အဆိုပြုချက်များအား မှတ်တမ်းတင်အတည်ပြုသည်။ ယင်းနောက် သဘာပတိ တိုင်းရင်းဆေးပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရီရီမြင့်က အမှာစကားပြောကြားကာ (၁၆)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံကို ညနေပိုင်းတွင် အောင်မြင်စွာကျင်းပပြီးစီးခဲ့ပြီး မြန်မာ့တိုင်းရင်းဆေးသမားတော်များ နှီးနှောဖလှယ်ပွဲကို ဒီဇင်ဘာ ၃၀ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



ဘာသာပေါင်းစုံ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးနှင့် ခရစ္စမတ်ပွဲတော် ငြိမ်းချမ်းရေးဆုတောင်းပွဲကို ဒီဇင်ဘာ ၂၉ ရက်က ရန်ကုန်မြို့ သန်လျင်မြို့နယ် အမှတ် ၂၀ ပြည်တော်သာလမ်း သန်လျင်မက်သဒစ်အသင်းတော် သာသနာဝင်း၌ ကျင်းပစဉ်။ သက်ခိုင်(သန်လျင်)

# ကော်မရှင်ဂုဏ်ပြုလွှာပေးအပ်ပွဲ ကျင်းပ

**ဗဟန်း ဒီဇင်ဘာ ၂၉**

ရန်ကုန် အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ် ရွေးကောက်ပွဲကော်မရှင်၏ မြို့နယ်/ရပ်ကွက် ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်တွင် ပါဝင်သူများ မဲရုံမှူး၊ ဒုမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲကို ဒီဇင်ဘာ ၂၈ ရက်က ကျောက်ဆည်မွှာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် ဗဟန်းမြို့နယ် အုပ်ချုပ်ရေးမှူးနှင့် ဗဟန်းမြို့နယ် ကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းနိုင်တို့က အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူးက ကော်မရှင်အဖွဲ့ဝင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌက ရပ်ကွက်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **သန္တာမေ**

# ၂၀၁၆ ခုနှစ်၊ (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့ ဦးတည်ချက်များ

၁။ ပြည်ထောင်စုတိုင်းရင်းသားအားလုံး ပြည်ထောင်စုကြီးအတွင်း၌ ဥမကွဲ၊ သိုက်မပျက်အတူတကွ ရာသက်ပန်ပူးပေါင်းနေထိုင်ရေး၊

၂။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်းကာကွယ်ရေး၊

၃။ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်နှင့်အတူ ထာဝရငြိမ်းချမ်းရေးရရှိရန် ကြိုးပမ်းဆောင်ရွက်ရေး၊

၄။ ခေတ်မီဖွံ့ဖြိုးတိုးတက်သောစည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကို ပြည်သူ့စွမ်းအားဖြင့် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ရေး၊

# သံအမတ်ကြီး ဦးသာအောင်ညွှန့် ခန့်အပ်လွှာပေးအပ်

**နေပြည်တော် ဒီဇင်ဘာ ၃၀**

မောရစ်ရှပ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးသာအောင်ညွှန့်သည် ၎င်း၏ခန့်အပ်လွှာကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၁၆ ရက်တွင် ပေါ့(ထ်)လူးဝစ်မြို့၌ မောရစ်ရှပ်သမ္မတနိုင်ငံ သမ္မတ မစ္စစ် အမီနာ ဂူရစ်ဘ်-ဖာကမ်ထံပေးအပ်ခဲ့ပြီးဖြစ်သည်။ **(သတင်းစဉ်)**

# သတိပေးနှိုးဆော်ချက်

(၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို ၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့ နံနက် ၃ နာရီခွဲ အချိန်မှစတင်၍ ပြည်သူ့ရင်ပြင်၌ ကျင်းပမည်ဖြစ်ရာ အခမ်းအနားကျင်းပစဉ်အတွင်း ပြည်လမ်းကို ခေတ္တပိတ်ထားမည်ဖြစ်သဖြင့် ပြည်လမ်းအတိုင်း မြောက်မှ တောင်ဘက်သို့ မောင်းနှင်လာသောယာဉ်များသည် မြေနီကုန်းမီးပွိုင့်တွင် ညာဘက်သို့ ချိုးကွေ့၍ အောက်ကြည့်မြင်တိုင်လမ်းသို့ လည်းကောင်း၊ ပြည်လမ်းအတိုင်း တောင် မှ မြောက်သို့ မောင်းနှင်လာသော ယာဉ်များသည် ပြည်ထောင်စုရိပ်သာလမ်းဘက်သို့ ချိုးကွေ့၍ ဗဟိုလမ်း၊ အလုံလမ်းမှတစ်ဆင့် အောက်ကြည့်မြင်တိုင်လမ်းသို့လည်းကောင်း ဆက်လက်မောင်းနှင်ရန်ကြိုတင်သတိပေး နှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

# အလုံမြို့နယ် သခင်မြပန်းခြံရှေ့တွင် လမ်းဖြတ်ကူးသူနှစ်ဦးအား ယာဉ်တိုက်မှုဖြစ်

**ရန်ကုန် ဒီဇင်ဘာ ၂၉**

ရန်ကုန်မြို့ အလုံမြို့နယ် ကမ်းနားလမ်းအတိုင်း မြောက်မှ တောင်သို့ ယာဉ်မောင်း ချစ်ကိုကို (၃၀ နှစ်) (၈)ရပ်ကွက် ပုဇွန်တောင်မြို့နယ်နေသူ မောင်းနှင်လာသော 2C/ ---- ASSISTA ကိုယ်ပိုင်ယာဉ်သည် ဒီဇင်ဘာ ၂၉ ရက် မွန်းလွဲ ၁၂ နာရီခွဲခန့်က သခင်မြပန်းခြံရှေ့အရောက် အရှေ့မှ အနောက်သို့ လမ်းဖြတ်ကူးသူ ကိုတင့်နိုင်လွင်(၄၅နှစ်)နှင့် ဒေါ်တင်တင် ဝင်း (၄၅ နှစ်) အောင်မေတ္တာရပ်ကွက် သန်လျင်မြို့နယ်နေသူတို့အား တိုက်မိသဖြင့် ယာဉ်မှာ ရှေ့လေကာမှန်နှင့် နောက်ကြည့်မှန်တို့ ပျက်စီးသွားပြီး **(အောက်ပုံ)** ယာဉ်တိုက်ခံရသူ ကိုတင့်နိုင်လွင်နှင့် ဒေါ်တင်တင်ဝင်းတို့တွင် ဒဏ်ရာများရရှိကာ ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ဆေးကုသမှုခံယူနေပြီး ယာဉ်မဆင်မခြင် မောင်းနှင်သူ ယာဉ်မောင်းအား အလုံမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားရှိကြောင်း သိရသည်။

**တင်မောင်ဦး(အလုံ)**




နိုင်ငံတကာသတင်း

# အမျိုးသားသတင်းထောက် ကျင့်ဝတ်ဆိုင်ရာကော်မတီအား တရုတ်ဖွဲ့စည်း

ဘာသာပြန် စိန်ရင်

**ပေကျင်း ဒီဇင်ဘာ ၂၉**

သတင်းထောက်များ၏ ကျင့်ဝတ်ပိုင်းဆိုင်ရာဖောက်ဖျက်မှုများအား စုံစမ်းစစ်ဆေးရန် အမျိုးသားသတင်းထောက် ကျင့်ဝတ်ဆိုင်ရာကော်မတီတစ်ရပ်ကို တရုတ်ပြည်လုံးဆိုင်ရာသတင်းထောက်များအသင်းက ပေကျင်းတွင် ဒီဇင်ဘာ ၂၉ ရက်က ဖွဲ့စည်းလိုက်သည်။

တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီပြည်သူ့ရေးရာဌာနနှင့် တရုတ်ပြည်လုံးဆိုင်ရာ သတင်းထောက်များအသင်းတို့၏ ကြေညာချက်များတွင် အဆိုပါအဖွဲ့အစည်းမျိုးလိုအပ်သည်ဟု ဖော်ပြထားသည့်အတိုင်း ပြည်နယ်အဆင့် ဒေသအားလုံးနီးပါးတွင် အဆိုပါကော်မတီများ တည်ထောင်ဖွဲ့စည်းပြီးဖြစ်သည်။

အဆိုပါ ကော်မတီအနေဖြင့် သတင်းထောက်ဆိုင်ရာကျင့်ဝတ်များ ဖွံ့ဖြိုးစေရန်နှင့် ကျင့်ဝတ်ချိုးဖောက်သူများအား ဖော်ထုတ်ပြီး ပွင့်လင်းစွာ တောင်းပန်ရန် တောင်းဆိုခြင်းတို့အား သမားရိုးကျမီဒီယာနှင့် မီဒီယာသစ်အပိုင်းတို့တွင် ကြီးကြပ်ဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါ ကော်မတီအဆင့်ဆင့်အနေဖြင့် ဆက်စပ်အာဏာပိုင် အဖွဲ့အစည်းများ၊ ဗဟိုအမျိုးသားသတင်းထောက်ကျင့်ဝတ်ကော်မတီတို့နှင့် ပူးပေါင်းဆောင်ရွက်သွားကြရန် တရုတ်ပြည်လုံးဆိုင်ရာ သတင်းထောက်များအသင်းက ဆော်ဩလိုက်သည်။ **(ဆင်ဟွာ)**


# မြန်မာ့ပင်လယ်ပြင် လှိုင်းအသင့်အတင့်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၂၉**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

# ပြင်ဆင်ဖတ်ရှုပါရန်

ဒီဇင်ဘာ ၂၉ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၅ ၌ ဖော်ပြပါရှိသော လွတ်လပ်ရေးနေ့အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲသတင်း၏ ပုံစာအညွှန်းတွင် ဒုတိယဝန်ကြီး ဦးအောင်သိမ်း **(အစား)** ဓာတ်ပုံအသင်းဥက္ကဋ္ဌ ဦးထင်လင်းဟု ပြင်ဆင်ဖတ်ရှုပါရန်။

**(စာတည်းအဖွဲ့)**

# ဥပဒေအတွေး ရေးပါရစေ (အပိုင်း-၁)

ဦးဟန်ညွန့် (ဥပဒေ)



**ဥပဒေဆိုရိုးစကား**

"တရားဥပဒေကို မသိ၍ ကျူးလွန်မိပါသည်ဟု ထုချေမှုကို ခွင့်လွှတ်၍ မရ" ဟု ဥပဒေဆိုရိုးစကားရှိပါသည်။ ထို့ကြောင့်တရားဥပဒေကို သိအောင် နားလည်အောင် ကြိုးစားကြရပေမည်။ ဥပဒေပညာရှင်ပမာ မြင့်မားသော တတ်သိပညာရှင် မဖြစ်သေးသည့်တိုင် ဥပဒေအတွေး၊ ဥပဒေအမြင်၊ ဥပဒေ အသိရှိဖို့၊ ဥပဒေကို စောင့်ထိန်းဖို့တော့ လေ့လာအပ်ပေသည်။

**ပြဋ္ဌာန်းဥပဒေများ**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ပြဋ္ဌာန်းခဲ့သော ဥပဒေများ အကြောင်း တစေ့တစောင်းလေ့လာအပ်သည်။ ပြဋ္ဌာန်းခြင်းနှင့်အတူ ရုပ်သိမ်းခြင်း၊ ပြင်ဆင်ခြင်း၊ အသစ်ရေးဆွဲခြင်းများလည်းရှိသည်။ ခေတ်နှင့်အညီ ဆောင်ရွက်သည်။ ဤမူသဘောကို သိနားလည်မှသာ တရားဥပဒေသည် သစ်လွင်သည်။ ခေတ်မီသည်။ ပြည်သူ့အကျိုးဖော်ဆောင်သည်။

**အခြေခံဥပဒေများ**

၁၉၄၈ ဇန်နဝါရီ ၄ ရက်တွင် မြန်မာနိုင်ငံလွတ်လပ်ရေးရသည်။ ၁၉၄၇ ခုနှစ်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ပြဋ္ဌာန်းသည်။ အမြင့်ဆုံး တရားရုံးသည် တရားလွှတ်တော်ချုပ်(Supreme Court)ဖြစ်သည်။ ၁၉၅၄ နှစ်ကုန်အထိ တည်ဆဲဥပဒေများကို မြန်မာနိုင်ငံကိုဓဥပဒေ ၁၃ တွဲ(Burma- code in 13 Volumes) စုစည်းပုံနှိပ်သည်။ တရားစီရင်ရေးစနစ်သည် တစ်ဦးထိုင်စနစ်ဖြစ်ခဲ့သည်။

**တော်လှန်ရေးကောင်စီခေတ်**

၁၉၆၂ မတ်လ ၂ ရက်နေ့တွင် တော်လှန်ရေးကောင်စီတက်ရောက်သည်။ ဥပဒေအချို့ကိုရုပ်သိမ်းသည်။ ပြင်ဆင်သည်။ ဆိုရှယ်လစ်စနစ်ကျင့်သုံးသည်။ ဆိုရှယ်လစ်စနစ်ကို အထောက်အကူပြုသော ဥပဒေများ ပြဋ္ဌာန်းသည်။ အထူးရာဇဝတ်ရုံးဖွဲ့စည်းသည်။ ၁၉၇၂ ဩဂုတ်လတွင် တစ်ဦးထိုင် တရားစီရင်ရေးစနစ် ရပ်စဲသည်။ ပြည်သူ့ကိုယ်စားလှယ်များ ပါဝင်ဖွဲ့စည်းသည့် သုံးဦးထိုင်တရားရုံးများ (ပြည်သူ့တရားစီရင်ရေးစနစ်) ပြောင်းလဲကျင့်သုံးခဲ့သည်။

**မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်**

၁၉၇၄မှ ၁၉၈၈ ခုနှစ်အထိ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်ဖြစ်သည်။ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းသည်။ ပြည်သူ့လွှတ်တော်ဥပဒေ၊ နိုင်ငံတော်ကောင်စီဥပဒေ၊ ဝန်ကြီးအဖွဲ့ဥပဒေ၊ ပြည်သူ့တရားသူကြီးအဖွဲ့ဥပဒေ၊ ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့ဥပဒေ၊ ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့ဥပဒေ၊ ပြည်သူ့ကောင်စီအဆင့်ဆင့်ဥပဒေများ ပြဋ္ဌာန်းသည်။ ပြည်သူ့ကိုယ်စားလှယ်သုံးဦးပါဝင်သော တရားစီရင်ရေးစနစ်ကျင့်သုံးသည်။ တရားရေးဝန်ထမ်းများ၏ ဥပဒေအကြံဉာဏ်တောင်းခံသည်။

**တပ်မတော်အစိုးရခေတ်**

၁၉၈၈ တွင် တပ်မတော်က နိုင်ငံတော်အာဏာရယူခဲ့သည်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ကို ဖွဲ့စည်းသည်။ ၁၉၈၈ တရားစီရင်ရေးဥပဒေပြဋ္ဌာန်းသည်။ တရားရုံးချုပ်ကို တည်ထောင်သည်။ ၁၉၈၈ ရှေ့နေချုပ်ဥပဒေပြဋ္ဌာန်းပြီး ရှေ့နေချုပ်ရုံးများ တည်ထောင်သည်။ အဖွဲ့တရားစီရင်ရေးစနစ်မှ တစ်ဦးတည်း တရားစီရင်ရေးစနစ်သို့ ပြန်လည်ကျင့်သုံးသည်။ ၁၉၉၇ ခုနှစ်တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကို ဖွဲ့စည်းသည်။ ဈေးကွက်စီးပွားရေးစနစ်ကို ရှေးရှုသော ဥပဒေများ ပြဋ္ဌာန်းခဲ့သည်။

**၂၀၀၈ ဖွဲ့စည်းပုံခေတ်**

၂၀၀၈ ခုနှစ်တွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပသည်။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြဋ္ဌာန်းသည်။ ၂၀၁၀ ပြည့်နှစ်တွင်အထွေထွေရွေးကောက်ပွဲကျင်းပသည်။ အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ ပြည်ထောင်စုလွှတ်တော် ပေါ်ထွန်းခဲ့သည်။ တိုင်းဒေသကြီးလွှတ်တော်နှင့် ပြည်နယ်လွှတ်တော်အဆင့်ဆင့်များလည်း ပေါ်ထွန်းလာသည်။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်ထောင်စုတရားစီရင်ရေးဥပဒေများနှင့်အညီ တရားရုံးများဖွဲ့စည်းခဲ့သည်။

> "ဥပဒေပညာရှင်ပမာ မြင့်မားသော တတ်သိပညာရှင် မဖြစ်သေးသည့်တိုင် ဥပဒေအတွေး၊ ဥပဒေအမြင်၊ ဥပဒေ အသိရှိဖို့၊ ဥပဒေကို စောင့်ထိန်းဖို့တော့ လေ့လာအပ်ပေသည် "

**ဥပဒေ၏ ပင်ရင်းအခြေအမြစ်**

ဥပဒေ၏ ပင်ရင်းအခြေအမြစ်များကို အောက်ပါအတိုင်းပိုင်းခြားနိုင်သည်-

၁။ ဥပဒေပြုခြင်း(Legislation)
၂။ စီရင်ထုံး(Precedent)
၃။ ဓလေ့ထုံးတမ်း(Custom)
၄။ သဘောတူညီချက်(Agreement)

**ဥပဒေပြုရေး (Legislation)**

ဥပဒေပြုရေးမဏ္ဍိုင်သည်နိုင်ငံတော်တွင်အရေးပါသောမဏ္ဍိုင်တစ်ရပ်ဖြစ်သည်။ ဥပဒေပြုပြီး နိုင်ငံတော်အတွင်း ပြည်သူများအတွက်ဆောင်ရွက်ရသည်။ ပြဋ္ဌာန်းသော ဥပဒေများကို ပြည်သူသိအောင်၊ လိုက်နာအောင်ကြိုးပမ်းရသည်။ အဆင့်ဆင့်ဥပဒေပြုခြင်းလုပ်ပိုင်ခွင့်ကို အပ်နှင်းရသေးသည်။ ခေတ်နှင့်မညီသော ဥပဒေများကို ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်း၊ ရုပ်သိမ်းခြင်းပြုရသည်။

**ပါလီမန်ကာလဥပဒေ**

လွတ်လပ်ရေးမရမီနှင့်ရပြီး ပါလီမန်ကာလမြန်မာနိုင်ငံတွင် ဥပဒေအတွဲ (၁) မှ (၁၃) အထိရှိပါသည်။ ၃၁-၁၂-၁၉၅၄ အထိဖြစ်ပါသည်။ ပြဋ္ဌာန်းဥပဒေ ၄၃၅၊ ရုပ်သိမ်းပြီး ၂၅၆၊ တည်ဆဲ ၁၇၉၊ မူရင်းဥပဒေ ၁၇၈၊ ပြင်ဆင် ၁ ဖြစ်သည်။

**လွတ်လပ်ရေးရပြီး ပါလီမန်**

လွတ်လပ်ရေးရပြီး ပါလီမန်ကာလတွင် (၁၉၅၅ မှ ၁-၃-၁၉၆၂အထိ ) ပြဋ္ဌာန်းဥပဒေ ၃၃၄၊ ရုပ်သိမ်းပြီး ၁၉၆၊ တည်ဆဲ ၁၃၈၊ မူရင်း ၅၃၊ ပြင်ဆင် ၈၅ ဖြစ်သည်။

**တော်လှန်ရေးကောင်စီကာလ**

တော်လှန်ရေးကောင်စီကာလတွင် ပြဋ္ဌာန်းဥပဒေ ၁၈၂၊ ရုပ်သိမ်းဥပဒေ ၉၀၊ တည်ဆဲ ၉၂၊ မူရင်း ၇၀၊ ပြင်ဆင် ၂၂ ဖြစ်သည်။

**ပြည်သူ့လွှတ်တော်ကာလ**

ပြည်သူ့လွှတ်တော်ကာလ (၂-၃-၁၉၇၄ မှ ၁၇-၉-၁၉၈၈ အထိ) ပြဋ္ဌာန်းဥပဒေ ၁၂၅၊ ရုပ်သိမ်းဥပဒေ ၄၆၊ တည်ဆဲဥပဒေ ၇၉၊ မူရင်း ဥပဒေ ၅၇၊ ပြင်ဆင်ဥပဒေ ၂၂ ဖြစ်သည်။

**နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ကာလ**

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ကာလ(၁၈-၉-၁၉၈၈ မှ ၁၄-၁၁-၁၉၉၇ အထိ)ပြဋ္ဌာန်းဥပဒေ ၁၃၉၊ ရုပ်သိမ်းဥပဒေ ၂၈၊ တည်ဆဲဥပဒေ ၁၁၁၊ မူရင်းဥပဒေ ၇၇၊ ပြင်ဆင်ဥပဒေ ၃၄ ဖြစ်သည်။

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီကာလ**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကာလ (၁၅-၁၁- ၁၉၉၇ မှ ၃၀-၃-၂၀၁၁ အထိ) ပြဋ္ဌာန်းဥပဒေ ၁၄၁၊ ရုပ်သိမ်း ဥပဒေ ၁၃၊ တည်ဆဲဥပဒေ ၁၂၈၊ မူရင်းဥပဒေ ၈၆၊ ပြင်ဆင်ဥပဒေ ၄၂ ဖြစ်သည်။

**ပြည်ထောင်စုလွှတ်တော်ကာလ**

ပြည်ထောင်စုလွှတ်တော်ကာလ (၃၁-၃-၂၀၁၁ မှ ၃၁-၁၂-၂၀၁၁ အထိ) ပြဋ္ဌာန်းဥပဒေ ၁၅၊ ရုပ်သိမ်းဥပဒေ ၁၊ တည်ဆဲဥပဒေ ၁၄၊ မူရင်းဥပဒေ ၆၊ ပြင်ဆင်ဥပဒေ ၈ ဖြစ်သည်။ (၁-၁-၂၀၁၂ မှ ၃၁-၁၂-၂၀၁၂ အထိ) ကာလတွင် ပြဋ္ဌာန်းဥပဒေ ၂၄၊ ရုပ်သိမ်းမရှိ၊ တည်ဆဲဥပဒေ ၂၄၊ မူရင်းဥပဒေ ၂၂၊ ပြင်ဆင် ဥပဒေ ၂ ဖြစ်သည်။

(၁-၁-၂၀၁၃ မှ ၃၁-၁၂-၂၀၁၃ အထိ)ကာလတွင် ပြဋ္ဌာန်းဥပဒေ ၃၇၊ ရုပ်သိမ်းမရှိ၊ တည်ဆဲဥပဒေ ၃၇၊ မူရင်းဥပဒေ ၂၂၊ ပြင်ဆင်ဥပဒေ ၁၅ ဖြစ်သည်။

(၁-၁-၂၀၁၄ မှ ၃၁-၁၂-၂၀၁၄အထိ) ကာလတွင် ပြဋ္ဌာန်းဥပဒေ ၅၇၊ ရုပ်သိမ်းမရှိ၊ တည်ဆဲဥပဒေ ၅၇၊ မူရင်းဥပဒေ ၃၀၊ ပြင်ဆင်ဥပဒေ ၂၇ ဖြစ်သည်။ (၁-၁-၂၀၁၅ မှ ၁၇-၃-၂၀၁၅ အထိ) ကာလတွင် ပြဋ္ဌာန်းဥပဒေ ၁၄၊ ရုပ်သိမ်းမရှိ၊ တည်ဆဲဥပဒေ ၁၄၊ မူရင်းဥပဒေ ၆၊ ပြင်ဆင်ဥပဒေ ၈ ဖြစ်သည်။ နောက်ပိုင်းကာလများတွင်လည်း ဆက်လက်ဆောင်ရွက်ဆဲ ဥပဒေများ၊ ဥပဒေကြမ်းများရှိပေသည်။

**အမျိုးသားလွှတ်တော်နှင့်ဥပဒေကြမ်း**

ပထမအကြိမ်အမျိုးသားလွှတ်တော် (၁၃) ကြိမ်မြောက်ပုံမှန်အစည်းအဝေးတွင် **"၁၉၄၉ ခုနှစ် ပြည့်တန်ဆာနှိပ်ကွပ်ရေးအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ ယခုကျင့်သုံးနေသည့် အက်ဥပဒေသည် ခေတ်စနစ်နှင့်လျော်ညီခြင်းမရှိသည့်အတွက် ပြည့်တန်ဆာလုပ်ငန်းကို ခေတ်စနစ်နှင့်ကိုက်ညီသည့် ဥပဒေအသစ်ရေးဆွဲဆောင်ရွက်သင့်ပါကြောင်း ဆွေးနွေးခဲ့သည်။ လွှတ်တော်ဥပဒေကြမ်းကော်မတီ၌ ပြန်လည်ကြားနာရန် ဆုံးဖြတ်ခဲ့သည်။

**"နည်းပညာနှင့်သက်မွေးပညာရေးဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ နည်းပညာနှင့်သက်မွေးပညာကို ပညာရပ်ပိုင်းဆိုင်ရာကျောင်း၊ ကောလိပ်၊ တက္ကသိုလ်များတွင် အဓိကထားသင်ကြားခဲ့သော်လည်း ပြည်သူအများစုသည် စိုက်ပျိုးမွေးမြူရေးတွင် မိရိုးဖလာနည်းမှ မထွက်နိုင်သေးကြောင်း၊ ဥပဒေကြမ်းတွင် လိုအပ်သောစာပိုဒ်ဖြည့်သင့်ကြောင်း ဆွေးနွေးခဲ့သည်။

*(ဆက်လက်ဖော်ပြပါမည်။)*

---

## ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ချောင်းဆုံ ဒီဇင်ဘာ ၂၉**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ချောင်းဆုံမြို့နယ်၌ ဆောင်ရွက်လျက်ရှိသော ကညော်-ကော့မုပွန်(ကျွန်းသာယာဆိပ်ကမ်း)ကတ္တရာလမ်းဆောင်ရွက်နေမှုကို ဒီဇင်ဘာလ စတုတ္ထပတ် မွန်ပြည်နယ်ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး (နည်းပညာ) ခရိုင်ဦးစီးမှူးနှင့်အတူ မြို့နယ်ဦးစီးမှူးတို့သည် သတ်မှတ်ချိန်အတွင်း စံချိန်စံညွှန်း ပြည့်ဝစွာ ဆောင်ရွက်နိုင်ရေးအတွက် ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

## တံတားဦးမြို့နယ်၌ ရောမင်း စံပြကွက်ရိတ်သိမ်း

**တံတားဦး ဒီဇင်ဘာ ၂၉**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် တံတားဦးမြို့နယ်၏ ၂၀၁၅-၂၀၁၆ခုနှစ်မိုးစပါး(ရောမင်း) GAP စံပြကွက်စံကွက်ရိတ်သိမ်းခြင်းကို ဒီဇင်ဘာ ၂၉ ရက်က မြင်စိုင်းကျေးရွာကွင်းအမှတ် (၁၄၄၄) လယ်ကွက်၌ ကျင်းပရာ ကျောက်ဆည်ခရိုင်အုပ်ချုပ်ရေးမှူးဦးမြင့်နိုင်နှင့် တာဝန်ရှိသူများ တက်ရောက်အားပေးကြသည်။

စံကွက်ရိတ်သိမ်းရာ တစ်ဧကစပါးအစိုအထွက်နှုန်း ၁၁၁ ဒသမ ၂၅ တင်းထွက်ရှိပြီး စပါးအခြောက်တစ်ဧက တင်း ၁၀၆ ဒသမ ၈၀ ထွက်ရှိကြောင်း သိရသည်။

**ရဲတင့် (ပြန်/ဆက်)**

---

## ရန်ကုန်အရှေ့ပိုင်းခရိုင် (၁၄) မြို့နယ် ကလေးပြိုင်ပွဲနှင့် သားကောင်းမိခင်ပြိုင်ပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၉**

(၆၈) နှစ်မြောက်လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကလေးပြိုင်ပွဲနှင့် သားကောင်းမိခင်ပြိုင်ပွဲကို ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့က ကြီးမှူး၍ ဒီဇင်ဘာ ၂၉ ရက်က သယ်န်းကျွန်းမြို့နယ် ခန်းမဆောင်၌ ကျင်းပရာ ခရိုင် အတွင်းရှိ ၁၄ မြို့နယ်မှ မြို့နယ် အဆင့်ပြိုင်ပွဲဆုရ အဆင့်သုံးဆင့်မှ ကလေးငယ် ၁၂၆ ဦးနှင့် မိခင်များ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ အဆိုပါပြိုင်ပွဲတွင် ခရိုင်ဆရာဝန်ကြီး ဒေါက်တာစုစုလှိုင်နှင့် မြို့နယ်ဆရာဝန်ကြီးများက ကလေးငယ်များအား မွေးစမှ ခြောက်လ၊ ခြောက်လမှ တစ်နှစ်နှင့် တစ်နှစ်မှ နှစ်နှစ်အထိ အဆင့်သုံးဆင့်ခွဲကာ ကလေးများ၏ကျန်းမာကြံ့ခိုင်မှုဆိုင်ရာအမှတ်ပေးစနစ်များဖြင့် ရွေးချယ်ပေးကြသည်။

ထို့နောက် ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နွေးနွေးလင်းက ကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြီး ဆုရ ကလေးများနှင့် သားကောင်းမိခင်များအား ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**




**အောင်သန်း (မင်္ဂလာတောင်ညွန့်)**

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# ကျောက်ဖြူအထူးစီးပွားရေးဇုန်အဖြစ် သတ်မှတ်ကြေညာသည့် အမိန့်ကြော်ငြာစာ ထုတ်ပြန်နိုင်ရေး ကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်ကအတည်ပြုကြောင်း ဆုံးဖြတ်

နေပြည်တော် ဒီဇင်ဘာ ၂၉

**ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂၁ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ကျင်းပရာ (အောက်ပုံ) ကျောက်ဖြူအထူးစီးပွားရေးဇုန် သတ်မှတ်နိုင်ရေးကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း၊ အထူးကုန်စည်ခွန်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ရှင်းလင်းခြင်း၊ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်းတို့ဆောင်ရွက်သည်။**




ယနေ့အစည်းအဝေးတွင် နိုင်ငံတော်သမ္မတထံမှ ပေးပို့သော ကျောက်ဖြူ အထူးစီးပွားရေးဇုန်အဖြစ် သတ်မှတ်နိုင်ရေးကိစ္စနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် ခုနစ်ဦးက ဆွေးနွေးကြသည်။

ရွှေပြည်သာ မဲဆန္ဒနယ်မှ ဦးတင်မောင်ဦးက ကျောက်ဖြူအထူးစီးပွားရေးဇုန် သတ်မှတ်ကြေညာကာ အမိန့်ကြေညာစာထုတ်ပြန်သည့် ကိစ္စသည် နိုင်ငံတော်နှင့် ရခိုင်ပြည်နယ် အကျိုးဖြစ်ထွန်းမည်ဖြစ်သည့်အတွက် ကြိုဆိုပါကြောင်း၊ လက်ရှိအစိုးရအဖွဲ့၏ ကျန်ရှိသည့် သက်တမ်းအတွင်း စီမံကိန်းကို ဆက်လက်ဆောင်ရွက်ရန် အခက်အခဲများစွာ ရှိနိုင်ပါကြောင်း၊ ဒီမိုကရေစီနိုင်ငံ၏ အစိုးရသက်တမ်း ငါးနှစ်တွင် ကာလတိုစီမံကိန်းများကို အကောင်အထည်ဖော်နိုင်မည် ဖြစ်သော်လည်း ကာလလတ်၊ ကာလရှည် စီမံကိန်းများ ဆောင်ရွက်ရာတွင် အစိုးရအဆက်ဆက် လွှဲပြောင်းရမည်မှာ လုပ်ငန်းသဘာဝဖြစ်ပါကြောင်း၊ ယခုစီမံကိန်းနှင့် ပတ်သက်၍ နယ်နိမိတ်သတ်မှတ်ခြင်းကို ပြည်ထောင်စုလွှတ်တော်၏ အဆုံးအဖြတ်ရယူသင့်ပါကြောင်း၊ စီမံကိန်း အကောင်အထည်ဖော်ခြင်းကို လာမည့်အစိုးရလက်ထက်တွင် ပိုမိုပြည့်စုံစွာဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သင့်ပါကြောင်း၊ နိုင်ငံတော်အတွက် အကျိုးရှိအောင် အစိုးရအဆက်ဆက် လွှဲပြောင်းဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း ဆွေးနွေးသည်။

ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်က ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံကိန်းသည် နိုင်ငံတော်နှင့် ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သင့်သည့် လုပ်ငန်းဖြစ်ပါကြောင်း၊ သို့သော် စီမံကိန်းလုပ်ငန်း ပမာဏကြီးမားသည့်အတွက် စီမံကိန်းလုပ်ငန်း ဆောင်ရွက်ရာတွင် ပွင့်လင်းမြင်သာမှုရှိရန်၊ နိုင်ငံနှင့် ပြည်သူအကျိုးအတွက် ပြုလွယ်ပြောင်းလွယ်သည့် သဘောတူညီမှုများရှိရန်လည်း လိုအပ်ပါကြောင်း ဆွေးနွေးသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဒေါက်တာအေးမောင်က ကျောက်ဖြူ ရေနက်ဆိပ်ကမ်းသည် သဘာဝက ထူးခြားစွာပေးထားသော တန်ဖိုးရှိသည့် ရေနက်ဆိပ်ကမ်း တစ်ခုဖြစ်သည့်အတွက် ရေနက်ဆိပ်ကမ်းတည်ဆောက်ရန် ဆောင်ရွက်ခြင်းကို ကြိုဆိုပါကြောင်း၊ ထို့ပြင် ကျောက်ဖြူ ရေနက်ဆိပ်ကမ်းသည် BICM Economic Corridor ၏ လမ်းကြောင်းတွင် တည်ရှိပါကြောင်း၊ ထို့ကြောင့် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် မဟာဗျူဟာမြောက် မိတ်ဖက်၊ နိုင်ငံရေးမိတ်ဖက်၊ စီးပွားရေးမိတ်ဖက် စသည့် ဆက်စပ်မှုများကို အကျိုးရှိရှိ အသုံးချရမည်ဖြစ်ပါကြောင်း၊ ထို့ပြင် နိုင်ငံတကာ မိတ်ဖက်ကောင်းမွန်သည့် ကုမ္ပဏီများ၏ပါဝင်မှုကို ထည့်သွင်းစဉ်းစား သင့်ပါကြောင်း ဆွေးနွေးသည်။

ဇမ္ဗူသီရိမဲဆန္ဒနယ်မှ ဒေါ်စန္ဒာမင်းက ကျောက်ဖြူအထူးစီးပွားရေးဇုန်သည် ရခိုင်တိုင်းရင်းသားများ အပြင် ပြည်ထောင်စုကြီးတစ်ခုလုံး အတွက် လုပ်သင့်လုပ်ထိုက်သည့် လုပ်ငန်းတစ်ခုဖြစ်ပါကြောင်း၊ ထို့ပြင် နောင်လာမည့်အစိုးရသည် ယခု သဘောတူညီချက်များကို ဆက်လက်တာဝန်ယူကာ နိုင်ငံသားများအကျိုးအတွက် အကောင်းဆုံးဆောင်ရွက်ပေးနိုင်အောင် ပြုလွယ်ပြောင်းလွယ်နိုင်သည့် သဘောတူညီချက်များ ထည့်သွင်းရေးဆွဲပေးရန် လိုအပ်ပါကြောင်း ဆွေးနွေးသည်။

လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးမှုများအပေါ် ကျောက်ဖြူ အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်းနှင့် အထူးစီးပွားရေးဇုန် ဗဟိုအဖွဲ့ကိုယ်စား အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်တို့က ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ယင်းကိစ္စနှင့် စပ်လျဉ်း၍ လွှတ်တော်နာယကက ယခု လွှတ်တော်ကိုယ်စားလှယ်များ အနေဖြင့် စီးပွားရေးဇုန်တည်ဆောက်မှုကို လိုလားနှစ်မြို့က်ပါကြောင်း၊ ကျောက်ဖြူ အထူးစီးပွားရေးဇုန်အဖြစ် သတ်မှတ်ကြေညာသည့် အမိန့်ကြော်ငြာစာ ထုတ်ပြန်နိုင်ရေး ကိစ္စနှင့်စပ်လျဉ်း၍ သဘောတူမတူ ဆုံးဖြတ်ရန်ဖြစ်ပါကြောင်း၊ ကျန်သည့် Business Model မှာ နောင်တက်လာမည့်အစိုးရနှင့် အဖွဲ့အစည်းများက ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ပေးရန်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ကျောက်ဖြူ အထူးစီးပွားရေးဇုန်အဖြစ် သတ်မှတ်ကြေညာသည့် အမိန့်ကြော်ငြာစာ ထုတ်ပြန်နိုင်ရေးကိစ္စနှင့် စပ်လျဉ်း၍ အဆုံးအဖြတ်ရယူရာ ထောက်ခံဆန္ဒမဲများသည့်အတွက် လွှတ်တော်က အတည်ပြုကြောင်း ဆုံးဖြတ်ခဲ့သည်။

ထို့နောက် ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့သော အထူးကုန်စည်ခွန် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင်က ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ သဘောထားမှတ်ချက်များနှင့်အညီ အတည်ပြုပေးစေလိုကြောင်းရှင်းလင်းကာ လွှတ်တော်ကိုယ်စားလှယ် နှစ်ဦးက အပိုဒ်၊ အပိုဒ်ခွဲအလိုက် ဆွေးနွေးပြီး တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏အဆုံးအဖြတ်ရယူအတည်ပြုသည်။

ယနေ့ အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော် နာယက သူရဦးရွှေမန်းက ကချင်ပြည်နယ် ဖားကန့်ဒေသနှင့် ပတ်သက်ပြီး ကချင်ပြည်နယ် ဖားကန့်ဒေသ၌ ပြည်ထောင်စုအစိုးရအဖွဲ့က ဆောင်ရွက်မည့် နည်းလမ်းသုံးခုနှင့် စပ်လျဉ်း၍ ဘက်ပေါင်းစုံမှ ပြန်လည်သုံးသပ်၍ အကျိုးရှိမည့် နည်းလမ်းများကို အလေးအနက်ထား ပြန်လည်သုံးသပ်စီမံဆောင်ရွက်ပေးနိုင်ပါရန် နိုင်ငံတော်သမ္မတထံသို့ သဝဏ်လွှာပေးပို့ထားကြောင်း လွှတ်တော်သို့ အသိပေးကြေညာသည်။

(သတင်းစဉ်)

## ဂျပန် KDDI ဝက်ဆိုက်မှ အလှူရှင်များ ရေဘေးသင့်ဒေသများအတွက် ယန်းငါးသန်းကျော် လှူဒါန်းမည်

**ရန်ကုန် ဒီဇင်ဘာ ၂၉**

ပြီးခဲ့သည့် ဇူလိုင်လက ရေလွှမ်းမှုများနှင့် ကြုံတွေ့ခဲ့ရသည့် မြန်မာနိုင်ငံရှိ ရေဘေးသင့် ဒေသများအတွက် ကူညီထောက်ပံ့ရန် ဂျပန် နိုင်ငံရှိ KDDI ကော်ပိုရေးရှင်းသည် ဩဂုတ် ၂၁ ရက်မှ စက်တင်ဘာ ၂၅ရက်အတွင်း အဆိုပါ KDDI ကော်ပိုရေးရှင်း၏ ဝက်ဆိုက်တွင် ကူညီထောက်ပံ့ရေးခေါင်းစဉ်ဖြင့် စိတ်ဝင်စားသူများ ပါဝင်လှူဒါန်းနိုင်ရန် စီစဉ်ဖွင့်လှစ်ထားခဲ့ကြောင်း သိရသည်။

အဆိုပါဝက်ဆိုက်သို့ ဝင်ရောက်ကြည့်ရှုသူ အလှူရှင်များနှင့် ဝန်ထမ်းများ၏ ထည့်ဝင်လှူဒါန်းငွေ ဂျပန်ယန်း ၅၂၉၆၅၀၀ ကို ဂျပန်နိုင်ငံရှိ မြန်မာသံရုံးသို့ ဒီဇင်ဘာ ၃၀ ရက်တွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၌ သုံးစွဲရန်အတွက် လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

KDDI ကော်ပိုရေးရှင်းသည် မြန်မာနိုင်ငံ၏ လက်ရှိဆက်သွယ်ရေး အော်ပရေတာဖြစ်သော မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း (MPT)နှင့် Sumitomo ကော်ပိုရေးရှင်းတို့နှင့် လုပ်ငန်းစပ်တူပူးပေါင်းရန် ၂၀၁၄ ခုနှစ် ဒီဇင်ဘာလတွင် သဘောတူညီမှု လက်မှတ်ရေးထိုးခဲ့ပြီး မြန်မာနိုင်ငံရှိ မိုဘိုင်းဆက်သွယ်ရေး နည်းပညာ ပိုမိုအဆင်ပြေလွယ်ကူစေရန်အတွက် ကွန်ရက်များတိုးချဲ့ခြင်းနှင့် နည်းပညာသစ်များကိုအသုံးပြု၍ အရည်အသွေးမြင့် ဆက်သွယ်မှုကွန်ရက်အား ပြည်သူများသုံးစွဲစေနိုင်ရန်အတွက် ရှေ့သို့လှမ်းချီမြန်မာပြည်ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိကြောင်း သိရသည်။

**ဝင်းဝင်းမော်**

## ပြည်ထောင်စုလွှတ်တော်သို့ လာရောက်လေ့လာ

**နေပြည်တော် ဒီဇင်ဘာ ၂၉**

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂၁ ရက်မြောက်နေ့သို့ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်မြောက်ပိုင်းမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဝင် ၈၅ ဦးတို့သည် ပြည်ထောင်စုလွှတ်တော်အစည်းအဝေး ကျင်းပနေပုံနှင့် လွှတ်တော်အဆောက်အအုံများကို လာရောက်လေ့လာကြည့်ရှုကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



## လွတ်လပ်ရေးနေ့အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာပြိုင်ပွဲ ဟားခါး၌ကျင်းပ

**ဟားခါး ဒီဇင်ဘာ ၂၉**

၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်မည့် (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာပြိုင်ပွဲများကို ဒီဇင်ဘာ ၂၉ ရက် နံနက် ၉ နာရီက ဟားခါးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

(၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာပြိုင်ပွဲများတွင် ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး စာစီစာကုံးပြိုင်ပွဲတွင် "ပင်ချင်းယှက်၍ နွယ်ချင်းခက်သော်" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ကဗျာပြိုင်ပွဲတွင် "ခိုင်ခိုင်မြဲမြဲ ဒို့လက်တွဲ" ခေါင်းစဉ်ဖြင့် လည်းကောင်း အသီးသီးပါဝင်ယှဉ်ပြိုင်ခဲ့ကြကာ ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများကို (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားတွင် ဆုများပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

***** *ကျော်ဖုံးမှ*

အစည်းအဝေးတွင် အမျိုးသား မြေအရင်းအမြစ်စီမံခန့်ခွဲရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးညဏ်ထွန်းက အမှာစကား ပြောကြားရာ၌ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ နိုင်ငံတော်၏ မြေသယံဇာတများကို စနစ်တကျ စီမံခန့်ခွဲအသုံးချရေး ဆောင်ရွက်ရာတွင် ပိုမိုထိရောက်မှု ရှိစေရန်ရည်ရွယ်ပြီး အမျိုးသား မြေအရင်းအမြစ် စီမံခန့်ခွဲရေးဗဟိုကော်မတီကို လုပ်ငန်းတာဝန်(၁၇)ရပ် သတ်မှတ်ကာ ဖွဲ့စည်းဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း။

အမျိုးသား မြေအရင်းအမြစ် စီမံခန့်ခွဲရေး ဗဟိုကော်မတီ၏ ရှေ့လုပ်ငန်းစဉ် (၃)ရပ်အနက် ပထမ လုပ်ငန်းစဉ်ဖြစ်သည့် ရေရှည်တည်တံ့သော အနာဂတ်အခြေခံအုတ်မြစ် ဖြစ်တည်စေမည့် မြေအရင်းအမြစ် စီမံခန့်ခွဲမှုမူဝါဒဆိုင်ရာ အခြေခံမူများကို အများပါဝင်မှုဖြင့် ချမှတ်နိုင်ရန် အတွက် မြေအသုံးချမှု မူဝါဒသုံးသပ်ရေးလုပ်ငန်းကော်မတီမှ ဦးဆောင်ပြီး မူဝါဒရေးဆွဲခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ပါကြောင်း၊ မူဝါဒ(မူကြမ်း)ကို ပြည်သူအားလုံး ပါဝင်ဆွေးနွေး အကြံပြုနိုင်စေရန် နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးတွင် အကြံပြုဆွေးနွေးပွဲ (၁၇)ကြိမ် ကျင်းပခြင်း၊ ရရှိလာသည့် ပြည်သူများ၏ အကြံပြုချက်များကို မူဝါဒတွင် ထည့်သွင်းရေးဆွဲနိုင်ရေးအတွက် ကျွမ်းကျင်ပညာရှင်များပါဝင်သည့် စားပွဲဝိုင်းဆွေးနွေးပွဲများကျင်းပ၍ မူဝါဒမူကြမ်းကို ပြင်ဆင်ဖြည့်စွက်ရေးဆွဲခြင်း လုပ်ငန်းဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရပါကြောင်း။

ဒုတိယလုပ်ငန်းစဉ်အဖြစ် မြေစီမံခန့်ခွဲ လုပ်ကိုင်ဆောင်ရွက်နေသော အစိုးရဌာန အဖွဲ့အစည်းများမှ ပြဋ္ဌာန်းကျင့်သုံးနေသော ဥပဒေများသည် အမျိုးမျိုးအဖုံဖုံ ကွဲပြားနေသဖြင့် မြေနှင့်ဆက်စပ်သည့်ဥပဒေများ သဟဇာတဖြစ်စေရန် အမျိုးသား မြေအရင်းအမြစ် ဥပဒေရေးဆွဲပြုစုရေး လုပ်ငန်းကော်မတီမှ ဦးဆောင်ပြီး မြေနှင့် ဆက်စပ်နေသော လက်ရှိဥပဒေများအတွက် ထီးရိုးဥပဒေအဖြစ် အမျိုးသားမြေအရင်းအမြစ် ဥပဒေရေးဆွဲခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိပါကြောင်း။

တတိယ လုပ်ငန်းစဉ်ဖြစ်သည့် ပြည်သူကိုဗဟိုပြု ဖွံ့ဖြိုးမှုရလဒ်များ ဖော်ဆောင်ရေးကို ရှေးရှုသော စမ်းသပ်စီမံချက်များ ချမှတ်အကောင်အထည်ဖော်ခြင်းလုပ်ငန်းစဉ်အတွက် မြေအရင်းအမြစ်စီမံကိန်းနှင့် စီမံချက်များ ညှိနှိုင်းအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီမှ ဦးဆောင်၍ ညှိနှိုင်းအစည်းအဝေးပွဲများ ကျင်းပခဲ့ပြီး မိတ်ဖက်အဖွဲ့အစည်းများဖြစ်သည့် USAID၊ EU၊ ဆွစ်ဇာလန်နိုင်ငံမှ SDC အဖွဲ့တို့နှင့် ညှိနှိုင်းဆွေးနွေးပြီး Landuse Classification Map ထုတ်လုပ်ခြင်းနှင့် One Map Myanmar Project ရှေ့ပြေးစမ်းသပ်စီမံကိန်းများကို အကောင်အထည်ဖော်လျက်ရှိပါကြောင်း။

မိမိတို့အစိုးရ တာဝန်ယူခဲ့သည့် သက်တမ်းကာလအတွင်း နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် ခေတ်စနစ်နှင့်အညီ နိုင်ငံတော်နှင့် ပြည်သူတို့အတွက် အကျိုးရှိထိရောက်သည့် ပြုပြင်ပြောင်းလဲရေး မဟာဗျူဟာ (Reform Strategy) များ ရေးဆွဲအကောင်အထည်ဖော်ခဲ့ရာ မြေယာကဏ္ဍပြုပြင်ပြောင်းလဲရေး (Land Reform)လည်း အပါအဝင်ဖြစ်ပါကြောင်း။

ကောင်းမွန်သည့် မြေစီမံခန့်ခွဲမှုစနစ်တစ်ရပ် အကောင်အထည်ဖော်ရန် မြေအသုံးပြုသူများ၏ လိုအင်ဆန္ဒများကို ဆန်းစစ်ခြင်း၊ အုပ်ချုပ်မှုအဖွဲ့အစည်းနှင့် ဥပဒေရေးရာ မူဘောင် Institution and Legal Framework များ အားကောင်းစေခြင်း၊ မြေအသုံးပြုခွင့်ဆိုင်ရာ အခွင့်အရေးနှင့် လုပ်ပိုင်ခွင့်များအား ပွင့်လင်းမြင်သာစွာ စီရင်ဆုံးဖြတ်ခြင်း၊ မြေစီမံခန့်ခွဲမှုအတွက် သတင်းအချက်အလက်နှင့် မြေပုံနယ်နိမိတ်များ တိကျခိုင်မာစေခြင်း၊ အခွန်နှင့် ဘဏ္ဍာရေးစီမံခန့်ခွဲမှု လုပ်ထုံးလုပ်နည်းများ စနစ်တကျသတ်မှတ်ခြင်း၊ ပြည်သူလူထုအတွင်း မြေအသုံးချမှု၊ စီမံခန့်ခွဲမှုဆိုင်ရာ အသိပညာများ ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

ကော်မတီအနေဖြင့် လက်ရှိမြေယာ စီမံအုပ်ချုပ်မှုအခြေအနေများ လေ့လာသုံးသပ်နိုင်ရန် ကမ္ဘာ့ဘဏ်အဖွဲ့၏အကူအညီဖြင့် မြေယာစီမံအုပ်ချုပ်မှု ဆန်းစစ်အကဲဖြတ်မှုဘောင် (Land Governance Assessment Framework) -LGAF ရေးဆွဲရန် နိုင်ငံတကာကျွမ်းကျင်သူပညာရှင်များနှင့် ညှိနှိုင်းဆောင်ရွက်လျက် ရှိပါကြောင်း၊ LGAF ဆိုသည်မှာ မြေယာစီမံအုပ်ချုပ်မှု အခြေအနေများကို ဒေသဆိုင်ရာ အချက်အလက်များနှင့် ကျွမ်းကျင်မှုနယ်ပယ်အလိုက် ကိုယ်စားပြုမှုနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်မှုဖြင့် လေ့လာဆန်းစစ်ခြင်းဖြစ်ပါကြောင်း။

LGAF သည် မြေယာစီမံအုပ်ချုပ်မှု ဆန်းစစ်အကဲဖြတ်ရာမှာ အများလက်ခံသည့် နိုင်ငံတကာကျင့်ထုံးနည်းစဉ်တစ်ခု ဖြစ်ပါကြောင်း၊ မြေယာစီမံအုပ်ချုပ်မှု ဆန်းစစ်ရာမှာ မြေယာအခွင့်အရေးနှင့် မြေအသုံးချမှုတို့ကို အသိအမှတ်ပြုခြင်း၊ အများပိုင်မြေမှ ပုဂ္ဂလိကပိုင်မြေအဖြစ်သို့ လွှဲပြောင်းခွင့် နည်းလမ်းများနှင့် မြေသတင်းအချက်အလက်များ ထုတ်ပြန်ခြင်း၊ မြေတန်ဖိုးသတ်မှတ်ခြင်းနှင့် အခွန်အခစည်းကြပ်ခြင်း၊ မြေယာအငြင်းပွားမှုများ ဖြေရှင်းခြင်း၊ မူဝါဒနှင့် ဌာနအဖွဲ့အစည်းများအား သုံးသပ်ခြင်းတို့ကို ဆောင်ရွက်ကြခြင်းဖြစ်ပါကြောင်း။

ထို့ကြောင့် စီမံကိန်းမှာပါဝင်ဆောင်ရွက်မည့်ဌာန၊ အဖွဲ့အစည်းများ၊ တာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း။

ထို့အပြင် မြေအသုံးချမှု မူဝါဒသုံးသပ်ရေး လုပ်ငန်းကော်မတီမှ ရေးဆွဲပြုစုထားသည့် အမျိုးသားမြေအသုံးချမှုမူဝါဒ (အပြီးသတ်မူကြမ်း)ကို ယခုအစည်းအဝေးမှ အတည်ပြုပေးရန် ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဗဟိုကော်မတီ အတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်းက အမျိုးသား မြေအရင်းအမြစ် စီမံခန့်ခွဲရေး ဗဟိုကော်မတီ စတုတ္ထအကြိမ် အစည်းအဝေး ဆုံးဖြတ်ချက်များနှင့် အစီရင်ခံစာများ ပြုစုထားမှုအခြေအနေကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌများဖြစ်သည့် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကိုကို၊ ဦးဝင်းထွန်းနှင့် ဗဟိုကော်မတီဝင်များက မြေအမျိုးအစားခွဲခြားမှု၊ လယ်ယာမြေ မြေလွတ်မြေရိုင်း စီမံခန့်ခွဲမှု၊ မြေအရင်းအမြစ် အသုံးချရေးဆိုင်ရာကိစ္စရပ်များ၊ အနာဂတ်မြေအသုံးပြုရေးဆိုင်ရာ ကိစ္စများ၊ အမျိုးသားမြေအရင်းအမြစ် ဥပဒေရေးဆွဲရေးဆိုင်ရာကိစ္စရပ်များ၊ One Map Myanmar Project ရှေ့ပြေးစမ်းသပ် စီမံကိန်းဆောင်ရွက်နေမှုကိစ္စရပ်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် ဒုတိယသမ္မတက ပြန်လည်သုံးသပ်ဆွေးနွေးပြီး လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

**(သတင်းစဉ်)**

# ကရင်ပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနရုံး အဆောက်အအုံသစ်ဖွင့်

**နေပြည်တော် ဒီဇင်ဘာ ၂၉**

ကရင်ပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနရုံး အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၉ ရက် စနေနေ့က ကရင်ပြည်နယ် ဘားအံမြို့ မဲဘောင်-နောင်ပလိန်လမ်း လှာကမြင်ကွက်သစ် လှာကမြင်ကျေးရွာရှိ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနရုံး အဆောက်အအုံ၌ ကျင်းပသည်။

အခမ်းအနားတွင် ကရင်ပြည်နယ် ခေတ္တဝန်ကြီးချုပ် ဦးစောဝင်းထိန်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကော်မတီဝင်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသက်သက်ဇင်တို့က အဖွင့်အမှာစကားပြောကြားသည်။

အဆိုပါ အခမ်းအနားတွင် ဒုတိယဝန်ကြီးက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေများအား ပြဋ္ဌာန်းထုတ်ပြန်ခဲ့ပြီးဖြစ်ကြောင်း၊ မကြာမီပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် ပတ်ဝန်းကျင်အရည်အသွေး လမ်းညွှန်ချက်တို့အားလည်း ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ကြောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆောင်ရွက်ရာတွင် လက်ရှိအခြေအနေအရ စွန့်ပစ်ရေဆိုးများကို စနစ်တကျသန့်စင်ပြီးမှ စွန့်ပစ်ရေး၊ သဘာဝသယံဇာတများကို စနစ်တကျထုတ်ယူသုံးစွဲရေး၊ ဂေဟစနစ်ထိန်းသိမ်းရေးတို့ကို အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ ယနေ့ ကမ္ဘာကြီးသည် လူဦးရေတိုးပွားလာမှု၊ တိုးပွားလာသည့် လူဦးရေအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းရန် ကြိုးပမ်းဆောင်ရွက်လာရမှုများကြောင့် သဘာဝသယံဇာတ ထုတ်ယူသုံးစွဲမှု များပြားလာပြီး သဘာဝပတ်ဝန်းကျင် ပျက်စီးစေခြင်းသို့ ဦးတည်လျက်ရှိသည်ကို တွေ့မြင်နေရကြောင်း၊ ထို့ကြောင့် စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် စီးပွားရေးနှင့် လူမှုစီးပွားရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့ကို အချိုးညီညီ ထိန်းသိမ်းဆောင်ရွက်ရန် လိုအပ်ကြောင်း။

မြန်မာနိုင်ငံ၏ အခြေအနေနှင့် သင့်လျော်မည့် အမျိုးသားအဆင့် ရာသီဥတုပြောင်းလဲမှု လျှော့ချရေးဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ် (Intended Nationally Determined Contribution-INDC) ကိုရေးဆွဲပြီး ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုဆိုင်ရာကွန်ဗင်းရှင်းရုံးသို့ တင်ပြခဲ့ကြောင်း၊ ရာသီဥတုပြောင်းလဲမှုလျှော့ချရေးဆိုင်ရာ လုပ်ငန်းစဉ်များ၊ မူဝါဒများ၊ မဟာဗျူဟာများကို ရေးဆွဲချမှတ်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ရာသီဥတုပြောင်းလဲမှုလျှော့ချရေးနှင့် လိုက်လျောညီထွေရှိရေး ဆောင်ရွက်ရာတွင် ကမ္ဘာ့နိုင်ငံများနှင့်အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။



ယင်းနောက် ရုံးအဆောက်အအုံဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ကာ **(အပေါ်ပုံ)** အမှတ်တရသစ်ပင်များ စိုက်ပျိုးပြီး အဆောက်အအုံအား လှည့်လည်ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အင်းလေးကန်သို့ ကမ္ဘာလှည့်ခရီးသည်များ နေ့စဉ်လာရောက်လည်ပတ်လျက်ရှိ

ညောင်ရွှေ ဒီဇင်ဘာ ၂၉

**အင်းလေးကန်ရေတွင် လိုင်စင်ရစက်လှေ ၇၀၀၀ နှင့် ပြင်ပစက်လှေ ၃၀၀၀ တို့ ပြေးဆွဲလျက်ရှိရာ အင်းလေးကန်၏ သဘာဝအလှများ ကြည့်ရှုခံစားလိုသည့် ကမ္ဘာလှည့်ခရီးသည်များ နေ့စဉ် ၂၀၀ ခန့် လာရောက်လည်ပတ်လျက်ရှိကြောင်း သိရသည်။**



**အင်းလေးကန်အတွင်း နိုင်ငံခြားခရီးသွားများ စက်လှေဖြင့် သွားလာနေမှုကိုတွေ့ရစဉ်။** ဓာတ်ပုံ - တင်မောင်လွင်(မြန်မာ့အလင်း)

ပြည်တွင်းပြည်ပ ခရီးသွားများ စိတ်ဝင်စားသည့် အင်းလေးကန်အတွင်း နိုင်ငံခြားသားများ နေ့စဉ် လာရောက်နေသောကြောင့် အင်းလေးကန်ရေတိမ်ဒေသ ထိန်းသိမ်းကာကွယ်ရေး၊ ရေပြင်အနက် အနည်းဆုံးခုနစ်ပေရှိရေး၊ နမ့်ကတ်ချောင်း ရေလမ်းကြောင်းတွင် သဲနုန်းများပို့ချမှုကြောင့် တိမ်ကောလာသဖြင့် ရေလမ်းခရီးအခက်အခဲမဖြစ်စေရေး၊ စက်လှေများ ရာသီမရွေး သွားလာနိုင်ရေးတို့ကို ဆည်မြောင်း ဦးစီးဌာနအနေဖြင့် အင်းလေးကန် စိမ်းလန်းစိုပြည်ရေးကို ဦးစားပေး ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ် ညောင်ရွှေမြို့(အင်းလေး)လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးဝင်းဌေးနှင့်အဖွဲ့က ကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။ **ရွှေလင်းပြည့်စုံ**

# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး

**ကျောက်မဲ ဒီဇင်ဘာ၂၉**

ရှမ်းပြည်နယ် ကျောက်မဲခရိုင် ကျောက်မဲမြို့တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ဟောပြောပွဲကို အမှတ်(၈)ရပ်ကွက် အမက ၁၀ တွင် ဒီဇင်ဘာ၂၉ ရက် ညနေက ကျင်းပခဲ့သည်။

အဆိုပါ ဟောပြောပွဲတွင် ယာဉ်ထိန်းတပ်ဖွဲ့မှူး ဒုရဲမှူးချစ်စိန်နှင့် တာဝန်ရှိသူများက ရပ်ကွက်နေပြည်သူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ လိုက်နာစေရန်နှင့် ယာဉ်အန္တရာယ်ကို ကင်းရှင်းစွာ မောင်းနှင်နိုင်ရေးရည်ရွယ်၍ အသိပညာပေးလုပ်ငန်းများ ဆွေးနွေးဟောပြောခဲ့ကြောင်း သိရသည်။

**မြင့်အောင်**

# အဖိုးမဖြတ်နိုင်သည့် မြန်မာ့တိုင်းရင်းဆေးပညာဖြင့် ပြည်သူများ၏ ကျန်းမာရေးမြှင့်တင်နိုင်ခြင်းမှသည် အာဆီယံတိုင်းရင်းဆေးဈေးကွက်အထိထိုးဖောက်ရန် တိုင်းရင်းဆေးဆရာများ ကြိုးပမ်းသွားကြမည်

တွေ့ဆုံမေးမြန်း-ခင်ရတနာ၊
ဓာတ်ပုံ-ကျော်သူဝင်း(မြန်မာ့အလင်း)

နေပြည်တော် ဒီဇင်ဘာ ၂၉

**မြန်မာ့တိုင်းရင်းဆေးလောက ဘက်စုံအဆင့်အတန်းမြင့်မားရေးနှင့် မြန်မာ့တိုင်းရင်းဆေးပညာအရည်အသွေးတိုးတက်ရေး၊ မြန်မာ့တိုင်းရင်းဆေးဆရာများ၏ ကျင့်ဝတ်သိက္ခာမြင့်မားရေးနှင့် မြန်မာ့တိုင်းရင်းဆေးပညာဖြင့် ပြည်သူများ ကျန်းမာရေးပိုမိုစောင့်ရှောက်နိုင်ရေး၊ အထူးသဖြင့် အာဆီယံ တိုင်းရင်းဆေးဈေးကွက်သို့ မြန်မာ့တိုင်းရင်းဆေးများ ဖြန့်ဖြူးရောင်းချနိုင်ရေးကို ရှေးရှုကာ မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံကို နေပြည်တော်ရှိ မြန်မာကွန်ဗင်းရှင်းစင်တာတွင် ကျင်းပလျက်ရှိရာ တိုင်းရင်းဆေးထုတ်လုပ်သူများနှင့် သမားတော်များ၏ မြန်မာ့တိုင်းရင်းဆေးလောက တိုးတက်မှုဖြစ်စဉ်များနှင့် ဆောင်ရွက်နေသည့် လုပ်ဆောင်ချက်များကို မေးမြန်းခဲ့ပါသည်။**


ဒေါ်မေဖြိုးနိုင်အောင်ဟိန်း


ဦးကြည်ဝင်း


ဒေါ်ရင်ရင်တင့်


ဒေါ်ချိုချိုမာ

**ဒေါ်မေဖြိုးနိုင်အောင်ဟိန်း၊ အဘထ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး**

မြန်မာ့တိုင်းရင်းဆေး သမားတော်တွေ တစ်နှစ်တစ်ကြိမ်တွေ့ဆုံကြပြီး ပညာရပ်တွေ၊ အတွေ့အကြုံတွေနဲ့ခံစားချက်တွေ နှီးနှောဖလှယ်ခွင့်ရတာ အလွန်ကျေးဇူးတင်စရာကောင်းပါတယ်။ အခုအချိန်မှာ တိုင်းရင်းဆေးနဲ့ ကျန်းမာရေးအသိပေးလုပ်ငန်းတွေဟာ ကျေးလက်အထိ ကျယ်ကျယ်ပြန့်ပြန့် တိုးမြှင့်ဆောင်ရွက်နေကြတာ အားရပါတယ်။ အဘထ တိုင်းရင်းဆေးအနေနဲ့ကတော့ တိုင်းရင်းဆေး ၁၀ မျိုးကို ထုတ်လုပ်ဖြန့်ချိနေပြီး အဓိက ကတော့ ရှူဆေး၊ အနာဘုရင်လိမ်းဆေး၊ သွေးတိုးကျဆေးတွေကို အဓိကထားထုတ်နေပါတယ်။ ခေတ်စနစ်နဲ့အညီ ခိုင်မာတဲ့ သုတေသနပြုလုပ်ချက်တွေကြောင့် တိုင်းရင်းဆေးရဲ့ အဆင့်အတန်းက ပိုပြီးမြင့်မားလာမယ်လို့ ယုံကြည်ထားပါတယ်။

**ဦးကြည်ဝင်း၊ ဆန္ဒမွန် တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး**

မြန်မာ့တိုင်းရင်းဆေး ပညာက ရှေးဘိုးဘွားလက်ထက်ကတည်းက သမားစဉ်ဆက်ကုထုံးကုကွက်ရော၊ ရောဂါရှာဖွေတဲ့ နည်းပညာတွေမှာပါ မှတ်တမ်းမှတ်ရာနဲ့ စနစ်ကျခဲ့ပါတယ်။ ဒီလိုရိုးရာအမွေအနှစ်တွေကို ဖော်ထုတ်ပြီးခေတ်စနစ်နဲ့အညီ သုတေသနပြုလုပ်ချက်တွေကို အခြေပြုလို့ အစွမ်းထက်တဲ့ မြန်မာတိုင်းရင်းဆေးဝါးတွေကို စနစ်တကျထုတ်လုပ်ဖို့လိုအပ်ပါတယ်။ ကျွန်တော်တို့ တိုင်းရင်းဆေးသမားတော်တွေ၊ တိုင်းရင်းဆေး ထုတ်လုပ်သူတွေအနေနဲ့ ကောင်းမွန်တဲ့ ထုတ်လုပ်မှုကျင့်စဉ်တွေနဲ့အညီ အရည်အသွေးပြည့်တဲ့ ဆေးတွေ ထုတ်လုပ်နိုင်ကြပါပြီ။ နောက်ပိုင်းမှာ အာဆီယံတိုင်းရင်းဆေးဈေးကွက်အထိ ထိုးဖောက်နေရာယူနိုင်ဖို့ စုပေါင်းပြီး ကြိုးစားကြရမှာဖြစ်လို့ အခုလိုတစ်နှစ်တစ်ခါ တွေ့ဆုံခွင့်ရတဲ့ ညီလာခံကနေ အများကြီး အထောက်အကူဖြစ်ပါတယ်။

**ဒေါ်ရင်ရင်တင့်၊ ဖွဲ့ရတနာ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး**

တိုင်းရင်းဆေးတွေကို ကျွန်မတို့နိုင်ငံမှာတင်မဟုတ်ပါဘူး။ နိုင်ငံတကာမှာလည်း စနစ်တကျထုတ်လုပ်ပြီး တစ်ကမ္ဘာလုံးမှာ တွင်ကျယ်စွာရောင်းချနေကြတာ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်မတို့တိုင်းရင်းဆေးသမားတော်တွေနဲ့ ထုတ်လုပ်သူတွေအနေနဲ့ အာဆီယံအလယ်မှာရော နိုင်ငံတကာမှာပါ ကုန်ပစ္စည်းနဲ့ လုပ်ငန်းဝန်ဆောင်မှုတွေ အဆင့်မြှင့်တင်သင့်ပြီး စံချိန်စံညွှန်းကိုက်ညီတဲ့ Standardization တွေ Harmonization တွေပြုလုပ်ပြီး တိုင်းရင်းဆေးကဏ္ဍကိုမြှင့်တင်ဖို့ ကြိုးပမ်းသွားမှာဖြစ်ပါတယ်။ အဲဒီလို လုပ်ဆောင်နိုင်ဖို့လည်း အာဆီယံနိုင်ငံတွေအကြားက တိုင်းရင်းဆေးသမားတော်တွေ အကြိမ်ကြိမ် ဆွေးနွေးဆောင်ရွက်လျက်ရှိပါတယ်။ ဖွဲ့ရတနာကအာရုံကြောဆေးတွေနဲ့ ကြည်လင်ရှူလိမ်းဆေးတွေကို စနစ်တကျထုတ်လုပ်နေပါတယ်။


ဦးမြင့်ဦး


ဦးချစ်ဦးဖြေ


ဒေါ်အေးအေးမော်


ဒေါ်ဖြိုးဖြိုးအောင်

**ဒေါ်ချိုချိုမာ၊ စိန်ဘယက် တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး**

ကျွန်မတို့ရဲ့ အဘိုးသမားတော်ကြီး ဆရာမြိုင်ရဲ့နှစ်ပေါင်းများစွာဆေးကုသခဲ့တဲ့ အတွေ့အကြုံတွေပေါ်မှာ အခြေတည်ပြီး သမားစဉ်ဆက်ဆေးကုသခဲ့တာ၊ ဆေးတွေထုတ်လုပ်ခဲ့တာ နှစ်ပေါင်း ၄၀ နီးပါးရှိပါပြီ။ ရှေးမူမပျက်တဲ့ အဖိုးထိုက်အဖိုးတန်ဆေးဖက်ဝင်သစ်မြစ်သစ်ဖုတွေ ပရဆေးကုန်ကြမ်းတွေကို အခြေပြုပြီး ထုတ်လုပ်ခဲ့တဲ့အပြင် အခုနောက်ပိုင်းမှာ ခေတ်နဲ့အညီ သပ်ရပ်တဲ့ထုပ်ပိုးမှု ပုံစံတွေနဲ့ ပြောင်းလဲလာနိုင်ခဲ့ပါတယ်။ သင့်တင့်တဲ့ ဈေးနှုန်းနဲ့ ပြည်သူတွေသုံးစွဲနိုင်ဖို့နဲ့ နိုင်ငံတကာ တိုင်းရင်းဆေးဈေးကွက်အထိ ထိုးဖောက်နိုင်ဖို့အတွက် တိုင်းရင်းဆေးကုန်ကြမ်းပိုင်းမှာ ကျွန်တော်တို့အတွက် ရှားပါးတဲ့ စိန်ခေါ်မှုတွေရှိနေပေမယ့် ပြည်သူတွေရဲ့ ယုံကြည်အားကိုးမှုတွေကြောင့် ပိုမိုပြီး အရည်အသွေးကို ဂရုပြုကြရပါတယ်။

**ဒေါ်အေးအေးမော် မုံရွာဆရာမိုးဆေးတိုက်**

(၁၆)ကြိမ်မြောက် တိုင်းရင်းဆေးညီလာခံကို ကြိုဆိုဂုဏ်ပြုပါတယ်။ မုံရွာဆရာမိုးတိုင်းရင်းဆေး ထုတ်လုပ်ရေးကတော့ဆေးတွေကို အရင်ကထက်ပိုပြီး စနစ်တကျနဲ့ အာဆီယံနိုင်ငံက တိုင်းရင်းဆေးတွေရဲ့ စံချိန်စံညွှန်းနဲ့ပြည့်မီအောင် ထုတ်လုပ်နေတာကို ဆက်လက်ထိန်းသိမ်းသွားဖို့ရှိပြီး ပြည်တွင်းက သုံးစွဲသူတွေအပြင် နိုင်ငံတကာအထိ တင်ပို့နိုင်အောင် ကြိုးပမ်းသွားမှာပါ။

ညီလာခံကနေ အဆက်အသွယ်ကောင်းတွေ အသိအမြင်ကောင်းတွေ ရရှိခဲ့ပါတယ်။

**ဦးချစ်ဦးဖြေ ဒေဝယက္ခနှင့်မာဃဒေဝဆေးတိုက်**

တိုင်းရင်းဆေးညီလာခံ အပတ်စဉ်(၁)ကတည်းက တက်လာခဲ့တာ အခုဆိုရင် ၁၆ ကြိမ်တိုင်ခဲ့ပါပြီ။ မြန်မာ့တိုင်းရင်းဆေးဟာ စနစ်တကျနဲ့ အဆင့်အတန်းမြင့်မားတဲ့ သမားစဉ်ဆက်မှတ်တမ်း မှတ်ရာ ရှိပြီးသားဆေးပညာတွေဖြစ်ပါတယ်။ ဒါတွေကို မျိုးဆက်သစ် ကျွန်တော်တို့တစ်တွေလက်ထက်မှာ အဆင့်မြှင့်တင်ခွင့်ရတာကြောင့် ဂုဏ်ယူမိပါတယ်။

**ဒေါ်ဖြိုးဖြိုးအောင်၊ ကံသာဆေးတိုက်**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးကလည်း တိုင်းရင်းဆေးနဲ့ပြည်သူတွေကို ကျန်းမာရေးစောင့်ရှောက်မှု ပိုပေးဖို့ အကူအညီတွေအများကြီးပေးနေတာတွေ့ရပါတယ်။ ပြည်သူတွေကလည်း တိုင်းရင်းဆေးတွေကို ခေတ်မီနည်းစနစ်နဲ့ထုပ်ပိုးတာ၊ သုတေသနပြုတာတွေကို အားထားလာကြပါတယ်။ ကံသာဆေးတိုက်ကတော့ ဆရာကြီး ဦးပေါ်ညိမ်းရဲ့သဘာဝတိုင်းရင်းဆေးတွေအတွက် ဆေးကုသခြင်းနဲ့ မဟာမိတ်လေးဖက်နာဆေးကဲ့သို့သော အစွမ်းထက်ဆေးတွေကို သိပ္ပံနည်းကျဓာတ်ခွဲစမ်းသပ်ပြီး ဈေးကွက်မှာ ဖြန့်ဖြူးရောင်းချနေပါတယ်။ တိုင်းရင်းဆေးညီလာခံကို ပုံမှန်တက်ပါတယ်။ ဆေးကုသမှုမှာရော ထုတ်လုပ်မှုမှာပါ အကြံဉာဏ်ကောင်းတွေရလို့ပါ။

**ဒေါ်တင်နု ရုပ်ပျိုတိုင်းရင်းဆေးကုမ္ပဏီလီမိတက်**

တိုင်းရင်းဆေးရဲ့အံ့မခန်းအစွမ်းထက်မှုကို တစ်ကမ္ဘာလုံးက အသိအမှတ်ပြုလာချိန်မှာ ကျွန်မတို့အနေနဲ့လည်း ကိုယ့်နေရပ်မှာ ဆေးထုတ်လုပ်မှုကို တိုးမြှင့်ခဲ့ပြီး ဒီနှစ်ထဲမှာ ရုပနုပျိုနဲ့ လိမ်းဆေးတစ်မျိုးကိုတိုးချဲ့ခဲ့ပါတယ်။ ဆေးကုသမှုအပိုင်းမှာလည်း တိုင်းရင်းဆေးတက္ကသိုလ်ကဆင်းလာတဲ့ ဆေးဆရာတွေကို ခေါ်ယူပြီး စနစ်တကျနဲ့ ပြည်သူတွေရဲ့ကျန်းမာရေးကို မြှင့်တင်နေတာကြောင့် ညီလာခံကနေ ကုသမှုအပိုင်းရော၊ ထုတ်လုပ်တဲ့အပိုင်းမှာပါ အသိအမြင်တိုးခဲ့ရပါတယ်။

**ဦးမြင့်ဦး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (ကျန်းမာရေးမြှင့်တင်မှုကော်မတီဝင်)**

တိုင်းရင်းဆေး ညီလာခံကျင်းပခွင့်ရတာ အလွန်ဝမ်းသာပါတယ်။ အခုထက်ပိုပြီး တစ်ပြည်လုံးတိုင်းရင်းဆေးဆရာတွေအားလုံး တက်ရောက်စေချင်တယ်။ အခုနောက်ပိုင်းမှာ တိုင်းရင်းဆေးထုတ်လုပ်မှုအပိုင်းက အားကောင်းလာပါတယ်။ သို့သော် တိုင်းရင်းဆေးကို ခြေခြေမြစ်မြစ်အားပေးခဲ့တဲ့ စနစ်မရှိဘဲ လွတ်လပ်ရေးရပြီး နောက်ပိုင်းမှာ တိုင်းရင်းဆေးဆရာတွေ ထွက်ပေါ်မှုအားနည်းခဲ့ပါတယ်။ နောက်ပိုင်းမှာ ခမ်းခမ်းနားနားပွဲတွေအပြင် လက်တွေ့ကျကျ တိုင်းရင်းဆေးဆရာတွေရဲ့ အရည်အသွေးကို မြှင့်တင်ဖို့လိုပါတယ်။

# ဟင်္သာတမြို့နယ် ရှားခဲတိုက်နယ်တွင် အရန်မီးသတ်လေ့ကျင့်ရေးမွမ်းမံသင်တန်းဆင်း



**ဟင်္သာတ ဒီဇင်ဘာ ၂၉**

ဟင်္သာတခရိုင် ဟင်္သာတမြို့နယ် ရှားခဲတိုက်နယ် ရှားခဲကျေးရွာတွင် အရန်မီးသတ်လေ့ကျင့်ရေးမွမ်းမံသင်တန်းဆင်းပွဲအခမ်းအနားကို ဒီဇင်ဘာလ ဒုတိယပတ်က ကျေးရွာပြည်သူ့အားကစားကွင်း၌ ကျင်းပခဲ့သည်။

ခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးနောင်က သင်တန်းတွင် လေ့ကျင့်သင်ကြားပေးခဲ့သော ဘာသာရပ်များကို အစဉ်လေ့ကျင့်၍ တပ်ဖွဲ့ဝင်များသည် မြန်မြန်သိ၊ မြန်မြန်သွား၊ မြန်မြန်ငြိမ်းသတ်ဟူသော မြန်သုံးမြန်ဆောင်ပုဒ်နှင့်အညီ ဆောင်ရွက်ပေးရန်လိုကြောင်းနှင့် စေတနာ့ဝန်ထမ်းများပီသစွာ ရပ်ကွက်ဒေသကောင်းကျိုးအတွက် စေတနာ၊ ဝါသနာနှင့်ဖွဲ့စိတ်ဓာတ်တို့ အရင်းခံ၍ ကြိုးစားလုပ်ကိုင်ဆောင်ရွက်ပေးရန်တို့ကို ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါသင်တန်းသို့ ရှားခဲတိုက်နယ်အတွင်းရှိ ကျေးရွာအုပ်စု ရှစ်အုပ်စုမှ သင်တန်းသား ၁၀၀ တက်ရောက်ခဲ့ကြပြီး သင်တန်းတွင် လက်နက်မဲ့စစ်ရေးပြဘာသာရပ်၊ မီးသတ်ပညာ ဘာသာရပ်များနှင့် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးများကို သင်ကြားပေးခဲ့ပြီး ဆုရထူးချွန်သူများကို ဆုများချီးမြှင့်ပေးကာ သင်တန်းသားများက လက်တွေ့မီးငြိမ်းသတ်နည်းများကို သရုပ်ပြသခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

**ကိုဇော်(ဟင်္သာတ)**



# တောင်ငူ၌ ထေရဝါဒပရိယတ္တိ သာသနဟိတ စာမေးပွဲကျင်းပ

**တောင်ငူ ဒီဇင်ဘာ ၂၉**

တောင်ငူ၌ ပထမအကြိမ် ထေရဝါဒပရိယတ္တိသာသနဟိတ ပထမတန်းစာမေးပွဲကို ဒီဇင်ဘာ ၂၈ ရက် မွန်းလွဲ ၁ နာရီက တောင်ငူမြို့ ရန်ကုန်-မန္တလေးလမ်းရှိ သာသနဟိတကာရီဗိမာန်တော်ကြီး၌ ကျင်းပသည်။ **(ဓါတ်ပုံ)**

အဆိုပါစာမေးပွဲကို ဒီဇင်ဘာ ၂၈ ရက်မှ ဇန်နဝါရီ ၁ ရက်အထိ ငါးရက်ကျင်းပမည်ဖြစ်ပြီး တောင်ငူမြို့ပေါ်ရှိ ကျောင်းတိုက်ပေါင်းစုံမှ သံဃာတော်အပါး ၄၇ ပါး ဝင်ရောက်ဖြေဆိုကြောင်း၊ မြတ်စွာဘုရား၏ဟောကြား ချက်အတိုင်း ပရိယတ္တိသာသနာရေရှည်တည်တံ့ရန်အတွက်ရည်ရွယ်၍ ကျင်းပရခြင်းဖြစ်ကြောင်း တောင်ငူမြို့ လောကုတ္တရာစကားကျောင်းဆရာတော် ဘဒ္ဒန္တရေဝတက ပြောကြားသည်။

ပါဠိပါဒကပထမတန်းစာမေးပွဲများကို မန္တလေး၊ မုံရွာ၊ မြင်းခြံ၊ တောင်ငူ၊ ရန်ကုန်စသည့်မြို့များတွင် တစ်ပြိုင်တည်း၊ တစ်ချိန်တည်းကျင်းပလျက်ရှိကြောင်း သိရသည်။ **သူရ(တောင်ငူ)**

# အင်းလေးကန်တွင် လက်လုပ်ဆည်များ တည်ဆောက်မည်

**ညောင်ရွှေ ဒီဇင်ဘာ ၂၉**

ရှမ်းပြည်နယ် တောင်ကြီးခရိုင် ညောင်ရွှေမြို့နယ်အတွင်းရှိ အင်းလေးကန်စိမ်းလန်းစိုပြည်ရေးနှင့် ရေရှည်တည်တံ့ရေးလုပ်ငန်းတွင် လက်လုပ်ဆည် ငါးခုတည်ဆောက်ရေးကို ၂၀၁၆ ခုနှစ် ဇန်နဝါရီလတွင် မတည်ဆောင်ရွက်သွားမည်ဖြစ်သည်။

အင်းတိုင်းရင်းသားရေးရာဝန်ကြီး ဦးဝင်းမြင့်၏ ကြီးကြပ်ဆောင်ရွက်မှု၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးဝင်းဌေးတို့က အင်းလေးကန်ဒေသလက်လုပ်ဆည်များ ဆောင်ရွက်ရာတွင် မိုးကာသား၊ သဲအိတ်များကို ကျပ်သိန်း ၇၀ ကျော် အကုန်အကျခံ၍ လက်လုပ်ဆည်တစ်ခုလျှင် လေးဖာလုံခြား တည်ဆောက်သွားမည်ဖြစ်သည်။ ဆည်တစ်ဆည်ဆောက်လျှင် ကန်ရေငါးလက်မခန့် ထိန်းထားနိုင်၍ အင်းလေးကန်တစ်ခုလုံး ကန်ရေသုံးပေခန့် ထိန်းထားနိုင်မည်ဖြစ်သည်။

အင်းလေးကန် ရေရှည်တည်တံ့ရေးလုပ်ငန်းလေးရပ်တွင် ဖော်တော်ဦးဘုရားအထိ ရေလမ်းကြောင်းတူးဖော်ခြင်း၊ သာစည်ကန်နှင့် နဒီကန်တူးဖော်ခြင်းကို ဆောင်ရွက်ခြင်း၊ ငါးလုပ်ငန်းဦးစီးဌာနက ငါးဖိန်းငါးမျိုးစိတ်တစ်သိန်းကျော် ထပ်မံစိုက်ထည့်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြသည်။

အဆိုပါ အင်းလေးကန်ကို လူသားနှင့် ဇီဝအဝန်းအဝိုင်းနယ်မြေအဖြစ် ယူနက်စကို(UNESCO)က သတ်မှတ်ခဲ့ရာ အင်းလေးကန်ဒေသသို့ နိုင်ငံခြားသားခရီးသည်များ နေ့စဉ်ဝင်ရောက်မှု ပိုမိုများပြားလျက်ရှိကြောင်း သိရသည်။

**ရွှေလင်းပြည့်စုံ**



အင်းလေးကန်သို့ လာရောက်လည်ပတ်ကြသော ခရီးသွားများအား စက်လှေဆိပ်တွင် တွေ့ရစဉ်။

## ထူးခြားသည့် ညအပူချိန်များ

**ထူးခြားသည့်ညအပူချိန်များမှာ နမ့်စန်မြို့၊ ပင်လောင်းမြို့၊ လွိုင်လင်မြို့နှင့် ဟားခါးမြို့တို့တွင် ၅ ဒီဂရီစင်တီဂရိတ်စီ၊ မိုးမိတ်မြို့၊ ဖလမ်းမြို့နှင့် ခန္တီးမြို့တို့တွင် ၆ ဒီဂရီ စင်တီဂရိတ်စီတို့ ဖြစ်ကြသည်။** (မိုး/ဇလ)

# စက်မှုနှင့် သက်မွေးပညာကာလတို သုံးလသင်တန်းအမှတ်စဉ်(၃)ဖွင့်

**နေပြည်တော် ဒီဇင်ဘာ ၂၉**

ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်မှုတွင် အခြေခံကျသောစက်မှုကျွမ်းကျင်လုပ်သားလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် ရွေ့လျားသင်တန်းများအစီအစဉ်ဖြင့် စက်မှုနှင့်အသက်မွေးပညာရပ်များကို ကျေးလက်ဒေသများအရောက် လိုက်လံဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။ အလားတူ အမှတ်(၁) စက်မှုသင်တန်းကျောင်း(ဆင်တဲ)တွင် ကာလတို(၃)လ သင်တန်းအမှတ်စဉ်(၃)အား ဒီဇင်ဘာ ၂၈ ရက် နံနက် ၉ နာရီတွင် သင်တန်းဖွင့်ပွဲအခမ်းအနားကို သင်တန်းကျောင်းရှိ စုဝေးခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားတွင် စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကိုကိုလွင်က သင်တန်းဖွင့်အမှာစကားပြောကြားသည်။ အဆိုပါသင်တန်းသားများအား အိမ်သုံးလျှပ်စစ် သွယ်တန်းခြင်းနှင့် မော်တာသင်တန်း၊ စိုက်ပျိုးရေးသုံးအင်ဂျင်နှင့်မော်တော်ဆိုင်ကယ်အင်ဂျင်ပြုပြင်ခြင်းသင်တန်းနှင့် သံဂဟေဆက်နှင့် ပိုက်ဆက်၊ ပိုက်ပြင်ခြင်းသင်တန်းများအား သင်ကြားပို့ချပေးမည်ဖြစ်ပြီး သင်တန်းသား ၆၄ ဦး တက်ရောက်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

# ဒီဇင်ဘာ ၂၉ရက် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၂၉ ရက် (အင်္ဂါနေ့) ဈေးပိတ်ချိန် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

| စဉ် | အမျိုးအစား | ထွက်ရှိရာဒေသ | ယူနစ် | ဈေးကွက် | ဈေးနှုန်း(ကျပ်)ပျမ်းမျှ အနိမ့်ဆုံးမှ အမြင့်ဆုံး | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁။ | ပေါ်ဆန်း(ဆန်) | နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်၊ ရွှေဘို) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၃၃၀၀၀ မှ ၅၀၀၀၀ | အဟောင်း |
| ၂။ | ပေါ်ဆန်း(ဆန်) | နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်၊ ရွှေဘို) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၆၀၀၀ မှ ၃၈၀၀၀ | အသစ် |
| ၃။ | ဇီရာ/ညို့မထ(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၉၀၀၀ မှ ၂၁၀၀၀ | အသစ် |
| ၄။ | ငစိန်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၉၅၀၀ မှ ၂၀၅၀၀ | အသစ် |
| ၅။ | မြီးတိုး(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၃၀၀၀ မှ ၂၆၀၀၀ | အဟောင်း |
| ၆။ | မြီးတိုး(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၁၀၀၀ မှ ၂၂၀၀၀ | အသစ် |
| ၇။ | သုခ(ဆန်) | နယ်စုံ | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၁၅၀၀ မှ ၂၂၅၀၀ | အသစ်/ရှယ် |
| ၈။ | ကြက်သွန်နီ | ဆိပ်ဖြူ၊ မြစ်သား၊ မြင်းခြံ | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၅၅၀ မှ ၁၅၅၀ | ရှယ်(သစ်)၊လတ် |
| ၁၀။ | ကြက်သွန်ဖြူ | ကြူကုတ် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၃၂၇၅ မှ ၃၃၀၀ | ရှယ်လတ် |
| ၁၁။ | ကြက်သွန်ဖြူ | တောင်ကြီး၊ အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၈၀၀ မှ ၃၃၀၀ | ထူး ၂၃၊၄၊၅ |
| ၁၂။ | အာလူး | အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၅၃၀ မှ ၆၂၀ | A1,OK,S1,S2 |
| ၁၃။ | စတော်ဘယ်ရီသီး | | တစ်ဗူး | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၇၀၀ မှ ၁၀၀၀ | |
| ၁၄။ | နှင်းသီး | | တစ်လုံး | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၃၀ မှ ၅၀ | |
| ၁၅။ | နာနတ်သီး | | တစ်လုံး | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၃၅၀ မှ ၈၀၀ | |
| ၁၆။ | သခွားမွှေးသီး | | တစ်တောင်း | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၆၀၀၀ မှ ၈၀၀၀ | |

လယ်ယာစိုက်ပျိုးရေးနှင့် ဈေးကွက်သတင်းအချက်အလက်အဖွဲ့ (AMIT) မှ ပေးပို့သည်။

# မိုးညှင်းမြို့နယ်တောင်သူများ အပိုဝင်ငွေရရှိရေး မြေပဲနှင့်ဖရဲခင်းများ စိုက်ပျိုးမှုပိုမိုများပြားလာ

**မိုးညှင်း ဒီဇင်ဘာ ၂၉**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ကျေးရွာတောင်သူများ အပိုဝင်ငွေရရှိရေးအတွက် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာတွင် မြေပဲစိုက်ခင်းများနှင့် ဖရဲသီးစိုက်ခင်းများကို ပိုမိုစိုက်ပျိုးလျက်ရှိလာသည်။

တောင်သူများနှင့် ယမန်နေ့က တွေ့ဆုံရာတွင် ဆီဈေးနှုန်းမြင့်တက်နေခြင်းကို ကုန်ကျငွေထိန်းနိုင်ရန်နှင့် ပဲဆီစစ်စစ်ဖြင့် မိသားစုစားသုံးနိုင်ပြီး ပိုလျှံဆီအားရောင်းနိုင်ရန်ရည်ရွယ်စိုက်ပျိုးကြောင်း ပြောသည်။ ဖရဲသီးစိုက်ခင်းစိုက်ပျိုးခြင်းမှာ မိသားစုအပိုဝင်ငွေရရှိရေးအတွက်ဖြစ်ကြောင်း တောင်သူတစ်ဦးက ပြောကြားသည်။ **(ဝဇ၃)**



# သမိုင်းလမ်းဆုံ မီးပွိုင့်အနီး ကျော်ပြာမော်တော်ယာဉ်မီးလောင်

**ရန်ကုန် ဒီဇင်ဘာ ၂၉**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ်(၂)ရပ်ကွက် သမိုင်းလမ်းဆုံ ရန်ကုန်အင်းစိန်ကတ္တရာခင်း ပေတစ်ရာလမ်းမကြီးပေါ်၌ ဟွန်ဒိုင်းကားအရောင်းပြခန်းရှေ့ 2D/----ဇုန်ထုတ် တိုယိုတာ တောင်းအေ့အဖြူရောင် ပစ်ကပ်ယာဉ်တစ်စီး မီးလောင်နေသည်ကို ယနေ့နံနက်ပိုင်းက တွေ့ရသည်။



မီးလောင်ရာသို့ မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးစိုးနိုင်နှင့် ဘုရင့်နောင်နယ်မြေရဲတပ်ဖွဲ့စခန်း ရဲအုပ်သန်းဝင်းတို့ကြီးကြပ်၍ မီးငြိမ်းသတ်ယာဉ်တစ်စီး၊ သန္နေမီးသတ် ၁၄ ဦး၊ အရန်မီးသတ် ၁၂ ဦးဖြင့် ငြိမ်းသတ်ခဲ့ရာ နံနက် ၁၀ နာရီ ၄၈ မိနစ်တွင် လုံးဝမီးငြိမ်းသွားကြောင်း သိရသည်။

မြို့နယ်မီးသတ်ဦးစီးမှူးက မီးပွိုင့်လမ်းဆုံ ဟွန်ဒိုင်းကားအရောင်းပြခန်းရှေ့ရောက်မှ ဘက်ထရီအိုးငုတ်လွတ်ရာက ဝိုင်ယာရှော့ဖြစ်ပြီး ယနေ့နံနက် ၁၀ နာရီ ၄၃ မိနစ်ခန့်မှာ မီးစတင်လောင်တယ်၊ ၁၀ နာရီ ၄၈ မိနစ်မှာ မီးငြိမ်းသွားတယ်၊ ဂက်စ်ယာဉ်မဟုတ်ဘဲ ဒီဇယ်အင်ဂျင်ယာဉ်ဖြစ်လို့ တော်သေးတယ်၊ ထိခိုက်ဒဏ်ရာရသူတော့မရှိဘူး” ဟု ပြောသည်။

ခရမ်းသုံးခွနေ ယာဉ်မောင်း ဇော်ဇော် (၃၈ နှစ်) အား ဘုရင့်နောင်နယ်မြေရဲတပ်ဖွဲ့စခန်းက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မျိုးမင်းသိန်း(မရမ်းကုန်း)**

# လိုင်စင်မဲ့တူမီးသေနတ်တစ်လက်နှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိ

**ကောလင်း ဒီဇင်ဘာ ၂၉**

ကသာခရိုင် ကောလင်းမြို့နယ် ချောင်းနားရဲကင်းစခန်းမှူး ရဲအုပ်ဇော်ဝင်းနှင့်အဖွဲ့သည် ဒီဇင်ဘာ ၂၈ ရက် နံနက် ၆ နာရီက ကောလင်းမြို့နယ် ပန်းမရဲကျေးရွာနေ ကျော်ရွှေ၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ခဲသီးများထည့်ထားသော ပလတ်စတစ်ဘူး တစ်ဘူး၊ ယမ်းမှုန့်များထည့်ထားသော ပလတ်စတစ်ဘူးတစ်ဘူးနှင့် လိုင်စင်မဲ့တူမီးသေနတ်တစ်လက်တို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

တူမီးသေနတ်နှင့် ဆက်စပ်ပစ္စည်းများတွေ့ရှိသူ ကျော်ရွှေ (၅၂ နှစ်) ပန်းမရဲကျေးရွာ ကောလင်းမြို့နယ်နေသူအား ကောလင်းမြို့မရဲစခန်းက စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **ဦးရဲ (ကသာ)**

# အရှိန်မထိန်းနိုင်သောဆိုင်ကယ် ထော်လာဂျီကို နောက်မှဝင်တိုက်

**တောင်တွင်းကြီး ဒီဇင်ဘာ ၂၉**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ် ဆတ်သွားရွာအနီးချောင်းနက်-နေပြည်တော်သွားကားလမ်းမိုင်တိုင်အမှတ် ၆၃/၄ နှင့် ၆၃/၅ အကြားတွင် ဒီဇင်ဘာ ၂၇ ရက် ညနေက ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယင်းလမ်းအတိုင်း ချောင်းနက်ကျေးရွာမှ နေပြည်တော်သို့ တောင်တွင်းကြီးမြို့နယ် သပြေပင်ကျေးရွာနေသူ မိုးသီဟထက် (၂၂ နှစ်) မောင်းနှင်လာသော ၄၂ယ/---- ဆိုင်ကယ်သည် ရှေ့တွင်မောင်းနှင်နေသော တောင်တွင်းကြီးမြို့နယ် သပြေပင်ကျေးရွာနေသူ မျိုးမင်းစိုး(၂၂ နှစ်)၏ ၉၅/---- ထော်လာဂျီကို အရှိန်မထိန်းနိုင်ဘဲ နောက်မှ ဝင်ရောက်တိုက်မိသဖြင့် မိုးသီဟထက်တွင် ဒဏ်ရာများရရှိခဲ့သည်။ ဆိုင်ကယ်မဆင်မခြင် မောင်းနှင်သူ မိုးသီဟထက်အား ဆတ်သွားနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သန်းနိုင်ဦး(ငဖဲ)**

# အာဆင်နယ်တို့အနိုင်ရပြီး မန်ယူနှင့် ချယ်လ်ဆီးတို့သရေကျ

**အင်္ဂလန်ပရီမီယာလိဂ်ပွဲစဉ်(၁၉) ရာသီဝက်နောက်ဆုံးပွဲစဉ်များ ယှဉ်ပြိုင်ကစားခဲ့ကြရာ အာဆင်နယ်က အိမ်ကွင်း၌ ဘုန်းမောက်ကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရပြီး ဖိအားများကြားမှရင်ဆိုင်နေရသည့် မန်ယူနှင့်ချယ်လ်ဆီးမှာ ဂိုးမရှိသရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။**

ဒီဇင်ဘာ ၂၈ ရက်က ယှဉ်ပြိုင်ကစားခဲ့သည့် အာဆင်နယ်နှင့် ဘုန်းမောက်ပွဲတွင် အာဆင်နယ်က ၄-၂-၃-၁ ကစားကွက်ဖြင့် ပွဲထွက်လာပြီး ဘုန်းမောက်မှာ ၄-၁-၄-၁ ပုံစံဖြင့် ပွဲထွက်ခဲ့သည်။ အာဆင်နယ်အသင်းတွင် ဂျီရော့ဒ်၊ ရမ်ဆေး၊ ဝဲလ်ကော့၊ အိုဇေး၊ ချမ်ဘာလိန်း၊ ချမ်ဘာစ်၊ ကီရန်ဂစ်စ်၊ ပေါ်လစ္စတာ၊ မာတီဆက်ကာ၊ ဘယ်လာရင်နှင့် ဂိုး-ပီတာဆက်ချ်တို့ပါဝင်ခဲ့သည်။ ဘုန်းမောက်တွင် ဂျိုချူကင်း၊ ဟယ်ရီအာတာ၊ မတ်ရစ်ချီး၊ ဆာမန်၊ မက်ပက်ချ်၊ ဒန်ဂေါ့စ်လင်း၊ ဆီမွန်ဖရန်ဆစ်၊ အဒမ်စမစ်၊ ချားလီဒန်နီယယ်စ်၊ စတီဗီကွတ်ခ်နှင့် ဂိုး-အာတာဘရစ်တို့ ပွဲထွက်ခဲ့သည်။

အာဆင်နယ်အသင်းသည် ဇယားထိပ် လက်စတာနှင့် အမှတ်မကွာဘဲ ရာသီဝက်ချန်ပီယံဖြစ်ဖို့ အရေးရှုန်းကန်ခဲ့ရာ ပွဲချိန် ၂၇ မိနစ်တွင် အိုဇေးဖန်တီးပေးပြီး နောက်တန်းကစားသမား ပေါ်လစ္စတာက အာဆင်နယ်အတွက် ဦးဆောင်ဂိုးသွင်းယူခဲ့သည်။ **(ယာပုံ)** ဒုတိယပိုင်း ၆၃ မိနစ်တွင် တိုက်စစ်မှူး ဂျီရော့ဒ်ဖန်တီးပေးပြီး အိုဇေးက အာဆင်နယ်အတွက် ဒုတိယဂိုးသွင်းယူခဲ့သည်။ ဧည့်သည်ဘုန်းမောက်အသင်း ချေပဂိုးပြန်လည်မသွင်းယူနိုင်ဘဲ ပွဲပြီးချိန်တွင် နှစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။

အာဆင်နယ်အသင်းပွဲစဉ် (၁၉) အပြီး ရမှတ် ၃၉ မှတ်ရရှိထားပြီး ဘုန်းမောက်အသင်းမှာ ရမှတ် ၂၀ ဖြင့် တန်းဆင်းဇုန်အထက် အဆင့် (၁၆)တွင် ရပ်တည်နေသည်။ အာဆင်နယ်အသင်းသည် ၂၀၁၆ ဇန်နဝါရီ ၂ ရက်တွင် နယူးကာဆယ်ကို အိမ်ကွင်းတွင် ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ဘုန်းမောက်အသင်းမှာ အဝေးကွင်းတွင် လက်စတာနှင့်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

မန်ယူနှင့် ချယ်လ်ဆီးပွဲတွင် နှစ်သင်းစလုံး ၄-၂-၃-၁ ကစားကွက်ဖြင့် ပွဲထွက်လာကြသည်။ ဖိအားများဖြင့် ယှဉ်ပြိုင်နေရသည့်နည်းပြဗန်ဟားလ်၏ မန်ယူပွဲထွက်စာရင်းတွင် ရွှန်းနီ၊ မာတာ၊ ရှနိုက်ဒါလင်၊ ရှဝိန်းစတိုင်ဂါ၊ မာရှယ်၊ ဟာရဲရား၊ ဘလိုင်း၊ စမောလင်း၊ အက်ရှ်လေယန်း၊ ဒါမိန်းနှင့် ဂိုး-ဒီဂီယာတို့ပါဝင်ခဲ့သည်။ နည်းပြသစ်ဟာစ်ဒင့်ခ်၏ ချယ်လ်ဆီးအသင်းတွင် ဟာဇတ်၊ ဂျွန်အိုဘီ၊ ပက်ဒရို၊ အော်စကာ၊ ဝီလီယံ၊ မာတစ်၊ အက်ဇ်ပီလီကျူတာ၊ ဂျွန်တယ်ရီ၊ ဇူးမား၊ အိုင်ဗန်နိုဗစ်နှင့် ဂိုး-ကော့တွိုက်တို့ ပါဝင်ခဲ့သည်။

မန်ယူအသင်းသည် ဘောလုံးပိုင်ဆိုင်မှုအသာစီးရရှိခဲ့ပြီး ဂိုးကန်သွင်းခွင့် ခုနစ်ကြိမ်အနက် နှစ်ကြိမ်သာ ဂိုးပေါက်ခြိမ်းခြောက်နိုင်ခဲ့သည်။ ချယ်လ်ဆီးအသင်းသည် ဂိုးကန်သွင်းခွင့် ရှစ်ကြိမ်ရရှိပြီး သုံးကြိမ်ဂိုးပေါက် ခြိမ်းခြောက်နိုင်ခဲ့သည်။ အသင်းကြီးနှစ်သင်းအပြန်အလှန်ဖိအားပေးခဲ့သော်လည်း ဂိုးမရရှိဘဲ သရေရလဒ်ဖြင့်သာ ကျေနပ်ခဲ့ရသည်။

ပွဲစဉ် ၁၉ အပြီး မန်ယူအသင်း ရမှတ် ၃၀ ဖြင့် အဆင့် (၆) တွင် ရပ်တည်နေပြီး ချယ်လ်ဆီးမှာ ရမှတ် ၂၀ ဖြင့် အဆင့်(၁၄ )တွင် ရပ်တည်နေသည်။ ဇန်နဝါရီ ၂ ရက်တွင် မန်ယူအိမ်ကွင်းတွင် ဆွမ်ဆီးကို ဧည့်ခံကစားရမည်ဖြစ်ပြီး ချယ်လ်ဆီးက ဇန်နဝါရီ ၃ ရက်တွင် ပဲလေ့စ်ကို အဝေးကွင်း၌ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

အခြားပွဲစဉ်များအဖြစ် စပါးတို့က အဝေးကွင်း၌ ဝက်ဖို့ဒ်ကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အဲဗာတန်နှင့် စတုတ်တို့ပွဲတွင် စတုတ်က လေးဂိုး-သုံးဂိုးဖြင့်လည်းကောင်း၊ နော့ဝှစ်ချ်က ဗီလာကို နှစ်ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ ဝက်စ်ဘရွန်းက နယူးကာဆယ်ကို တစ်ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း အနိုင်ရပြီး ပဲလေ့စ်နှင့် ဆွမ်ဆီးတို့ ဂိုးမရှိ သရေဖြစ်ခဲ့သည်။

ဝက်စ်ဟမ်းက ဆောက်သမ်တန်ကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ **သီဟ**



## တစ်ချက်တည်းကျင်းဝင်

ဗိုလ်မှူးမောင်ထွေး (ငြိမ်း)သည် ၂၅-၁၂-၂၀၁၅ရက် (Merry Christmas Day) မွန်းလွဲ ၁း၄၅ နာရီတွင် ရန်ကုန်မြို့တော်ဂေါက်ကွင်း၊ ငွေသော်တာ ကွင်းအတွင်း၌ ကစားဖော်များဖြစ်သော ဦးစိုးဝင်း၊ ဦးစိန်ဦး၊ ဦးခွန်အောင်စိုး၊ ဦးခင်မောင်ဌေးတို့နှင့်အတူ ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ် (၅)၊ ၁၇၇ကိုက်အကွာမှ Titleist No(3)ဘောလုံးကို Maruman Exin Nano II, No(6)သံတုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်ခဲ့ပါသည်။ ၄င်းကျင်း အမှတ်(၅)၌ပင် ၆-၁၂-၂၀၁၁ရက်တွင် တစ်ကြိမ်၊ ယခုတစ်ကြိမ် (၂)ကြိမ်မြောက်ဝင်ရောက်ခဲ့သည့်အတွက် အထူးဝမ်းမြောက်မှတ်တမ်းတင် ဂုဏ်ပြုအပ်ပါသည်။

**(ကစားဖော်များ)**

## ဖခင်အမည်မှန်

ကချင်ပြည်နယ်၊ ရွှေကူမြို့၊ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်း(က)မှ မောင်ညီညီအောင်၏ ဖခင်အမည်မှန်မှာ ဦးအောင်ငွေ ၁/ရကန(နိုင်)၀၀၇၈၅၃ ဖြစ်ပါကြောင်း။ **ဦးအောင်ငွေ**

## ဖခင်အမည်မှန်

ဒေါ်ဆွေဆွေမြ (၁၂/လမန(နိုင်)၀၀၃၅၄၀) အထက်တန်းပြ၊ အ.ထ.က(၂)မရမ်းကုန်း၏ဖခင်အမည်မှန်မှာ ဦးငွေမြ(ခ)ဦးငွေမြအောင်ဖြစ်ပါသည်။ **ဦးငွေမြ(ခ)ဦးငွေမြအောင်**



# ကသာမြို့နယ်၌ ဘိန်းဖြူနှင့် ဘိန်းစိမ်းများ ဖမ်းဆီးရမိ



ပြစ်မှုကျူးလွန်သူ ဇော်ထွယ်အောင်ကို ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၂၉**

မူးယစ်တပ်ဖွဲ့စု(၆) ကသာမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၂၇ ရက်က ဗန်းမော်-ကသာ-အင်းတော်ကားလမ်း လမ်းခွကျေးရွာ လမ်းအသုံးပြုခကောက်ခံရေး စခန်းအနီးတွင် ဘိန်းဖြူများဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ မူးယစ်တပ်ဖွဲ့စု(၆) ကသာမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် အဆိုပါ လမ်းအသုံးပြုခ ကောက်ခံရေးစခန်းအနီး၌ ကသာမြို့ဘက်မှ အမျိုးသားနှစ်ဦး စီးနင်းလာသည့် ဆိုင်ကယ်ကို ရှာဖွေရန် တားဆီးစဉ် မောင်းနှင်ထွက်ပြေးသဖြင့် လိုက်လံဖမ်းဆီးရာ စိုးကျော်အား ဖမ်းဆီးရမိပြီး ထွက်ပြေးသွားသူမှာ သန်းထွန်းဖြစ်ကြောင်း၊ စိုးကျော်အား ရှာဖွေရာ ဘိန်းဖြူအလေးချိန် ၀ ဒသမ ၀၂၂ ကီလို သိမ်းဆည်းရမိသည်။

အလားတူ ဒီဇင်ဘာ ၂၇ ရက်က ဝိုင်းမော်-ဆဒုံးသွားကားလမ်းမပေါ်တွင် ဆဒုံးမြို့ဘက်မှ ဝိုင်းမော်မြို့ဘက်သို့ ဇော်ထွယ်အောင် မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရှာဖွေရာ ဘိန်းစိမ်း ၂ ဒသမ ၅ ကီလို သိမ်းဆည်းရမိသဖြင့် ၄င်းတို့အား သက်ဆိုင်ရာ ရဲစခန်းက အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# အလုံလမ်းဘူတာတွင် အမျိုးသားတစ်ဦး ရထားပေါ်မှ ပြုတ်ကျသေဆုံး

**ရန်ကုန် ဒီဇင်ဘာ ၂၉**

ဒီဇင်ဘာ ၂၈ ရက် ညနေက အမျိုးသားတစ်ဦး ရထားပေါ်မှပြုတ်ကျ သေဆုံးခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်မှာ ကျော်စိုးဝင်း (၂၉နှစ်) မြန်မာ့မီးရထားလျှပ်စစ်ဝန်ထမ်း အင်းစိန်စက်ခေါင်းစက်ရုံ မင်္ဂလာတောင်ညွန့်မြို့နယ် မီးရထားဝင်းနေသူသည် ရန်ကုန်ဘူတာကြီးမှ လှော်ကားဘူတာသို့ ပြေးဆွဲသည့် မြို့ပတ်ရထား (ပိတောက်၁၂)အဆန်ပေါ်မှ အလုံဘူတာအရောက် မီးရထားပေါ်မှ ခြေချော် ပြုတ်ကျသဖြင့် ဒဏ်ရာများရရှိပြီး သေဆုံးခဲ့ကြောင်း သိရသည်။

သေဆုံးသူအား သံဝေဂ အခမဲ့နာရေးကူညီမှုအသင်းမှ လူငယ်များ ကူညီမှုဖြင့် ရန်ကုန်ဆေးရုံကြီးသို့ ပေးပို့ခဲ့သည်။

သေဆုံးမှုနှင့်စပ်လျဉ်း၍ အလုံမြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**တင်မောင်ဦး(အလုံ)**

# ပခုက္ကူမြို့၌ အမျိုးသမီးတစ်ဦး ကားကြိတ်သေဆုံး

**ပခုက္ကူ ဒီဇင်ဘာ ၂၉**

ပခုက္ကူမြို့ အမှတ်(၁၁)ရပ်ကွက်၌ ဆိုင်ကယ်ကယာဉ်ကို ကျော်တက်စဉ် အမျိုးသမီးတစ်ဦး ကားကြိတ်သေဆုံးခဲ့မှု ဒီဇင်ဘာ ၂၈ ရက် ညနေက ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၂၈ ရက် ညနေက ပခုက္ကူ-မြိုင်ကားလမ်းအတိုင်း မြိုင်ဘက်မှ ပခုက္ကူဘက်သို့ မောင်စိုး(ခေါ်)သန်းလွင်စိုး (၄၂)နှစ် မြေပန်းတောင်းကျေးရွာ ပခုက္ကူမြို့နယ်နေသူ မောင်းနှင်လာသော ဆ/---TE ဟီးနိုး ခြောက်ဘီးယာဉ်သည် အမှတ်(၁၁)ရပ်ကွက် (၆) လမ်းဘက်သို့ ရုတ်တရက်ချိုးကွေ့စဉ် နောက်မှ ကပ်ပါလာသော ဖြူသဉ္ဇာ (၂၂နှစ်) အမှတ်(၆)ရပ်ကွက် ပခုက္ကူမြို့နေသူ မောင်းနှင်ပြီး နောက်တွင် တစ်ရပ်ကွက်တည်းနေ ဒေါ်တင်ရွှေ (၅၈) နှစ် လိုက်ပါလာသည့် ၃၁ယ/--- ဆိုင်ကယ်မှာ ယာဉ်၏ယာဘက် နောက်ဘီးရှေ့သို့ ဝင်ရောက်တိုက်မိပြီး ဖြူသဉ္ဇာမှာ ယာဉ်နောက်ဘီးနှင့် ကြိတ်မိကာ သေဆုံးသွားခဲ့ပြီး ဒေါ်တင်ရွှေတွင် ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်း မောင်စိုးအား ပခုက္ကူ မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကျော်ဇေယျ**

# မော်ဒယ်အေးချမ်းမြတ်မိုး အသတ်ခံရမှုကျူးလွန်သူကို အလုပ်နှင့် ထောင်ဒဏ် (၁၀) နှစ်ချမှတ်

**ရန်ကုန် ဒီဇင်ဘာ ၂၉**

မော်ဒယ်အေးချမ်းမြတ်မိုး အသတ်ခံရမှုနှင့်ပတ်သက်၍ ပြစ်မှုကျူးလွန်သူကို ယနေ့နံနက်ပိုင်းတွင် အနောက်ပိုင်းခရိုင်တရားရုံးက အလုပ်ကြမ်းနှင့် ထောင်ဒဏ် (၁၀)နှစ် ချမှတ်လိုက်သည်။

အဆိုပါအမှုတွင် ပြစ်မှုကျူးလွန်သူ မောင်အံ့ဖြိုးပိုင်ကို အနောက်ပိုင်းခရိုင်တရားရုံးက ဒီဇင်ဘာ ၂၉ ရက် နံနက် ၁၁ နာရီတွင် ယင်းကဲ့သို့ အမိန့်ချမှတ်လိုက်ခြင်းဖြစ်ပြီး ချုပ်ရက်များကို ပြစ်ဒဏ်မှ ထုတ်နုတ်ခံစားခွင့်ပြုခဲ့သည်။

မော်ဒယ်အေးချမ်းမြတ်မိုးအား ၂၀၁၄ ခုနှစ် ဩဂုတ် ၂၆ ရက်တွင် ဓားဖြင့်ထိုးသတ်ခဲ့သည့်အမှုနှင့် စပ်လျဉ်း၍ မောင်အံ့ဖြိုးပိုင်ကို ဒဂုံမြို့နယ်ရဲစခန်းတွင် အမှုဖွင့်အရေးယူခဲ့ပြီး တစ်နှစ်နှင့် ငါးလအကြာတွင် အနောက်ပိုင်းခရိုင်တရားသူကြီးက ယင်းကဲ့သို့ အမိန့်ချမှတ်ခဲ့ခြင်းဖြစ်သည်။

အသက် (၁၉) နှစ် အရွယ်တက္ကသိုလ်သစ်စ မော်ဒယ်အေးချမ်းမြတ်မိုး၏ နေအိမ်ဝင်ပေါက်အနီး၌ မောင်အံ့ဖြိုးပိုင်က ဩဂုတ် ၂၆ ရက်တွင် စကားများရန်ဖြစ်ရာမှ အေးချမ်းမြတ်မိုး၏ လည်ပင်း၌ ဓားဒဏ်ရာရရှိပြီး ယင်းဒဏ်ရာဖြင့် သေဆုံးခဲ့ခြင်းဖြစ်သည်ဟု ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ သတင်းထုတ်ပြန်ထားသည်။

သေဆုံးသူမှာ ဒဂုံတက္ကသိုလ်၌ အင်္ဂလိပ်စာဒုတိယနှစ် တက်ရောက်နေသူဖြစ်ပြီး ဂျာနယ်နှင့် မဂ္ဂဇင်းအချို့၌ မျက်နှာဖုံးမော်ဒယ်အဖြစ် ဖော်ပြခဲ့သည့်အပြင် အနုပညာလုပ်ငန်းများ လုပ်ကိုင်နေသူတစ်ဦးဖြစ်သည်။

တက်သစ်စမော်ဒယ် အေးချမ်းမြတ်မိုးအသတ်ခံရမှု ဖြစ်ပွားစဉ်က လူမှုကွန်ရက်စာမျက်နှာများတွင် ပျံ့နှံ့ခဲ့ရာမှ ပြည်သူများ အထူးစိတ်ဝင်စားခဲ့ကြပြီး ယနေ့အပြီးသတ် အမှုစီရင်ချက်ချမှတ်သည့်နေ့တွင် အနောက်ပိုင်းခရိုင်တရားရုံးသို့ သတင်းမီဒီယာများ၊ ၄င်းတို့၏ ဆွေမျိုးများနှင့် စိတ်ပါဝင်စားသူပြည်သူများ အထူးများပြားခဲ့ကြောင်း တွေ့မြင်ရသည်။

**သတင်း - ဇော်ကြီး(ပဏ္ဍိတ)**

# ထိုင်းနိုင်ငံ ရနောင်းမြို့၌ မြန်မာအမျိုးသမီးတစ်ဦးအသတ်ခံရ

**ရနောင်း ဒီဇင်ဘာ ၂၉**

ကော့သောင်းမြို့နယ်စပ် ထိုင်းနိုင်ငံ ရနောင်းမြို့ ပေါက်ခေါင်းနယ်မြေ၌ ဒီဇင်ဘာ ၂၆ ရက် ညပိုင်းက မြန်မာအမျိုးသမီးတစ်ဦး အသတ်ခံရကြောင်း သိရသည်။

ဖြစ်စဉ်မှာ ထိုင်းနိုင်ငံ ရနောင်းမြို့ပေါက်ခေါင်းနယ်မြေ၌ အလုပ်လုပ်ကိုင်နေသည့် ခင်ပွန်းရှိသူ မြန်မာအမျိုးသမီးကို ဒီဇင်ဘာ ၂၆ ရက် ည ၁၀ နာရီက ၄င်းကို တစ်ဖက်သတ်ကြိုက်နေသည့် အိမ်နီးချင်းဖြစ်သူ ထိုင်းနိုင်ငံသား တစ်ဦးက ခင်ပွန်းမရှိခိုက်၄င်း၏ နေအိမ်အခန်းသို့ လာရောက်ကာ အငြိုးကြီးစွာဖြင့် ဓားဖြင့်ခုတ်သတ်ရာ သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်၍ ထိုင်းနိုင်ငံသားမှာ ထွက်ပြေးတိမ်းရှောင်လျက်ရှိရာ ရနောင်းမြို့ ပါနန်ရဲစခန်း၌ အမှုဖွင့်ထားပြီး ရဲတပ်ဖွဲ့က ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးရမိရေး စုံစမ်းရှာဖွေလျက်ရှိကြောင်း ရနောင်းမြို့မှ တစ်ဆင့် သိရသည်။

**ကျော်စိုး (ပြန်/ဆက်)**

# မြင်းလှည်းအား ကားဝင်တိုက် ငါးဦး ဒဏ်ရာရ

**ချောက် ဒီဇင်ဘာ ၂၉**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် ချောက်မြို့ အမှတ်(၅)ရပ်ကွက် တမာတန်းရပ် ချောက်-စဥ့်ကူးသွား ကားလမ်း မိုင်တိုင်အမှတ် ၂၀/၇ နှင့် ၂၁ အကြားတွင် ဒီဇင်ဘာ ၂၇ ရက် နံနက်က ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယင်းလမ်းအတိုင်း ချောက်မြို့တွင်းဘက်မှ စဥ့်ကူးမြို့ဘက်သို့ မကွေးမြို့ အောင်မေတ္တာရပ်ကွက် (၄)လမ်းနေသူ ခင်မောင်ဝင်း (၅၅)နှစ် မောင်းနှင်သော ၆ယ/---- အဖြူရောင်ယာဉ်သည် ယင်းလမ်းအတိုင်းရှေ့တွင် မောင်းနှင်နေသော ချောက်မြို့ကွက်သစ် အနောက်ရပ်ကွက်နေသူ ဦးတင်မြတ် (၅၁ နှစ်) ၏ မြင်းလှည်းကို အရှိန်မထိန်းနိုင်ဘဲ နောက်မှဝင် ရောက်တိုက်မိသဖြင့် မြင်းလှည်းမောင်း ဦးတင်မြတ်နှင့် ခရီးသည် အမျိုးသမီး လေးဦးတို့မှာ ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။ ယာဉ်အား မဆင်မခြင်မောင်းနှင်သူ ခင်မောင်ဝင်းအား ချောက်မြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**မောင်ညီညာ(မြေလတ်)**




# စစ်တောင်းမြစ်ကူးတံတားဟောင်းငုတ်တိုင်များ ရေနည်းပါးချိန် ဖယ်ရှားရှင်းလင်းသင့်



**ထန်းတပင် ဒီဇင်ဘာ ၂၉**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ထန်းတပင်မြို့နှင့် အုတ်တွင်းမြို့နယ် မြင်းစုကျေးရွာကို ဆက်စပ်တည်ဆောက်ထားသော အမှတ်(၃)စစ်တောင်းမြစ်ကူးတံတားကြီးပြီးစီးသွားပြီဖြစ်၍ အဆိုပါတံတားကြီး၏အထက်ပိုင်း၌ ဖျက်သိမ်းထားသည့် ယာယီမြစ်ကူးတံတားငုတ်တိုင်များသည် မိုးရာသီကာလ ရောက်လာသည့်အခါ မြစ်တွင်းသွားလာကြရသည့် စက်တပ်လှေများအတွက် အန္တရာယ်များပြားလျက်ရှိပြီး ယခုလိုမြစ်ရေ နည်းပါးချိန်၌ ဖျက်သိမ်းသင့်ကြောင်း ထန်းတပင်မြို့ခံများက ပြောသည်။

"ဆောင်းရာသီနဲ့ မိုးရာသီဆိုရင် မြစ်ရေနည်းသွားပြီ။ အဲဒီအချိန်တွေမှာ အချိန်မီဖျက်နိုင်မှရမှာ၊ တံတားဟောင်းကရှည်တော့ တော်တော်နဲ့ပြီးဖို့ မလွယ်ဘူး"ဟု မြို့ခံတစ်ဦးကပြောသည်။ တံတားသစ်ကြီးတည်ဆောက်မှု မပြီးခင်က အဆိုပါ ယာယီမြစ်ကူးတံတားကို နှစ်စဉ်လေလံစနစ်ဖြင့် လုပ်ကိုင်ခွင့်ပြုခဲ့ပြီး မြစ်ရေနည်းပါးသည့်ကာလများတွင် ထန်းတပင်မြို့နယ်မှ တောင်ငူမြို့သို့ ခရီးသွားလာကြရာ၌ အခကြေးငွေဖြင့်သာသွားလာကြရသည့် တံတားလည်းဖြစ်သည်။

**ကိုလွင်(ဆွာ)**

# မီးသတ်စခန်းအဆောက်အအုံသစ် ဆောက်လုပ်မှု ကြည့်ရှုစစ်ဆေး

**ပုလဲ ဒီဇင်ဘာ ၂၉**



စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၁၅ - ၂၀၁၆ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ယင်းမာပင်ခရိုင် ပုလဲမြို့၌ မြို့နယ်မီးသတ်စခန်း အဆောက်အအုံသစ်ကို ဟေမာန်ဝသန်ကုမ္ပဏီက တာဝန်ယူ ဆောက်လုပ်လျက်ရှိသည်။

ပုလဲမြို့နယ် အရန်မီးသတ်တပ်ခွဲမှူး ဦးမြင့်ဝေက "မြို့နယ်အရန်မီးသတ်တပ်ဖွဲ့အနေနဲ့ ဒေသခံပြည်သူများ မီးဘေးအန္တရာယ် မကျရောက်အောင် အတတ်နိုင်ဆုံး ဆောင်ရွက်ပေးခဲ့တာ နှစ်ပေါင်း ၂၅ နှစ် ကျော်ခဲ့ပါပြီ။ ၂၀၁၃ခုနှစ်မှာ ကျွန်တော်တို့ မြို့နယ်အတွက် နှစ်ယူနစ် မြန်မာနိုင်ငံမီးသတ်ဖွဲ့စခန်းသစ်ရရှိခဲ့ရာ အဆောက်အအုံ မရှိသေးတဲ့အတွက် မြို့နယ်အရန်မီးသတ်တပ်ဖွဲ့ရုံးမှာပဲ စခန်းတာဝန်ခံနဲ့ တပ်ဖွဲ့ဝင်တွေထားရှိခဲ့ရာက ဒီနှစ်မှာတော့ မြို့နယ်မီးသတ်စခန်း အဆောက်အအုံသစ်ကြီး ဆောက်လုပ်ဖို့ ရန်ပုံငွေတွေခွင့်ပြုပေးခဲ့တဲ့အတွက် ဆောက်လုပ်လျက်ရှိရာ ပြီးစီးသလောက်ရှိပါပြီ" ဟု ပြောကြားသည်။

ပုလဲမြို့နယ် မီးသတ်စခန်း အဆောက်အအုံသစ်သည် အလျား ၄၅ ပေ၊ အနံ ၃၉ ပေ ၊ အမြင့် ၁၅ ပေရှိသည့် အာစီတစ်ထပ် အဆောက်အအုံဖြစ်ပြီး ဇူလိုင်လအတွင်းက စတင်တည်ဆောက်ခဲ့ကာ ၉၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**မင်းခန့်စိုး( ဇေယျာမြေ)**

# မြို့ဝင်ကြေးကောက်ခံမှု ခေတ္တရပ်ဆိုင်း၍ ကုန်တင်ယာဉ်ပိုင်ရှင်များ အဆင်ပြေမှုရှိလာ

**ရန်ကုန် ဒီဇင်ဘာ ၂၉**

ရန်ကုန်မြို့တွင်း ဝင်ရောက်လာသောယာဉ်များကို ယခုရက်ပိုင်းတွင် မြို့ဝင်ကြေးကောက်ခံမှု ရပ်ဆိုင်းထားကြောင်း ဒီဇင်ဘာ ၂၈ ရက်က ပုသိမ်မှ ရန်ကုန်သို့ ကုန်တင်ဆောင်လာသော ကုန်ကားငယ် 4G/---ယာဉ်မောင်း ကိုအောင်နှင့် ချက်ပလက်ခြောက်ဘီးကုန်ယာဉ် ဆ/----မှ ယာဉ်မောင်း ကိုယုတို့က ပြောသည်။

ရန်ကုန်မြို့တွင်းယာဉ်ပိတ်ဆို့မှုလျော့ပါးစေရေးအတွက် ရန်ကုန်မြို့တွင်းသို့ ဝင်ရောက်လာသောယာဉ်များကို မြို့အဝင်၌ မြို့ဝင်ကြေးကောက်ခံမည့် အမိန့်ကြေညာစာအမှတ် ၃/၂၀၁၄ ကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ၂၀၁၄ နိုဝင်ဘာ ၄ ရက်နေ့စွဲဖြင့် ထုတ်ပြန်ခဲ့သည်။

ယင်းအမိန့်ကြေညာစာအမှတ်တွင် ကုန်တင်လာသည့်မော်တော်ယာဉ်များအပါအဝင် ယာဉ်အမျိုးအစား ရှစ်မျိုးကို မြို့ဝင်ကြေးကောက်ခံခွင့်မှ ကင်းလွတ်ခွင့်ပြုထားပြီး ကျန်ယာဉ်များကို ယာဉ်အမျိုးအစားနှင့် တန်ချိန်၊ ယာဉ်များ၏ နေရပ်ဒေသများအပေါ်မူတည်၍ နှုန်းထားအမျိုးမျိုးဖြင့် ငွေကျပ် ၁၀၀ မှ ၁၀၀၀၀ အထိ ၂၄ နာရီ ကောက်ခံမည်ဟု ဖော်ပြပါရှိသည်။

မြို့ဝင်ကြေးကောက်ခံမှု စတင်သည့်ကာလတွင် မြို့တော်စည်ပင်မှ ကောက်ခံခဲ့သော်လည်း မြို့အဝင်ဂိတ် ၁၀ ခုတွင် ပုဂ္ဂလိကကုမ္ပဏီများကို လေလံပေး၍ ကောက်ခံမှုရှိခဲ့သည်။ ယင်းသို့ ပုဂ္ဂလိကကောက်ခံမှု လေလံလုပ်ငန်းရှင်များအနေဖြင့် မြို့ဝင်ကြေးကင်းလွတ်ခွင့်ပြုထားသော ကုန်တင်ဆောင်လာသည့်ယာဉ်များကို အကြောင်းအမျိုးမျိုးပြ မြို့ဝင်ကြေးကောက်ခံမှုများ ယခုလအထိကြုံတွေ့ရမှုများ ရှိခဲ့သည်။

မြို့တော်စည်ပင်မှ ကင်းလွတ်ခွင့်ပြုသော ယာဉ်အမျိုးအစား ရှစ်မျိုးတွင် ပါဝင်သော ကုန်တင်ဆောင်လာသည့် ယာဉ်များဖြင့် မြို့ဝင်ကြေးကောက်ခံသည့် ဂိတ်များတွင် ကုန်တင်ယာဉ်လုပ်သားများနှင့် မြို့ဝင်ကြေးကောက်ခံသူများ အခြေအတင်စကားပြောဆိုခြင်းနှင့် မလိုလားအပ်သော အချင်းများရန်ဖြစ်မှုမျိုးများ ရှိခဲ့သည်ဟု ဘုရင့်နောင်ပွဲရုံဝင်းအတွင်း အဝေးပြေး ကုန်တင်ကားဂိတ်များမှ သိရသည်။

ယခုအခါ မြို့ဝင်ကြေးကောက်ခံမှုကို ယာယီရပ်ဆိုင်းထားမှုရှိလာသဖြင့် မြို့ဝင်ကြေးပေးဆောင်ရသော ယာဉ်အမျိုးအစားများသာမက ကင်းလွတ်ခွင့်ပြုထားသော်လည်း တစ်ပြေးညီကင်းလွတ်ခွင့် မရရှိသည့် ကုန်တင်ဆောင်လာသော ကုန်ကားပိုင်ရှင်များအတွက် ငွေကြေးသက်သာလာမှုနှင့် စကားအခြေအတင်ပြောရာမှ အချင်းများရမှုကြုံတွေ့ခြင်းမရှိနိုင်သည့်အတွက် အဆင်ပြေလာသည်ဟု ပြောသည်။

ဒီဇင်ဘာ ၂၉ ရက်နံနက် ၂ နာရီတွင် လှိုင်သာယာ ဒဂုံဧရာအဝေးပြေး အနီးရှိ မြို့ဝင်ကြေးဂိတ်ခအဖြစ် မြို့ဝင်ကြေးကောက်ခံမှု ထပ်မံကြုံတွေ့ရသည်ဟု ရန်ကုန်မှ ပုသိမ်သို့ ကုန်တင်ဆောင်ထွက်ခွာလာသော ခြောက်ဘီးကုန်ကား UDအမျိုးအစား AYY၄ခ/----မှ ပိုင်ရှင်ဖြစ်သူ ကိုယ်ပိုင်ယာဉ်မောင်း ကိုရဲဝင်းချိုက ဆိုသည်။

**ခင်ဆိုင်**

# ကျောင်းဆောင်သစ် အဆင့်တိုးမြှင့်ဖွင့်

**မအူပင် ဒီဇင်ဘာ ၂၉**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ် မီးသွေးချောင်းကျေးရွာအုပ်စု တံခွန်တိုင်ကျေးရွာ၌ အခြေခံပညာအလယ်တန်းကျောင်းခွဲ ကျောင်းဆောင်သစ် အဆင့်တိုးမြှင့် ဆောက်လုပ်သည့် ပန္နက်တင်မင်္ဂလာ အခမ်းအနားကို ဒီဇင်ဘာ ၂၇ ရက်က အဆိုပါကျောင်းဆောက်လုပ်မည့် မြေနေရာ၌ ကျင်းပသည်။

**(ခရိုင် ပြန်/ဆက်)**


**7Stars(ရာထူးဝင်သင်တန်းကြီး)**

☆ ကျူတာ ဝင်ခွင့် (ပုံမှန် / အနီးကပ်)

ဦးအေးကျော် ( Senior Counsel ) တရားသူကြီးဟောင်း ဦးစီးသင်ကြားသည်။

☆ J.O ဝင်ခွင့်

ကျူတာဝင်ခွင့်အတွက် အပြည့်စုံဆုံးမှတ်စုများ၊ ရောင်းချပေးနေပါပြီ၊ နယ်သို့ပို့ပေးသည်။

တိုက်(18 / 3B)၊ သပြေညိုကွန်ဒို(၁)၊ ဦးထွန်းလင်းခြံလမ်း၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ကျောင်းခွဲ (လှိုင်) မရှိပါ ။

09.789107733, 09.780080052, 09421052736, 09.799860155

**ဆရာဌေး နှင့် သမီး-ဆရာမ ဒွေးစန္ဒာလွင်**
B.A (Hons), M.A (English)

**အင်္ဂလိပ်စာ သဒ္ဒါ နှင့် အရေးသီးသန့်**

တစ်နိုင်ငံလုံးမှာ မူလတီထွင်သင်ကြားသော သုံးဆင့်သင်နည်းသစ် စာအုပ် (ပ/ဒုတွဲ) အမြို့မြို့ ဆိုင်တိုင်းတွင်ရပြီ။ တစ်ပတ်(၂)ရက် (၅)လတက်ရုံနှင့် လုံးဝရေးတတ်မည်။ ဘွဲ့ကြို၊ ဘွဲ့ရ၊ ၁၀-တန်းဖြေ/အောင်၊ အလုပ်ဝင်နေသူ အရွယ်မရွေးတက်ပါ။

ဇန်နဝါရီ (၆ / ၉)ရက်နေ့ (ပ / ဒု)တန်းခွဲသစ်ဖွင့်မည်။ လစဉ်တန်းခွဲသစ် ဖွင့်သည်။

**ဌေးသင်တန်း** ၄တန်းမှ ၁၀ တန်းထိ လက်ခံနေပြီ။ မတ်(၉)ရက် စမည်။

၂၂၄၊ ပန်းဆိုးတန်း(ထက်)ဂုံးတံတားအဆင်း မီးပွိုင့်အနီး၊ ရန်ကုန်မြို့။

Ph: 01-375970, 0951 72096, 09254541441


## ကွန်ပျူတာတက္ကသိုလ်(သထုံ) ဘွဲ့နှင်းသဘင်ကြေညာချက်

၁။ ကွန်ပျူတာတက္ကသိုလ်(သထုံ)၏ အဋ္ဌမအကြိမ်မြောက် ဘွဲ့နှင်းသဘင် အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကွန်ပျူတာတက္ကသိုလ် (သထုံ)၏ ဘွဲ့နှင်းသဘင်ခန်းမတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

(က) **ဘွဲ့နှင်းသဘင်အကြိုလေ့ကျင့်ခြင်း** - ၂၀-၂-၂၀၁၆ရက်(စနေနေ့) နံနက်၉နာရီ

**ဘွဲ့နှင်းသဘင်ကျင်းပခြင်း** - ၂၁-၂-၂၀၁၆ရက်(တနင်္ဂနွေနေ့) နံနက်၉နာရီ

(ခ) **လျှောက်လွှာများတင်ခြင်း**

**စတင်ရမည့်ရက်** - ၂၈-၁၂-၂၀၁၅ရက်(တနင်္လာနေ့)

**နောက်ဆုံးရက်** - ၁၅-၁-၂၀၁၅ရက်(သောကြာနေ့)

၂။ ဘွဲ့နှင်းသဘင်အခမ်းအနားသို့ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များလျှောက်ထားနိုင်ပါသည်။

(က) ၂၀၁၃-၂၀၁၄ပညာသင်နှစ်၏ B.C.Sc (Hons.)နှင့် B.C.Tech (Hons.) အောင်မြင်ပြီးသူများ၊

(ခ) ၂၀၁၄-၂၀၁၅ ပညာသင်နှစ် B.C.sc,B.C.Tech အောင်မြင်ပြီးသူများ

၃။ ဘွဲ့နှင်းသဘင်အတွက် မြန်မာဝတ်စုံ(သို့) အနောက်တိုင်းဝတ်စုံပြည့်ဖြင့် ဝတ်ဆင်ရိုက်ကူးထားသော (တစ်လက်မခွဲ×နှစ်လက်မ)အရွယ် ဓာတ်ပုံ(၅)ပုံနှင့် အတူ လျှောက်လွှာတင်ရမည်။

၄။ အသေးစိတ်အချက်အလက်များ စုံစမ်းသိရှိလိုပါက ကွန်ပျူတာတက္ကသိုလ် (သထုံ)၊ ကျောင်းသားရေးရာဌာန ဖုန်း-၀၉-၇၈၄၁၁၁၄၅၂၊ ၀၉-၇၈၄၁၁၁၄၅၃တွင် စုံစမ်းနိုင်ပါသည်။

**ဘွဲ့နှင်းသဘင်ကျင်းပရေးကော်မတီ**

## အထက(၄)ကမာရွတ်၊ အဋ္ဌမအကြိမ် အာစရိယပူဇော်ပွဲ ဖိတ်ကြားခြင်း

အထက(၄)ကမာရွတ်၏ အဋ္ဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၁၆ခုနှစ်၊ ဇန်နဝါရီ ၁၀ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် အဆိုပါကျောင်းခန်းမ၌ ကျင်းပပြုလုပ်မည် ဖြစ်ပါ၍ ရပ်နီးရပ်ဝေးမှ ဆရာဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

**ပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ**

## ရန်ကုန်စီးပွားရေးတက္ကသိုလ်(၁၉၉၄-၉၅)ခုနှစ် စတုတ္ထအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲနှင့် ကျောင်းသားကျောင်းသူဟောင်းများ တွေ့ဆုံပွဲ

ရန်ကုန်စီးပွားရေးတက္ကသိုလ် (၁၉၉၄-၉၅)ခုနှစ် ပညာသင်နှစ်အထိ ကျောင်းသား ကျောင်းသူဟောင်းများမှ ကျေးဇူးရှင် ဆရာကြီး၊ ဆရာမကြီးများအား စတုတ္ထအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ ပူဇော်ကန်တော့ရန်နှင့် ကျောင်းနေဖက်သူငယ်ချင်းများ အတူတကွ ပြန်လည်တွေ့ဆုံနိုင်ရေးအတွက် ညစာစားပွဲသို့ အောက်ပါအစီအစဉ်အတိုင်း ကြွရောက်ပေးကြပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

**နေ့ရက်** - **၃-၁-၂၀၁၆ရက်(တနင်္ဂနွေနေ့)**
**အချိန်** - **ညနေ ၆နာရီ**
**နေရာ** - Gandamar Wholesale(Level-3),Grand Ballroom Mayangone Township

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2J/4665, Yutong 7KG 127H Bus (4x2) L.H.D ယာဉ်လက်ဝယ်ရှိသူ ဦးမြခိုင် ၁၂/ဥကတ(နိုင်)၁၃၇၇၈၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းရုံးခွဲ(ရွာသာကြီး)၊ ရန်ကုန်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇ဂ/၄၁၈၄၊ Toyota Crown JZS 175, S/L(4x2) ယာဉ်လက်ဝယ်ရှိသူ ဦးအေးမင်းဇော် ၁၂/မရက(နိုင်)၀၄၀၀၇၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## YCDC Cup Open Golf Championship 2016 ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၂၉**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ဦးဆောင်မှုဖြင့် မြန်မာပီဂျီအေ(Myanmar PGA) နှင့် မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်တို့က ကြီးမှူး၍ Yangon Triple Co.,Ltd. က အဓိက ကူညီထောက်ပံ့သော YCDC Cup Open Golf Championship 2016 Presented by Yangon Triple ဂေါက်သီးရိုက်ပြိုင်ပွဲကို ရန်ကုန်မြို့ အင်းစိန်မြို့နယ် ဂျပန်လမ်းရှိ မြို့တော်ဂေါက်ကွင်း(ငွေသော်တာ)၌ ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁၃ ရက်မှ ၁၅ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင် ပရော်ဖက်ရှင်နယ်အဆင့်၊ ဝါသနာရှင်အဆင့် အမျိုးသား (Handicap 0-12) အဆင့် ပြိုင်ပွဲတို့ပါဝင်ပြီး(R & A Rules Limited) ၏ ဂေါက်စည်းမျဉ်းနှင့်အညီ ကွင်းဒေသန္တရစည်းမျဉ်းများ သတ်မှတ်ရေးဆွဲ၍ ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ကြမည့် ပရော်ဖက်ရှင်နယ်အဆင့် ဂေါက်သီးအားကစားသမားများသည် ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁၁ ရက် မွန်းတည့် ၁၂ နာရီနောက်ဆုံးထား၍ ပြိုင်ပွဲဝင်ကြေးနှင့်အတူ အမည်စာရင်းပေးသွင်းရမည် ဖြစ်သည်။

ဝါသနာရှင်အဆင့် အမျိုးသားပြိုင်ပွဲအတွက် ပြိုင်ပွဲဝင်ဦးရေ ၉၆ ဦးသာ ကန့်သတ်လက်ခံမည်ဖြစ်သောကြောင့် ပြိုင်ပွဲဝင်လိုသူများအနေဖြင့် အမည်စာရင်းများအား ဖုန်း-၀၉-၂၀၃၇၆၇၁၊ ၀၉-၄၉၁၀၂၀၀၉၊ ၀၉-၂၅၄၇၂၅၀၈၁ မြန်မာ ဂေါက်သီးရိုက်လေ့ကျင့်ရေးကွင်း ဥက္ကလာလမ်းနှင့် လေဆိပ်လမ်းထောင့် မရမ်းကုန်းမြို့နယ်တို့သို့ ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

ကြိုတင်လေ့ကျင့်မှုများပြုလုပ်နိုင်ရန်အတွက် Official Practice Round အား ဇန်နဝါရီ ၁၁ ရက်နှင့် ၁၂ ရက်နေ့ နေ့တစ်ဝက်အထိခွင့်ပြုထားမည်ဖြစ်ကာ ပြိုင်ပွဲဝင်ကြေးမှာ ငွေကျပ်၂၀၀၀၀ ဖြစ်ပြီး ပြိုင်ပွဲဝင်ကြေးပေးသွင်းရန် နောက်ကျသောကစားသမားများအား ပြိုင်ပွဲအတွဲဇယားတွင် ထည့်သွင်းရေးဆွဲမည်မဟုတ်ကြောင်း သိရသည်။

**ဖိုးသော်ဇင်**

## ကျေးရွာရှစ်ရွာ ကိုယ့်အားကိုယ်ကိုးလျှပ်စစ်မီးဖွင့်ပွဲကျင်းပ

**ဝန်းသို ဒီဇင်ဘာ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ်တွင် (၆၈) နှစ်မြောက်လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဂျိုးတောင်ဒေသ ကျေးရွာရှစ်ရွာတို့၏ ကိုယ့်အားကိုယ်ကိုးလျှပ်စစ်မီးဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၇ ရက် နံနက် ၁၀ နာရီက မော်နှိုင်းကျေးရွာအုပ်စု သင်တောရွာ ထရန်စဖော်မာရှေ့၌ ကျင်းပခဲ့သည်။

အဆိုပါထရန်စဖော်မာမှ မော်နှိုင်းကျေးရွာအုပ်စု နောင်ကွင်းရွာ၊ သင်တောရွာ၊ အင်ပင်ရွာ၊ မှန်ကန်ရွာ၊ ရွာသာရွာ၊ ဆေးခင်းခုံကျေးရွာအုပ်စု ဆေးခင်းခုံရွာ၊ မန်ကျည်းကုန်းရွာ၊ ပိန္နဲကုန်းရွာ စသည့်ကျေးရွာရှစ်ရွာအား တစ်ပြိုင်တည်း ၂၄ နာရီ လျှပ်စစ်မီးပေးနိုင်ပြီဖြစ်ကြောင်း သိရသည်။

၂၄ နာရီ လျှပ်စစ်မီးလင်းနိုင်စေရန် နိုင်ငံတော်မှ ၁၁ ကေဗွီဓာတ်အားလိုင်း ၂ ဒသမ ၈ မိုင်အတွက် ထောက်ပံ့မှုနှင့်အတူ ကျေးရွာရှစ်ရွာမှ ပြည်သူများ စုပေါင်းထည့်ဝင်ငွေကျပ်သိန်း ၁၅၀၀ ခန့်ဖြင့် နှစ်နှစ်ကြာ အချိန်ယူဆောင်ရွက်ခဲ့ရကြောင်း ဒေသမီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းအုံက ပြောသည်။

ကျေးရွာရှစ်ရွာ ၂၄ နာရီ လျှပ်စစ်မီးဖွင့်ပွဲ အခမ်းအနားသို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသိုက်ဝေဖြိုး၊ ကသာခရိုင် လျှပ်စစ်ဦးစီးမှူး ဦးကျော်ကျော်အောင်၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးကျော်ဇေယျနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ကျေးရွာ ရှစ်ရွာမှပြည်သူများ တက်ရောက်အားပေးခဲ့ကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## အသုံးမပြုသော ယာဉ်ထိန်းရုံအချို့ လမ်းဘေးဈေးသည်များနေရာယူထား

**ရန်ကုန် ဒီဇင်ဘာ ၂၉**



ရန်ကုန်မြို့တွင်း ယာဉ်ထိန်းရဲ ၁၀၀၀ ခန့်ဖြင့် မြို့တွင်းရှိ ယာဉ်အစီးရေ ငါးသိန်းဝန်းကျင်ကို စည်းကမ်းညီညွတ်စွာမောင်းနှင်နိုင်အောင် လုပ်ဆောင်ပေးရာတွင် ယာဉ်နှင့် တပ်ဖွဲ့အင်အားအချိုးမညီဘဲ လိုအပ်မှုရှိနေသဖြင့် ယာဉ်ထိန်းရုံအချို့အသုံးမပြုနိုင်ဘဲရှိသည်ကို မြင်တွေ့နေရသည်။

ရန်ကုန်မြို့လယ် လမ်းမတော်မြို့နယ်တွင် ယာဉ်ထိန်းရဲရုံး အဆောက်အအုံအဖြစ်သာရှိနေသည့် နေရာလေးနေရာရှိသည်။ အချို့သော ယာဉ်ထိန်းရုံများတွင် လမ်းဘေးဈေးရောင်းချသူများ၏ ပစ္စည်းများ နေရာယူထားသည်ကို မြင်တွေ့နေရသည်။ အဆောက်အအုံရှိ မှန်တံခါးများကျကွဲမှုကြောင့် သန့်ရှင်းရေးလုပ်ကိုင်သူများ သိမ်းဆည်းပေးခဲ့ရသည်ဟု သန့်ရှင်းရေးအလုပ်သမားတစ်ဦးက ပြောသည်။

သက်ဆိုင်ရာက လမ်းဘေးဈေးရောင်းချမှုကို အချိန်ကန့်သတ်၍ ရောင်းချခွင့်ပြုခဲ့သည်။ သို့သော် လူသွားပလက်ဖောင်း၊ ယာဉ်ရပ်ရန်နေရာများတွင် ထားရှိသော ပစ္စည်းများကို အမှိုက်အဖြစ်သတ်မှတ်ကာ သိမ်းဆည်းမည်ဟု အသိပေးကြေညာမှုနှင့်အတူ မကြာခဏ ရှင်းလင်းမှုရှိနေသည်။

အဆိုပါ အသုံးမပြုဘဲထားရှိသော ယာဉ်ထိန်းရုံအချို့နှင့် PCO ဖုန်းရုံ အချို့တို့ကို ပစ္စည်းသိမ်းဂိုထောင်အဖြစ် အသုံးပြုနေခြင်းကို ရန်ကုန်မြို့တွင်း ကားလမ်းမကြီးဘေး၌ မြင်တွေ့နေရသည်။

လူအများသွားလာမှုများပြားပြီး ပြည်ပမှ ခရီးသွားဧည့်သည် လာရောက်မှုရှိသော ရန်ကုန်မြို့တွင်း၌ အဆိုပါ အဆောက်အအုံများကို ပစ္စည်းသိမ်းဆည်းရာ နေရာအဖြစ် အသုံးပြုခြင်းမှာ အများအမြင် မသင့်ပေ။ သို့ဖြစ်၍ အသုံးမပြုနိုင်သေးသော အများပြည်သူဆိုင်ရာ လုပ်ငန်းသုံးအဆောက်အအုံများကို စနစ်တကျ ထိန်းသိမ်းထားသင့်သည်ဟု လမ်းသွားလမ်းလာများနှင့် မြင်တွေ့ရသူများက အကြံပြုပြောဆိုနေကြသည်။

**ခင်ဆိုင်**

## ရွှေသတ္တုကုမ္ပဏီလုပ်ကွက်များတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးပျိုးပင်များစိုက်ပျိုးလျက်ရှိ

**စစ်ကိုင်း ဒီဇင်ဘာ ၂၉**

အမှတ်(၂)သတ္တုတွင်းလုပ်ငန်းအနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း သတ္တုတွင်းဝန်ကြီးဌာန၏ ခွင့်ပြုမိန့်ဖြင့် လုပ်ငန်းသဘောတူစာချုပ် ချုပ်ဆိုကာ ရွှေသတ္တုတူးဖော်ရေးလုပ်ငန်းဆောင်ရွက်လျက်ရှိသော ကုမ္ပဏီလုပ်ကွက်များမှ ထုတ်လုပ်မှုတိုးတက်ရေး၊ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုအနည်းဆုံးဖြစ်ရေး၊ လုပ်ငန်းခွင်အန္တရာယ်မရှိစေရေး၊ သဘာဝပတ်ဝန်းကျင် ပြန်လည်ကောင်းမွန်ရေးအတွက် ပျိုးဥယျာဉ်များထားရှိစိုက်ပျိုးရေးနှင့် သစ်ပင်များပြန်လည်စိုက်ပျိုးရေးတို့ကို ဆောင်ရွက်လျက်ရှိကြောင်း တိုင်းဒေသကြီး အစိုးရအဖွဲ့တာဝန်ရှိသူထံမှ သိရသည်။

တိုင်းဒေသကြီး ရွှေသတ္တုတူးဖော်ရေးကုမ္ပဏီ ၄၂ ခုအနေဖြင့် EIA သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိန်းသိမ်းမှုလုပ်ငန်းအဖြစ် ဟုမ္မလင်း၊ ဗန်းမောက်၊ ဝန်းသို၊ ပင်လည်ဘူးနှင့် ကောလင်းမြို့နယ်များရှိ ရွှေလုပ်ကွက် ၅၅ ကွက်၌ ၁၄၀ ဒသမ ၆၀၀၆ ဧက မြေဖို့ပြုပြင်ထားသလို ပျိုးပင်ပေါင်း ၅၀၈၅၆ ပင်ကို ၅၄ ဒသမ ၆၄၀၆ ဧကတွင် ပျိုးပင် ၂၃၈၃၉ ပင်စိုက်ပျိုးထားကြောင်း သိရသည်။ တိုင်းဒေသကြီးအတွင်းမှ ရွှေသတ္တုများနှစ်စဉ်ထုတ်လုပ်လျက်ရှိရာ ၂၀၁၁-၂၀၁၂ ခုနှစ်က ရွှေသတ္တု ၁၃၀၁၄ ဒသမ ၅၆ ထရိုင်၊ ၂၀၁၂-၂၀၁၃ ခုနှစ်က ၁၁၁၈၁ ဒသမ ၉၃ ထရိုင်၊ ၂၀၁၃-၂၀၁၄ ခုနှစ်က ၁၉၅၈၅ ဒသမ ၉၄ ထရိုင်နှင့် ၂၀၁၄-၂၀၁၅ ခုနှစ်က ၁၁၅၆၉ ဒသမ ၆၂ ထရိုင် ထုတ်လုပ်ခဲ့ကြောင်း တိုင်းဒေသကြီးအစိုးရအဖွဲ့ထံမှ သိရသည်။

သတ္တုတွင်းဝန်ကြီးဌာန အမှတ်(၂)သတ္တုတွင်းလုပ်ငန်းသည် နိုင်ငံတော်၏ စီးပွားရေးမူဝါဒအရ ပုဂ္ဂလိကကဏ္ဍတိုးမြှင့်စေရန် နိုင်ငံတော်အတွက် ရွှေသတ္တုပိုမိုထုတ်လုပ်ရရှိနိုင်ရေး ဒေသခံတိုင်းရင်းသားများ အခွင့်အလမ်းပိုမိုရရှိ ရေးအတွက် ရွှေထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့်စနစ်ဖြင့် အမှတ်(၂) သတ္တုတွင်းလုပ်ငန်းနှင့် သတ္တုတူးဖော်ရေးဖက်စပ်လုပ်ငန်းများကို ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်မှ စတင်၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ရွှေသတ္တုတူးဖော်ရေးကုမ္ပဏီများအနေဖြင့် SIA လုပ်ငန်းများအဖြစ် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ သောက်သုံးရေ၊ လျှပ်စစ်မီးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကုမ္ပဏီ ၈၈ ခုမှ ဗန်းမောက်၊ကောလင်း၊ ဝန်းသို၊ ပင်လည်ဘူး၊ ကျွန်းလှ၊ ထီးချိုင့်၊ ဟုမ္မလင်းနှင့် ခန္တီးမြို့နယ်များတွင် ငွေကျပ် ၁၂၁၈၂၁၆၅၅၃ အကုန်အကျခံ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

## ဆားလင်းကြီးမြို့နယ်၌ ခရမ်းချဉ် တစ်ပိဿာ ငွေကျပ် ၁၀၀ ဖြင့် ရောင်းဝယ်လျက်ရှိ

**ဆားလင်းကြီး ဒီဇင်ဘာ ၂၉**



ယခုအချိန်၌ ခရမ်းချဉ် တစ်ပိဿာလျှင် ငွေကျပ် ၁၀၀ ဖြင့် ရောင်းဝယ်လျက်ရှိပြီး ဒေသခံအများပြည်သူတို့ ဈေးနှုန်းချိုသာစွာဖြင့် ဝယ်ယူစားသုံးနေကြရသည်။ အစောပိုင်းလများက ခရမ်းချဉ် တစ်ပိဿာလျှင် ငွေကျပ် ၁၈၀၀၊ ငွေကျပ် ၂၀၀၀ ဖြင့် ဝယ်ယူစားသုံးနေရသောကြောင့် ခရမ်းချဉ်စိုက်တောင်သူတို့အဖို့ ဝင်ငွေအကျိုးအမြတ်များစွာ ရရှိကြသည်။ ယခုအခါ တိုင်ထောင်ခရမ်းချဉ်စိုက် တောင်သူတို့ အမြတ်နည်းသောလဟု ဆိုရမည်ဖြစ်သည်။ အခြားသီးနှံများစိုက်ပျိုးသော တောင်သူများကလည်း မိုးခရမ်းချဉ်များကို စိုက်ပျိုး၍ မိုးခရမ်းချဉ်များ ပေါများစွာ ရောင်းဝယ်နေကြသောကြောင့် တိုင်ထောင်ခရမ်းချဉ်များ သိသာစွာ ဈေးကျသွားခြင်းဖြစ်ကြောင်း သိရသည်။

"ကျွန်တော်က တိုင်ထောင်ခရမ်းချဉ် တစ်ဧကခွဲ စိုက်ပျိုးထားပါတယ်။ ပျိုးပင်၊ ဆေးဖိုးနဲ့ အလုပ်သမားစရိတ်ပေါင်းလိုက်ရင် (၁၅)သိန်းဝန်းကျင် ကုန်ကျခဲ့ပါတယ်။ ဝါဆို၊ ဝါခေါင်လတွေက စတင်စိုက်ပျိုးခဲ့ပြီး အပင်ရေ ၁၅၀၀၀ စိုက်ပျိုးထားပါတယ်။ သီတင်းကျွတ်လကစပြီး ခရမ်းချဉ် စတင်ရောင်းချခဲ့တာ တစ်ပိဿာ ငွေကျပ် ၁၈၀၀၊ ၂၀၀၀ နဲ့ နှစ်လလောက်ထိ ပိဿာချိန် ၁၅၀၀ လောက် ဈေးကောင်းရလိုက်ပါတယ်။ စိုက်ပျိုးစရိတ် ပျိုးပင်စရိတ်၊ အလုပ်သမားစရိတ်နုတ်ပြီး နှစ်လအတွင်း ငွေကျပ်၁၅ သိန်းလောက် အမြတ်အစွန်းရရှိပြီးဖြစ်ပါတယ်။ တိုင်ထောင်ခရမ်းချဉ်ပင်ရဲ့ သက်တမ်းက ခြောက်လလောက်ထိရတော့ ဒီနှစ် ခရမ်းချဉ်စိုက် တောင်သူတွေ အဆင်ပြေကြပါတယ်" ဟု အဆိုပါ တောင်သူတစ်ဦးက ပြောသည်။

အရင်းကျေလို့ အမြတ်အစွန်းငွေများ ရရှိထားပြီးဖြစ်သောကြောင့် ကျန်တဲ့လများမှာလည်း ခရမ်းချဉ်ဈေးအတက်အကျပေါ်မူတည်ပြီး အမြတ်အစွန်း အနည်းအများသာ ကွာခြားနိုင်ပါကြောင်း ခရမ်းချဉ်စိုက်တောင်သူများက ဆိုသည်။ သို့ဖြစ်၍ ခရမ်းချဉ်တစ်ပိဿာလျှင် ငွေကျပ် ၁၀၀ ဖြင့်သာ ဝယ်ယူစားသုံးနေကြရသောကြောင့် ဆားလင်းကြီးမြို့နယ်မှ ဒေသခံအများပြည်သူတို့ ပျော်ရွှင်ဝမ်းသာစွာဖြင့် ဝယ်ယူစားသုံးနေကြကြောင်း ရေးသားလိုက်ရပါသည်။

**(မြို့နယ် ပြန်/ဆက်)**



*မန္တလေးအကြောင်းပြောကြပြီဆိုလျှင် စာရေးဆရာ ဆူးငှက်၏ "မန္တလေးမျဉ်းဖြောင့်များ"အကြောင်းက အခြားသော မန္တလေးသား စာရေးဆရာ၊ စာရေးဆရာမကြီးများ၏ စာအုပ်များနည်းတူ မပါမဖြစ်ပြောဆိုခဲ့ကြရသည်။ အဘယ့်ကြောင့်ဆိုသော် သမိုင်းအစဉ်အလာကြီးမားသော မန္တလေးမြို့၏ပုံရိပ်များကို အပြောင်းအလဲမြန်သည့် နှစ်ကာလများတွင် မျက်ခြည်မပြတ် ရသဟန်ဖြင့် မှတ်တမ်းတင်ခဲ့သောကြောင့်ဖြစ်သည်။ အတိတ်နှင့်ပစ္စုပ္ပန်ကို ဆက်စပ်သုံးသပ်ပြသည့် ရေးဟန်ဖြစ်သည်။ "မန္တလေးမျဉ်းဖြောင့်များ"ကို မြန်မာ့နေစီးပွားရေးမဂ္ဂဇင်းတွင် ၁၉၉၆ ခုနှစ် မေလထုတ်မှစတင်၍ လစဉ်မပြတ်ရေးသားခဲ့သည်ဟု မှတ်မိနေသည်။ ၂၀၁၁ ခုနှစ်ဝန်းကျင် မြန်မာ့နေမဂ္ဂဇင်း မရပ်နားမီအထိ ရေးသားခဲ့ပုံရသည်။ အပြောင်းအလဲမြန်လွန်းသည့် ၁၉၉၀ ပြည့်လွန်ကာလများ(ဝါ) ၂၁ ရာစု ကြိုကာလများက မန္တလေးပုံရိပ်များသည်ပင် အခုတော့ သမိုင်းဖြစ်သွားပြန်ပါပြီ။ အဆိုပါ ကဏ္ဍမှ ကနဦးဆောင်းပါးများကို ၂၀၀၀ ပြည့်နှစ်က မန္တလေးစာအုပ်တိုက် အစီအစဉ်ဖြင့် ဆောင်းပါး ၁၄ ပုဒ်ကိုစုစည်းကာ "မန္တလေးမျဉ်းဖြောင့်များ" အမည်ဖြင့် စာအုပ်ထုတ်ဝေခဲ့ဖူးသည်။ အဆိုပါ စာအုပ်ကိုပင် ၂၀၀၃ ခုနှစ်တွင် 'The Straight Lines of Mandalay'အမည်ဖြင့် ဆရာရေချမ်း(မန္တလေး) က အင်္ဂလိပ်ဘာသာသို့ ပြန်ဆို၍ ဥတ္တရလွင်ပြင် စာအုပ်တိုက်က ထုတ်ဝေဖူးသည်။ ဆက်လက်ရေးသားခဲ့သော ဆောင်းပါးများကို မန္တလေးမျဉ်းဖြောင့်များ ဒုတိယတွဲအဖြစ် "၄၅ တာ၊ ၁၄ခန်း ဇရပ်နှင့် ၇ သံချီညချမ်း" အမည်နှင့် ရတနာပုံစာအုပ်တိုက်က ၂၀၀၂ခုနှစ်တွင် ဆက်လက်ထုတ်ဝေခဲ့သည်။ ယခုတစ်ဖန် သမိုင်းဖြစ်သွားပြန်လေသော "မန္တလေးမျဉ်းဖြောင့်များ"ကို မြန်မာ့အလင်းက ပြန်လည်ဖော်ပြအပ်ပါသည်။ လတ်တလော နှစ် ၂၀ အတွင်း မန္တလေးသည် ဘာတွေအမြတ်ရ၍ ဘာတွေဆုံးရှုံးသွားလေပြီနည်း၊ ဘာတွေသင်ခန်းစာယူ၍ ဘာတွေဆင်ခြင်ရမည်နည်း၊ သင်္ခါရဟုဖြစ်စေ၊ ပြောင်းလဲခြင်းတရားဟုဖြစ်စေ၊ သုံးသပ်ရုံဖြင့် လုံလောက်မှုမရှိတော့တာက သေချာပါပြီ။ ထို့ကြောင့် ရှားပါးစာအုပ်ဖြစ်နေသော " ၄၅ တာ၊ ၁၄ ခန်းဇရပ်နှင့် ၇ သံချီညချမ်း" ကို သမိုင်းအဖြစ် ပြန်လည်ဆင်ခြင်နိုင်ရန် မပြုမပြင် မတည်းမဖြတ် ပြန်လည်ဖော်ပြအပ်ပါကြောင်း။*

# ခုနစ်သံချီ အရှေ့ကျုံးလမ်း

ဆူးငှက်

***ယခင်အပတ်မှအဆက်***

ကုသိုလ်တော်ဘုရားနှင့် မန္တလေးတောင်ကြား ထနောင်းပင်ကြီးတွေအောက်က ကားနီဘတ်စ်ကားဂိတ်ကိုတော့ လွမ်းဆွတ်လှပါ၏။ နာရီဝက်မှ တစ်စီးသာထွက်သော ဂိတ်ထိုးထားသည့် ကားနီကြီးတွေပေါ် ထိုင်စောင့်ရင်း ထနောင်းပင်ပေါ်က ချိုးကူသံကို အပျင်းပြေ နားထောင်နေရသည်။ ထိုမှ အပျင်းမပြေသေးလျှင် ထန်းလက်ကာ ထန်းလက်မိုး ဂိတ်တဲထဲက ကားဒရိုင်ဘာတွေ၊ စပယ်ယာတွေ ကစားနေသည့် ၁၂ ကောင်ကျားဝိုင်းကို ဝင်ငေးနိုင်သည်။ သို့မဟုတ် ပါဝင်ဆင်နွှဲနိုင်သည်။ ဂိတ်မှူးသည် ကင်းကြီးကို ထောင့်ဖြတ်ဗိုလ်ကြီးလမ်းလျှောက်လုပ်ရင်း ပါစင်ဂျာက သတိပေးပါလျှင် မျောတိုင်တွင် ချိတ်ထားသော ကြေးဝါခရာကြီးကို ဖြုတ်ကာ ရှိုခနဲ မှုတ်ပြီး ကားထွက်ဖို့ အချက်ပေးတတ်၏။

ထိုအခါမှ ထနောင်းပင်အောက် ဝါးပက်လက်ကုလားထိုင်မှာ အိပ်ပျော်နေသော စပယ်ယာသည် အိပ်ချင်မူးတူးထကာ ကိုင်းမပါတော့သော ရေချောင်ပိန်ရှုံ့ရှုံ့ဖြင့် အနားက ရေကန်လေးထဲမှာ ရေခပ်ပြီး ချက်ပလက်ခေါင်းတိုကား၏ ဘောနက်ဖုံးကိုဖွင့်ပြီး ရေတိုင်ကီထဲ ရေဖြည့်သည်။ ၁၂ ကောင်ကျားဝိုင်းမှ ဒရိုင်ဘာက ကျားနိုင်သောပိုက်ဆံ ကျပ်တန်နှစ်ရွက်ကို လိပ်ကာ နားကြားထိုးရင်း ဒရိုင်ဘာခုံမှာထိုင်ပြီး လီဗာပေါ် ခြေတင်သည်။ စပယ်ယာက ဂေါက်တံကို လေးငါးခြောက်ခါ အားကြိုးမာန်တက် လှည့်လိုက်မှ စက်သံ တဂီးဂီး မြည်လာ၏။ ဤသို့ဖြင့် ထနောင်းရိပ်မှခွာကာ ကားနီကြီးသည် အရှေ့ကျုံးလမ်းအတိုင်း ဈေးချိုဆီ ဦးတည်တော့သည်။ သို့သော် ဘီးမှာ အပတ် ၂၀ ပြည့်အောင် မလှိမ့်ရသေး ဘိုးဘိုးကြီးနန်းအဆင်း စောင်းတန်းမှာ တမေ့တမောရပ်ပြီး "ဈေးချို ဈေးချို" ဟု အော်ကာ လူစောင့်ပေလိမ့်ဦးမည်။ ကိစ္စမရှိ။ အားလုံးဖုတ်ပူမီးတိုက်မရှိ။ အေးအေး ဆေးဆေး။

ယခင်က ထိုနေရာသည် သံတိုင်ဝင်းထရံခတ်ထားသော ပန်းခြံနေရာလေးပဲ ဖြစ်ပါသည်။ အရှေ့တောင်စောင်းတန်း၏ အဆင်းတည့်တည့်မှာ ရှိသည်။ ကျောက်တော်ကြီးဘုရား အရှေ့မုခ်၏ ရှေ့တည့်တည့်မှာရှိသည်။ ပန်းခြံလေးထဲမှာ ရေကန်တစ်ကန်လည်း ရှိသည်။ အနီးအနားဈေးသည်တွေ ရေချိုးလျှော်ဖွပ်နေတာတွေ့နေရ၏။ လွန်ခဲ့သည့် ၁၀နှစ်နီးပါးက စန္ဒာမုနိဘုရားပေါ်ရှိ အာရုံခံနှင့် စေတီအကြားက အိမ်ရှေ့စံကနောင်မင်းသားကြီးအုတ်ဂူကို ဖျက်သိမ်းလိုက်သည်။ မကြာမီ စောစောက သံတိုင်ဝင်းထရံခတ် ပန်းခြံလေးနေရာမှာ ကနောင်မင်းသားကြီးဂူဗိမာန်တည်ဆောက်မည့်နေရာဟု ကမ္ပည်းတင်ဆိုင်းဘုတ်ထူတာတွေ့ဖူးသည်။ နောက် ၇၈ လမ်း နိုင်လွန်ကတ္တရာ(၆) လမ်းသွားစီမံကိန်းဖြင့် ဒေါ်ခင်စောမူ ဆီစက်ကွေ့ရှိ ဆီးဘန်နီဆရာတော်ကြီး အရိုးအိုးစေတီ ဖျက်သိမ်းရသည်။ ထိုစေတီတွင် ဆီးဘန်နီ ဆရာတော်ကြီး၏ အသုံးအဆောင်ပစ္စည်းများပါ ဌာပနာထားခဲ့သည်ဟု ဆို၏။

"သိလဒ်တန်ဆောင်၊ ကုန်းတော်ရှောင်၍၊ ကုန်းဘောင်နေမီး၊ မထိန်ညီး၍ တိုင်းကြီးပြည်ကြီး၊ အချည်းနှီးလျှင်၊ ထီးသုဉ်းနန်းသုဉ်း၊ ကြငှန်းသုဉ်း၍၊ မြို့သုဉ်းသုည၊ သုဉ်းသုံးဝဖြင့်၊ သုဉ်းရပြန်လစ်၊ သုညခေတ်ဝယ်၊ လူဖြစ်ရပေ၊ တို့တစ်တွေသည်၊ သေသော်မှတည့်၊ ဩော်ကောင်း၏" ဟု ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်း ပျက်သုဉ်းပြီး တစ်ပါးကျွန်အောက် ရောက်ရသောအခါ နာကြည်းစွာ၊ ခံပြင်းစွာ လင်္ကာဖွဲ့ဆိုခဲ့သည့် ဆရာတော်ကြီးဖြစ်၏။ ဤသို့သော ဂန္ထဝင် မြောက် ဆရာတော်ကြီးမို့ မန္တလေးတောင်ခြေက ဂူဗိမာန်စေတီတစ်ဆူ ခံ့ညားစွာ တည်ထားပြီး မူလခင်စောမူကွေ့နေရာ ဖျက်သိမ်းရာမှ ပြောင်းရွှေ့နေရာ ပေးခဲ့၏။ ယခုမြို့တည်နန်းတည် ဗဟိုချက်မနေရာများ အနီးမှာ ဆီးဘန်နီ ဆရာတော် ဂူဗိမာန်စေတီရှိနေပါပြီ။

ထို့အတူ ယခင်က ကန္တာရဆူးချုံများဖြင့် နွားကျောင်းသားလမ်းသာသာပဲရှိခဲ့သော စန္ဒာမုနိဘုရားတောင်ဘက် လမ်းကလေးသည်လည်း အခုတော့ နိုင်လွန်ကတ္တရာလမ်းဖြောင့်ကြီးဖြင့် ပရိယတ္တိသာသနာ့တက္ကသိုလ်ဆီ၊ ကုသိုလ်တော်ဘုရားဆီ၊ အတုမရှိ ကျောင်းတော်ကြီးဆီ၊ ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်းဆီ သွားနိုင်ပါပြီ။ ထိုလမ်း၏ထိပ် အရှေ့ကျုံးလမ်းပေါ်တွင်လည်း မုခ်ဦးကြီးတစ်ခုက ခံ့ညားထည်ဝါလျက်. . .။

လွန်ခဲ့သည့် ဆယ်နှစ်နီးပါးဆီကပါပဲ. . .။ ကုသိုလ်တော်ဘုရားအနောက်ဘက်က ထနောင်းပင်ကြီးတွေမှသည် စန္ဒာမုနိဘုရား အနောက်ဘက်က ကျည်းပင်ကြီးတွေအောက်က ဖြတ်ကာ အရှေ့ကျုံးလမ်းကို ကျော်ပြီး သုဓမ္မာဇရပ်တန်းနှင့် ကျောက်တော်ကြီးဘုရားကြားအတိုင်း၊ မြို့ပတ်ရထားလမ်းလည်း ရှိခဲ့ဖူးတာ မှတ်မိနေကြပါဦးမည်။ မန္တလေးဘူတာကြီးကထွက် ရှမ်းစု၊ မြို့ဟောင်း၊ ချမ်းမြရွှေပြည်၊ သိုးခြံ၊ ကံသာယာ၊ အောင်ပင်လယ်၊ နန်းရှေ့စသော ဘူတာလေးများဖြတ်ပြီး ကျောက်တော်ကြီးဘုရား တောင်ဘက်မုခ်မှ မန္တလေးတောင် ဘူတာလေးမှ တစ်ဆင့် သူရဲဈေးဘူတာလေးဆီသွားသော မြို့ပတ်ရထားလမ်းဖြစ်ပါ၏။ အခုတော့ ထိုမြို့ပတ်ရထားလမ်းလည်း ဖျက်သိမ်းပြီးပါပြီ။



မန္တလေးမြို့ ကျုံးပတ်လည် မြင်ကွင်းပသာဒအလှကို တွေ့ရစဉ်။

အခုတော့ အရှေ့ကျုံးလမ်းထိပ်မြင်ကွင်းသည်ဆီးဘန်နီဆရာတော် ဂူဗိမာန်စေတီ အသစ်တိုးလာသည်မှအပ ဘာမှ ထူးထူးခြားခြား အပြောင်းအလဲမရှိ။ ယခင်ကနဦး ရသတွေကို ခံစားနေရဆဲဖြစ်လို့ အရှေ့ကျုံးထောင့်က ခုံလေးမှာ ထိုင်ရင်း မန္တလေးတောင်ဆီ ငေးမျှော်အရသာခံမဝနိုင်အောင်ရှိနေပါသေး၏။

အရှေ့ကျုံးလမ်း၏ အစ အရှေ့ဘက်ကျုံးထောင့်နှင့် မျက်နှာချင်းဆိုင်မှာ စသုံးလုံးရုံးကြီးရှိသည်။ သူ့တောင်ဘက် လျှောက်လာတော့ အလုပ်သမားဆေးရုံကြီးရှိသည်။ အလုပ်သမားဆေးရုံကြီးသည် ဆိုရှယ်လစ်စီးပွားရေးစနစ်ကာလမှာ ဖူးပွင့်ခဲ့ခြင်းဖြစ်၏။

မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် စသည့် အထက်မြန်မာပြည် လူမှုဖူလုံရေးအဖွဲ့နှင့် အကျုံးဝင် အလုပ်သမားများ မိသားစုများအတွက် ဖွင့်လှစ်ခဲ့သည်ဟု သိရသည်။

(၃-၄-၈၄) ခုနှစ်တွင် အုတ်မြစ်ချ၍ (၁၅-၅-၉၀) ခုနှစ်တွင် ခုတင်၃၀၀ ဆံ့အလုပ်သမားဆေးရုံကြီးကိုဖွင့်လှစ်နိုင်ခဲ့၏။ကျပ်သိန်း၄၀၀ကျော် ကုန်ကျခဲ့သည်ဟု ဆို၏။ ဖျားနာကုသဌာန၊ မျက်စိ၊ နား၊ နှာခေါင်းဌာန၊ သွားဌာန၊ ခွဲစိတ်မှုနှင့် ရောဂါရှာဖွေရေးအထူးဌာနများပါဝင်ဖွဲ့စည်းထားသည်။ ယခုအခါ အများသုံး ဆေးရုံကြီးအဖြစ် မန္တလေးအရှေ့ပိုင်းသာမက ပုသိမ်ကြီးနယ်ကပါ အားထားကြရသော ဆေးရုံကြီးဖြစ်၏။

မန္တလေးနန်းမြို့တော်ကို ရှေးဦးစွာ သာသနာတော် ၂၄၀၀ ပြည့်မီအောင် ၁၂၁၈ခုနှစ်က စတင်တည်လုပ်ခဲ့သည်ဆိုသော်လည်းမြို့ရိုးတော်ကြီးနှင့်တကွ ခုနစ်ဌာနတို့ကိုမူကား ၁၂၂၁ ခုနှစ်ကဆုန်လမှအုတ်မြစ်ချ၍ တည်လုပ်ရလေသည်။ ထိုနှစ်ကဆုန်လပြည့်ကျော် ၆ ရက်နေ့ ညဉ့် ၃ ချက်တီးကျော် ၇ ရက်တနင်္လာနေ့အဝင် ၄ နာရီ ၂ ပါဒ် ၂ ဗီဇနာ ၅ ပြန် ၅ ခရာအချိန်တွင် ရွှေမြို့တော်ကြီးနှင့်တကွ ခုနစ်ဌာနကို တစ်ပြိုင်နက် အုတ်စီခင်း လုပ်ဆောင်ပြီးလျှင် မြို့တံခါး ၁၂ရပ်ယွန်း ဆက်ပြေတန်ဆောင်းပြာသာဒ်တိုင်များ စိုက်ထူရသည်ဟု ဆို၏။

မြို့တော်လေးမျက်နှာခတ်တံတား ၄ ရပ်မှာ ပြာသာဒ်ဘုံ ၇ ဆင့်၊ မိတ်တံခါး ၈ ရပ်မှာ ပြာသာဒ်ဘုံ ၅ ဆင့်၊ ထောင့်ပြကြီး ၄ ခု နှင့် ပြငယ် ၃ ခုမှာ ပြာသာဒ်ဘုံ ၅ ဆင့်စီလုပ်ဆောင်၍ သစ္စေးသားရိုးဟင်္သာပြဒါး ရွှေချမွမ်းမံ၏။ တံခါးတော်များကို တိုင်ထူမတ်သည့် နေ့ကစ၍ အမရပူရမြို့တံခါးဟောင်းအမည်များကိုမခေါ်စေဘဲ သမုတ်တော်မူသည့် ကမ္ပည်းသစ်အမည်သစ်ကိုသာ ခေါ်ဝေါ်ရမည် အမိန့်တော်ရှိသည်ဟု မှတ်သားရပါသည်။

ထို့ကြောင့် အရှေ့မြောက်ထောင့် အရှေ့ကျုံးလမ်းတွင် မြောက်မှ စ၍ ရေတွက်ပါက ပထမဆုံးသောတံခါးမှာ မိတ်တံခါးဖြစ်ပါသည်။ ဝန်ထောက်ပုပ္ပားမြို့စား မဟာမင်းလှ မင်းထင်ကျော် ကြီးကြပ်၍"ကုလား"ဟူသော မိတ်သင့် နံသင့်အရ ဘုန်းတန်ခိုးတော် လွန်လွန်ကဲကဲ ကြီးကျယ်ရမည်ဟူသော သုတိ မင်္ဂလာ ဩဘာနိမိတ်ကိုယူ၍"လွန်ကဲ"တံခါးဟုသမုတ်တော်မူ၏။

မန္တလေးကျုံး၊မြို့ရိုးများနှင့်ပတ်သက်၍ ရုပ်ပြဆရာများ၊ ပန်းချီဆရာများ ရေးဆွဲကြလျှင် မန္တလေးသားမဟုတ်သောရုပ်ပြဆရာ၊ ပန်းချီဆရာများသည် ပမာဒလေခ မှားယွင်းတတ်ကြသည်။ ကျုံးကူးတံတားနှင့် တံခါးပြာသာဒ်ပုံဆွဲလျှင် ထိုပြာသာဒ်သည်ခတ်တံခါးဖြစ်ပြီးပြာသာဒ်ဘုံ ၇ ဆင့်ရှိရမည်။ ကျုံးကူးတံတားနှင့်ဘုံ ၅ ဆင့်သာရှိသောတံခါးမှာ အနောက်ဘက်မှ ကြေးမုံတံခါးသာလျှင်ရှိသည်။ မန္တလေးသားများက အာဠဝီတံခါးဟုသာ ခေါ်ဝေါ်ကြသည်။ ဘုံ ၅ ဆင့်ပြာသာဒ်နှင့်ကျုံးကူးတံတား တွဲဖက်ရေးဆွဲထားလျှင် ကြေးမုံတံခါးကို ရည်ညွှန်းတာပဲဖြစ်ရမည်။ အချို့ရုပ်ပြဆရာ၊ပန်းချီဆရာများက ထိုသဘောကို သတိမထားမိကြသောအခါ ကျုံးကူးတံတားနှင့် ပြာသာဒ်သည် ဘုံ ၅ ဆင့်ဖြစ်လိုဖြစ်၊ ၈ ဆင့်ဖြစ်လိုဖြစ်၊ ၉ ဆင့်ဖြစ်လိုဖြစ် ဖြစ်နေတတ်၏။ ပန်းချီဝါသနာပါသော မန္တလေးသားတစ်ယောက်အဖို့သူ၏ ပုံဆွဲလေ့ကျင့်ခန်းသည်ကျုံးမြို့ရိုးပြာသာဒ်များချည်းမို့အတော်အတန်ရေးဆွဲမိသောအခါ တံတားအုတ်တိုင်အရေအတွက်၊ ဖောင်ကြောင်း ကျွန်းတိုင်အရေအတွက်၊ ထိပ်အုပ်ပုံစံ၊ မီးကာအချိုး၊ ပြာသာဒ်အသွယ်အလျ၊ ပြာသာဒ်ဘုံအဆင့် အရေအတွက်တို့ကိုပါ ထပ်တူမျှအလွတ်ရေးဆွဲနိုင်လေသည်။ မြန်မာမှုဗိသုကာ၊ မြန်မာမှုပုံစံများတွင် သူ့စနစ်နှင့်သူ၊ သူ့အချိုးနှင့်သူ စနစ်တကျ ရှိခဲ့ပါ၏။

လွန်ခဲ့သော ၁၉၉၀ ပြည့်လွန်နှစ်များဆီက အရှေ့ကျုံး အတွင်း လမ်းတွင် ကားအမောင်းသင်ကွင်းလည်း ဖွင့်လှစ်ခဲ့ဖူးပါ၏။ အရှေ့ကျုံးလမ်းမှ ဦးထိပ်တံတားသို့ဝင်ကာ မြို့ရိုးပတ်အတွင်းလမ်းအတိုင်း မြောက်သို့ အမောင်းသင်ကားလမ်းရှိခဲ့သည်။

အရှေ့ကျုံးလမ်းသည်အလုပ်သမားဆေးရုံကြီးကို ကျော်လာသောအခါ အရှေ့ဘက် အမှတ်(၁၇)အထက်တန်းကျောင်းဆီသွားသော လမ်းကလေးကို တွေ့ရမည်။ ထိုလမ်းလေးကဖြောင့်ဖြူးလှပ၏။လမ်းတစ်ဖက်တစ်ချက်မှာ အရိပ်ရသစ်ပင်တွေ စီတန်းကာအုပ်မိုးနေသည်။နန်းရှေ့အမှတ်(၁၇) ကျောင်းသည် ယခင်ကအနောက်ကျုံးလမ်းတွင် ရှိခဲ့ဖူးသော နေပြည်တော်ကျောင်းဖြစ်သည်။ အမှတ် (၁၇) အဖြစ် ပြောင်းလဲလိုက်ပြီးနောက် နှစ်အနည်းငယ်အကြာတွင် နန်းရှေ့ရှိယခုနေရာသို့ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

***(၄၅ တာ၊ ၁၄ ခန်းဇရပ်နှင့် ၇ သံချီညချမ်း အခန်းဆက် ဆောင်းပါးကို အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း ဖော်ပြပါမည်။)***

## ရေဘေးသင့်ဒေသရှိ ပြည်သူများအား လူကုန်ကူးမှု အသိပညာပေးဟောပြော



**မော်လိုက် ဒီဇင်ဘာ ၂၉**

ပြည်သူများ လူကုန်ကူးမှုနှင့် ပတ်သက်၍ အသိပညာဗဟုသုတ တိုးပွားလာစေရန်၊ လူကုန်ကူးခံရမှုမှ ကင်းဝေးစေရန် ရည်ရွယ်၍ စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင်၌ လူစည်ကားလှသည့် နာရီစင်အနီးတွင် "လူကုန်ကူးမှုတိုက်ဖျက်ဖို့ တာဝန်ကိုယ်စီယူကြစို့"ခေါင်းစဉ်ဖြင့် လူကုန်ကူးမှုဆိုင်ရာ အသိပညာပေးဆိုင်းဘုတ်တင်ပွဲကို ဒီဇင်ဘာ ၂၈ရက်က ကျင်းပသည်။

ဆက်လက်ပြီး မော်လိုက်ခရိုင် မြို့တော်ခန်းမ၌ ရေဘေးသင့်ပြည်သူများအား လူကုန်ကူးမှုအသိပညာပေးဟောပြောပွဲကို ဆက်လက်ကျင်းပရာ ခရိုင်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဦးဝင်းမင်းသိန်းက အမှာစကား ပြောကြားပြီး မော်လိုက်ခရိုင်လူကုန်ကူးမှုတားဆီး ကာကွယ်ရေးအဖွဲ့ အတွင်းရေးမှူး ဒုတိယရဲမှူးကြီး ကျော်မိုးက လူကုန်ကူးမှုဆိုင်ရာများနှင့်ပတ်သက်၍ အသိပညာပေး ဟောပြောသည်။

ယင်းနောက် စစ်ကိုင်းတိုင်းဒေသကြီး အမှတ်(၁၄)လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စုမှ ရဲအုပ် ဇော်မျိုးသန့်က လူကုန်ကူးမှုဆိုင်ရာ အချက်အလက်များ၊ လူကုန်ကူးသူတို့၏ အသုံးပြုနည်းလမ်းများနှင့် ပစ်မှတ်များ၊ လူကုန်ကူးမှုဖြစ်ပွားစေသော အဓိကအကြောင်းများ၊ သတိပြုရမည့်အချက်များနှင့် ပြစ်ဒဏ်များ အကြောင်းကို သာဓကများနှင့် ရှင်းလင်းပြောကြားခဲ့သည်။ထို့နောက် တက်ရောက်လာသူများအား လူကုန်ကူးမှုဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မော်လိုက်သားလေး**

## ဘိုးဘွားရိပ်သာနှစ်ပတ်လည်နေ့ကျင်းပ

**ရွှေတောင် ဒီဇင်ဘာ ၂၉**

ရွှေတောင်မြို့နယ် ကြို့ကုန်းကျေးရွာ ဘိုးဘွားရိပ်သာနှစ်ပတ်လည်နေ့ အခမ်းအနားကို ဒီဇင်ဘာ ၂၅ ရက် နံနက် ၆ နာရီက ဘိုးဘွားရိပ်သာအတွင်းရှိ အာရုံခံမွှာရုံအတွင်း၌ ကျင်းပသည်။ ရှေးဦးစွာ သံဃာတော်အရှင်သူမြတ်များထံမှ သီလနှင့်ပရိတ်တရားတော်နာကြယူသည်။

ဆက်လက်၍ ဘိုးဘွားရိပ်သာဥက္ကဋ္ဌ ဦးငွေဝင်းက ဘိုးဘွားရိပ်သာ၏ သမိုင်းကြောင်းကို ရှင်းလင်းပြောကြားပြီး ရွှေတောင်မြို့မဒီနာတိုက်ခန်း(ဆွေသစ်ရောင်းဝယ်ရေး) မိသားစုက ဗွီးချဲကုလားထိုင်၊ လေးချောင်းထောက်၊ တစ်ချောင်းထောက်၊ တုတ်ကောက်များကိုလည်းကောင်း၊ အိုဆာကာမိသားစုက အလှူငွေများကိုလည်းကောင်း ပေးအပ်လှူဒါန်းခြင်းနှင့် ကံစမ်းမဲဖောက် လှူဒါန်းခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

## လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပျော်ပွဲ ရွှင်ပွဲများ ကျင်းပမည်

**ဂန့်ဂေါ ဒီဇင်ဘာ ၂၉**

(၆၈) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အဖြစ် ဂန့်ဂေါမြို့နယ် လွတ်လပ်ရေးနေ့ကျင်းပရေး ကော်မတီက ပျော်ပွဲရွှင်ပွဲများကျင်းပရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ကျင်းပမည့် ပျော်ပွဲရွှင်ပွဲများအဖြစ် မြို့ပတ်မာရသွန်ပြိုင်ပွဲ၊ ဘော်လီဘောပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ ခေါင်းအုံးရိုက်ပြိုင်ပွဲနှင့် ပြေးခုန်ပစ်ပြိုင်ပွဲများ ကျင်းပသွားမည်ဖြစ်ရာ ပြိုင်ပွဲဝင်မည့်အသင်းများနှင့် ပြိုင်ပွဲဝင်မည့်သူများသည် မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာနသို့ စာရင်းပေးသွင်းကြရန် ဖိတ်ခေါ်ထားသည်။ **(၁၀၁)**



## ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများကွင်းဆင်းဆောင်ရွက်ပေး

**နမ့်ခမ်း ဒီဇင်ဘာ ၂၉**

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့၌ မိုးပွင့်စီမံချက်အပိုင်း (၂) ဖြင့် မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးမြင့်ဝင်းနှင့်ဝန်ထမ်းများသည် မြို့ပေါ်ရှိအထက်တန်းကျောင်းများနှင့် အလယ်တန်းကျောင်းများ၊ တောင်ပေါ်ကျေးရွာများဖြစ်သော မန်အောင်၊ မန်တပ်၊ အွယ်လော၊ မန်စပ်ကျေးရွာများရှိ အထက်တန်းကျောင်းများနှင့် အလယ်တန်းကျောင်းများရှိ အသက် (၁၀) နှစ်ပြည့်ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၂၆ ရက်အထိ ကျောင်းသား ကျောင်းသူ ၁၁၂၆ ဦးကို ဆောင်ရွက်ပေးနိုင်ခဲ့သည်။ **(အပေါ်ပုံ)**

ယင်းဆောင်ရွက်မှုများကို မြို့နယ်ပညာရေးမှူး ဒေါ်နီနီအောင်၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးစိုင်းဆိုင်တို့က အားပေးခဲ့ကြကြောင်း သိရသည်။

**ဉာဏ်မင်း(နမ့်ခမ်း)**

## အရေးပေါ်အသက်ကယ်သင်တန်းသရုပ်ပြပွဲကျင်းပ

**ရွှေဘို ဒီဇင်ဘာ ၂၉**

ရွှေဘိုမြို့ အောင်ဇေယျလမ်းမကြီး B.O.Cအနီး၌ ရွှေဘိုမြို့ အောင်ဇေယျ လူမှုကရုဏာရှင်များ အသင်း (C.S.O) နှင့် မြန်မာနိုင်ငံ လူမှုကယ်ဆယ်ရေးအသင်းချုပ်တို့ ပူးပေါင်းပြီး ဒီဇင်ဘာ ၂၈ ရက်က နိုင်ငံတကာအဆင့်မီ အရေးပေါ် အသက်ကယ်သင်တန်း(Emergency Rescue Training Courses) ကို ဖွင့်လှစ်ရာ မြို့မိ မြို့ဖများ၊ စိတ်ပါဝင်စားသူပြည်သူများ၊ ကျောင်းသား ကျောင်းသူများ၊ တာဝန်ရှိသူများ လာရောက် ကြည့်ရှုအားပေးကြသည်။ **(ယာပုံ)**



အဆိုပါသရုပ်ပြပွဲတွင် ရွှေဘိုခရိုင်အတွင်းရှိ ရွှေဘို၊ ဝက်လက်၊ ခင်ဦး၊ ဒီပဲယင်းမြို့နယ်တို့မှ သရုပ်ပြ သင်တန်းသား သင်တန်းသူများ၊ သက်ဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ လူမှုကယ်ဆယ်ရေး အသင်းချုပ်ဥက္ကဋ္ဌ ဦးလှထွန်း (နိုင်ငံ့စွမ်းဆောင်ရည်ဆု၊ လူမှုထူးချွန် တတိယဆု) နှင့် ရွှေဘိုခရိုင် ပရဟိတ အသင်းချုပ်ဥက္ကဋ္ဌ ဒေါက်တာတင်ဝင်း (လူမှုထူးချွန်၊ ဒုတိယဆု) တို့ တက်ရောက်ကြသည်။

ယနေ့ကျင်းပသော သရုပ်ပြပွဲတွင် သင်တန်းသား သင်တန်းသူ စုစုပေါင်း ၂၃၅ ဦး တက်ရောက် သရုပ်ပြခဲ့ကြောင်း သိရသည်။ **(ဝ၅ဝ)**

## တောင်ငူမြို့၌ လွတ်လပ်နေရေးနေ့အထိမ်းအမှတ် မြန်မာ့ရိုးရာအားကစားပြိုင်



**တောင်ငူ ဒီဇင်ဘာ ၂၉**

တောင်ငူခရိုင် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော (၆၈) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် မြန်မာ့ရိုးရာအားကစားပြိုင်ပွဲများကို ဒီဇင်ဘာ ၂၈ ရက် နံနက် ၇ နာရီခွဲက တောင်ငူခရိုင်အားကစားကွင်း၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲတွင် မီတာ ၁၀၀ အပြေးပြိုင်ပွဲ၊ သံပုံးတီးပြိုင်ပွဲ၊ ဆန်ကောရွက်ပြိုင်ပွဲ၊ လွန်ဆွဲပြိုင်ပွဲ၊ ထုပ်ဆီးတိုးပြိုင်ပွဲများပါဝင်ပြီး တောင်ငူခရိုင်အတွင်းရှိ ဌာနဆိုင်ရာပေါင်းစုံများမှ အမျိုးသမီးများပါဝင်ယှဉ်ပြိုင်ကြသည်။ ယင်းနောက် ပြိုင်ပွဲအလိုက် ဆုရရှိသူများကို တောင်ငူခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်စံထားဖြူက ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သူရ(တောင်ငူ)**

## မန္တလေးတိုင်းဒေသကြီး ကလပ်အသင်းပေါင်းစုံ ကရာတေးဒိုပြိုင်ပွဲကျင်းပ

**မန္တလေး ဒီဇင်ဘာ ၂၉**

မန္တလေးတိုင်းဒေသကြီး ကလပ်အသင်းပေါင်းစုံကရာတေးဒိုပြိုင်ပွဲကို ယနေ့နံနက် ၉ နာရီခွဲက မန္တလေးမြို့ ဗထူးအားကစားခန်းမ၌ ကျင်းပရာ ပြိုင်ပွဲတွင် မန္တလေး ရတနာပုံတက္ကသိုလ်အသင်း၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်း၊ အားကစားနှင့်ကာယပညာသိပ္ပံ (မန္တလေး)အသင်း၊ ညီညွတ်ရေး ကရာတေးဒိုအသင်း၊ JKH Mandalay TT ကရာတေးဒိုအသင်း၊ Shotoban Conbact ကရာတေးဒိုအသင်း၊ ဗထူးလေ့ကျင့်ရေးအသင်း၊ တက်ခေတ် ကရာတေးဒိုအသင်းနှင့် ရွှေလင်းယုန်ကရာတေးဒိုအသင်းတို့မှ ပြိုင်ပွဲဝင် စုစုပေါင်း ကရာတေးဒိုအားကစားမောင်မယ် ၁၂၀ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ ပြိုင်ပွဲအခမ်းအနား ဖွင့်လှစ်ပြီးနောက် ကရာတေးဒိုအားကစားသရုပ်ပြအစီအစဉ်များ ပြသပြီးနောက် ပြိုင်ပွဲဝင်များက ပြိုင်ပွဲစတင်ယှဉ်ပြိုင်ခဲ့ကြသည်။ ပြိုင်ပွဲအပြီးတွင် ကရာတေးဒို ပြိုင်ပွဲတွင် ဆုရအားကစားမောင်မယ်များကို တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဝင်းလှိုင်၊ အားကစားနှင့်ကာယပညာသိပ္ပံ (မန္တလေး)ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးမျိုးမြတ်အောင်၊ အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဝေဇင်၊ NAGATA Co.,Ltd. မှ Senior Manager Mr. FURUTA နှင့် ကရာတေးဒိုဆပ်ကော်မတီဝင်များက ဆုများချီးမြှင့်ပေးအပ်ခဲ့သည်။

**တင်မောင်(မန်းကိုယ်ပွား)**

# အင်းလေးဒေသသို့ ပြည်တွင်းပြည်ပခရီးသွားများ နေ့စဉ်စည်ကားစွာ လာရောက်လည်ပတ်လျက်ရှိ



**မိတ္ထီလာ ဒီဇင်ဘာ ၂၉**

ရှမ်းပြည်နယ် (တောင်ပိုင်း) ညောင်ရွှေမြို့နယ် အင်းလေးဒေသသို့ ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်များ နေ့စဉ်စည်ကားသိုက်မြိုက်စွာ လာရောက်လည်ပတ်လျက်ရှိကြောင်း စက်လှေဖြင့် ခရီးသည်ပို့ဆောင်သည့်လုပ်ငန်း လုပ်ကိုင်သူ နန်ပန်ကျေးရွာဒေသခံတစ်ဦးက ပြောသည်။

“အင်းလေးဒေသကို ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်တွေ နေ့စဉ် စည်ကားသိုက်မြိုက်စွာ လာရောက်လည်ပတ်နေကြတယ်။ သီတင်းကျွတ်ကာလ နောက်ပိုင်းကနေ ဒီနေ့အထိ အင်းထဲမှာ စက်လှေစီးရင်း ဘုရားဖူးပြီးလည်ပတ်လှေလာကြတဲ့ ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်တွေနဲ့ စည်ကားနေတာပါ။ လာမယ့် ဖေဖော်ဝါရီလကုန်ရင်တော့ ခရီးသွားဧည့်သည်တွေ နည်းသွားမယ်ထင်တယ်။ အင်းထဲမှာ ရေကျချိန်ဆို စက်လှေစီးလို့လည်း သိပ်မကောင်းတော့ဘူး။ ခရီးသွားဧည့်သည်မရှိတာတော့ မဟုတ်ပါဘူး။ အဲဒီအချိန်ဆို နည်းသွားတတ်တယ်”ဟု နန်ပန်ကျေးရွာမှ စက်လှေဖြင့် ခရီးသည်ပို့ဆောင်သည့်လုပ်ငန်း လုပ်ကိုင်သူ ဒေသခံအမျိုးသားတစ်ဦးက ပြောသည်။**(အပေါ်ပုံ)**

အင်းလေး ဒေသအတွင်း ညောင်ရွှေစက်လှေဆိပ်မှ ခရီးသွားဧည့်သည်များ သွားရောက်ဖူးမြော်လှေလာလိုသည့် တန်ခိုးကြီးဘုရားများနှင့် အထင်ကရနေရာများသို့ စက်လှေဖြင့် သွားရောက်ပါက လည်ပတ်မည့် ခရီးအကွာအဝေးနှင့် အချိန်ကြာမြင့်မှုအပေါ် မူတည်၍ စက်လှေငှားရမ်းခ ငွေကျပ်တစ်သောင်းမှ လေးသောင်းအထိ ပေးရပြီး ခရီးသည်အများစုမှာ ဖောင်တော်ဦးဘုရား၊ အလိုတော်ပေါက်ဘုရား၊ ရွှေအင်းတိန်ဘုရား၊ အင်းအတွင်းရှိ ရိုးရာ ရက်ကန်းရုံများသို့ အများဆုံးသွားရောက်ဖူးမြော်လှေလာကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

# ဒုတိယအကြိမ် အရှေ့တောင်အာရှ ဖိတ်ခေါ် Squash ပြိုင်ပွဲ ကျင်းပနိုင်ရေးဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၂၉**

အားကစား ဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ Squash အဖွဲ့ချုပ်တို့ ပူးပေါင်း၍ မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ် ကျင်းပမည့် 2nd South East Asia Cup Squash Championship ပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပေါင်းစပ်ညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၂၈ ရက်က နေပြည်တော် အားကစားဝန်ကြီးဌာန ရုံးအမှတ်(၃၁)၌ ကျင်းပသည်။

အခမ်းအနားတွင် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းထိုက်က အမှာစကားပြောကြားရာတွင် Squash အားကစားနည်းကို မြန်မာတစ်ပြည်လုံး ပိုမိုစိတ်ပါဝင်စားလာပြီး Squash အားကစားအဆင့်အတန်းတိုးတက်မြင့်မား အောင်မြင်မှု ရရှိလာစေရန်ရည်ရွယ်ပြီး 2nd South East Asia Cup Squash Championship ပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပရခြင်းဖြစ်ကြောင်း၊ မြန်မာအားကစားသမားများအနေဖြင့် နိုင်ငံတကာပြိုင်ပွဲအတွေ့အကြုံများ ရရှိပြီး နည်းစနစ်ပိုင်းတွင် ပိုမိုတိုးတက်ကောင်းမွန်လာစေရန်အတွက် ရည်ရွယ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ နေပြည်တော်တွင် ၁၁-၁-၂၀၁၆ ရက်မှ ၁၇-၁-၂၀၁၆ ရက်အထိ 2nd South East Asia Cup Squash Championship ပြိုင်ပွဲကို အိမ်ရှင်အဖြစ်လက်ခံကျင်းပမည်ဖြစ်ကြောင်း၊ အိမ်ရှင်မြန်မာအပါအဝင် အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်း စုစုပေါင်း နိုင်ငံခြောက်နိုင်ငံမှ ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်းနှင့် ပြိုင်ပွဲကျင်းပရန်အတွက် ကြိုတင်ပြင်ဆင်ထားရှိမှုများကို အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်က ပြောကြားခဲ့သည်။

ထို့နောက် Squash အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးပြည့်စုံက မြန်မာနိုင်ငံရှိ ပြည်သူများ Squash အားကစားနည်းကို ကျယ်ကျယ်ပြန့်ပြန့် သိရှိလာနိုင်စေရန်နှင့် Squash အားကစားနည်းနှင့်ပတ်သက်သော စည်းမျဉ်းစည်းကမ်းများ၊ နည်းစနစ်ဥပဒေများ ပိုမိုသိရှိလာနိုင်စေရန်နှင့် Squash အားကစားသမားများ နိုင်ငံတကာပြိုင်ပွဲအတွေ့အကြုံကောင်းများ ရရှိလာစေရန်ရည်ရွယ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ တက်ရောက်လာကြသော သက်ဆိုင်ရာ ပြိုင်ပွဲကျင်းပရေး ကော်မတီအသီးသီးအလိုက် တာဝန်ထမ်းဆောင်ကြမည့် ဝန်ကြီးဌာနများရှိ တာဝန်ရှိသူများက မိမိတို့ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို ဆွေးနွေးတင်ပြကြရာ လိုအပ်သည်များကို ဒုတိယဝန်ကြီးက ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# မြိတ်မြို့နယ်၌ ကိုယ့်အားကိုယ်ကိုးမူလတန်းကြိုကျောင်း သုံးခုဖွင့်လှစ်



ရွှေပြည်တန်ရပ်ကွက် ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းကို တွေ့ရစဉ်။

**မြိတ် ဒီဇင်ဘာ ၂၉**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့၌ ဒီဇင်ဘာ ၂၈ ရက်က ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းသုံးခုကို ထပ်မံဖွင့်လှစ်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

အဆိုပါဖွင့်လှစ်သည့် မူလတန်းကြိုကျောင်းသုံးကျောင်းမှာ မြိတ်မြို့ မြိတ်တောင်ကျေးရွာအုပ်စု ရွှေပြည်တန်ရပ်ကွက် ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း၊ မြိတ်တောင်ကျေးရွာအုပ်စု အင်းလေးမြိုင်ရပ်ကွက် ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း၊ မြိတ်မြို့ ပင်းအိုကျေးရွာအုပ်စု လက်ခုပ်တောင်ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းတို့ဖြစ်သည်။

ရွှေပြည်တန်ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း ဖွင့်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနမှူးက မူကြိုပညာရေးနှင့် ကလေးစွမ်းရည်မြင့်မားရေး အမှာစကားပြောကြားပြီး ဝေါ့ဗ်ရှင်းမြန်မာမှ တနင်္သာရီတိုင်းဒေသကြီးဇုန်မန်နေဂျာက ကလေးဖွံ့ဖြိုးရေးလှုပ်ရှားမှုအကြောင်း ရှင်းလင်းဆွေးနွေးကာ မြိတ်တောင်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးထွန်းဝင်းက မူကြိုကျောင်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အလားတူ မြိတ်တောင်ကျေးရွာအုပ်စု အင်းလေးမြိုင်ရပ်ကွက် ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းကို ယင်းနေ့ နံနက် ၉ နာရီတွင်လည်းကောင်း၊ ပင်းအိုကျေးရွာအုပ်စု လက်ခုပ်တောင် ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းကို မွန်းလွဲ ၂ နာရီတွင်လည်းကောင်း ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# ရှမ်းနှစ်ဦးကောက်သစ်စားပွဲကျင်းပ

**ဒေါ့ဖုန်းယန် ဒီဇင်ဘာ ၂၉**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ဒေါ့ဖုန်းယန်မြို့ မိုးလဲဒေသအတွင်း ကျေးရွာ ၂၁ ရွာရှိ ရှမ်းစာပေနှင့်ယဉ်ကျေးမှုအဖွဲ့က ကြီးမှူးကျင်းပသော ရှမ်းနှစ်ဦးကောက်သစ်စားပွဲ ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာနောက်ဆုံးပတ်က ဖာကေကျေးရွာ ဓမ္မာရုံဝင်း၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် အိုးစည်အကများဖြင့် ကပြဖျော်ဖြေခဲ့ကြပြီး ရှမ်းနှစ်ဖြစ်သည့် ၂၁၁၀ ပြည့်နှစ် နှစ်ဦးကိုကြိုဆိုဂုဏ်ပြုသည့်အနေဖြင့် ည ၁၂ နာရီတွင် မီးရှူး မီးပန်းများကို ပျော်ရွှင်စွာလွှတ်တင်ခဲ့ကြကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# မျိုးဆက်ပွားကျန်းမာရေးစောင့်ရှောက်မှုဆန်းစစ်

**ဟုမ္မလင်း ဒီဇင်ဘာ ၂၉**

မျိုးဆက်ပွားကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ လက်လှမ်းမီစေရေး စီမံချက်လုပ်ငန်းဆန်းစစ်ခြင်းကို ဒီဇင်ဘာလစတုတ္ထပတ်က ဟုမ္မလင်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)မှ အလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါက်တာမေစိုးဦးနှင့် ဟုမ္မလင်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်နန်းမေကြင်တို့က အမှာစကားပြောကြားပြီး၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအမှုဆောင်ညွှန်ကြားရေးမှူး ဒေါက်တာကိုကိုမော်က လုပ်ငန်းဆန်းစစ်ခြင်းအကြောင်းကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**လင်းလင်း(ပြန်/ဆက်)**

# မီးဘေးကြိုတင်ကာကွယ်ရေးဆောင်ရွက်

**ပေါက် ဒီဇင်ဘာ ၂၉**

မီးဘေးလုံခြုံရေးနှင့်မီးလောင်မှုကြောင့် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များပျက်စီးဆုံးရှုံးခြင်းမှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် ပေါက်မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်မီးသတ်တပ်ဖွဲ့၊ မြို့နယ်လျှပ်စစ်တို့ ပူးပေါင်း၍ ပေါက်မြို့မဈေးအတွင်း ကွင်းဆင်းစစ်ဆေးခြင်းလုပ်ငန်းများကို ဒီဇင်ဘာ ၂၇ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကွင်းဆင်းစစ်ဆေးရာတွင် ဈေးသူဈေးသားများ မီးသတိရှိစေရေးအတွက် မီးသုံးစွဲမှုများနှင့် လျှပ်စစ်သွယ်တန်းမှုများကို လိုက်လံစစ်ဆေးအကြံပြုခြင်း၊ မီးဘေးကြိုတင်ကာကွယ်ရေး ပညာပေးဟောပြောခြင်းနှင့် မီးဘေးအန္တရာယ်ကျရောက်ပါက မီးသတ်ကားများ အလွယ်တကူ အလျင်အမြန်ဝင်ရောက်နိုင်ရေးအတွက် လမ်းကြောင်းများရှင်းလင်းခြင်း၊ မီးသတ်ဆေးဘူးကိုင်တွယ်အသုံးပြုခြင်းနှင့် ဆိုင်ခန်းတိုင်း မီးသတ်ဆေးဘူးအသင့် ချိတ်ဆွဲထားရှိနိုင်ရေး နှိုးဆော်အသိပေးခြင်းတို့ကို ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

# နှစ်ဦးမှာ ခြေကုန်ဖွင့်ကြရမယ့် ပရီမီယာလိဂ်ပွဲစဉ်(၂၀)



၂၀၁၆ ခုနှစ်ကို ကြိုဆိုမယ့် ပရီမီယာလိဂ်ပွဲစဉ်(၂၀)ကတော့ ဇန်နဝါရီ ၂ ရက်နဲ့ ၃ ရက်တွေမှာ ယှဉ်ပြိုင်ဖို့ အသင့်အနေအထားရှိနေပြီ ဖြစ်ပါတယ်။ ဒီပွဲစဉ်မှာ ရှုံးပွဲတွေဆက်တိုက် ဖြစ်ပေါ်နေတာကို ရပ်တန့်ဖို့ကြိုးစားတော့မယ့် မန်ယူရဲ့ ခြေစွမ်းကိုတော့ ရင်ခုန်လိုက်မောစွာနဲ့ စောင့်ကြည့်အားပေးရမှာဖြစ်ပါတယ်။ ကျန်တဲ့ ထိပ်တန်းအသင်းတွေကတော့ ပြိုင်ဘက်တွေကို ကျော်ဖြတ်ပြီး အမှတ်ပြည့်ရယူဖို့ အခြေအနေကောင်းနဲ့ ကြုံတွေ့ဖို့များနေတာတော့ အမှန်ပါပဲ။

**မန်ယူနှင့် ဆွမ်ဆီး**

မန်ယူကို အိမ်ကွင်း၊ အဝေးကွင်းတွေမှာ နိုင်ပွဲတွေရအောင် စွမ်းဆောင်နိုင်တဲ့ ဆွမ်ဆီးဟာ အခုပွဲမှာလည်း အောင်ပွဲခံဖို့ အားထုတ်လာမှာဖြစ်ပါတယ်။ ဆွမ်ဆီးဟာ မန်ယူကို ဘယ်လိုကစားရမယ်ဆိုတာ သိရှိနေပြီး လောလောဆယ် ခြေစွမ်းယိုင်နေတဲ့ မန်ယူအပေါ် အခွင့်အရေးရအောင် ယူပါလိမ့်မယ်။ တန်းဆင်းဇုန်ထဲမကျဆင်းအောင် ခြေကုန်ထုတ်လာမယ့် ဆွမ်ဆီးကို အိမ်ကွင်းမှာ မန်ယူတို့ အပြင်းအထန်ခုခံရမယ့် အနေအထားရှိနေပါတယ်။ ဒီပွဲမှာ မန်ယူတို့ တစ်မှတ်ရအောင် ရုန်းကန်ရမယ့်အနေအထားပါပဲ။

**ဝက်စ်ဟမ်းနှင့် လီဗာပူး**

ဒီပွဲမှာ လီဗာပူးတို့ အဝေးကွင်းဆိုပေမယ့် အမှတ်အပြည့်ရအောင် စွမ်းဆောင်ပါလိမ့်မယ်။ ပုံမှန်ခြေစွမ်းပြန်ရပြီး နိုင်ပွဲတွေပြန်လည်ထုဆစ်လာနိုင်တဲ့ လီဗာပူးတို့ဟာ အခုပွဲကို လူစုံထုတ်ကစားမှာ သေချာပါတယ်။ ရှုံးပွဲတွေဆက်တိုက်ကြုံတွေ့နေရတဲ့ ဝက်စ်ဟမ်းတို့အတွက်ကတော့ အိမ်ကွင်းဆိုပေမယ့် လက်ရှိကစားအားနဲ့ လီဗာပူးတို့ကို ဖိအားပေးဖို့ မလွယ်ပါဘူး။ ဝက်စ်ဟမ်းတို့ မျှော်လင့်ချက်ထားလို့မရတဲ့ပွဲပါ။

**ဝက်ဖို့ဒ်နှင့် မန်စီးတီး**

မန်စီးတီးဟာ နိုင်ပွဲတွေပြန်ရနေတာမို့ တန်းစီဇယားစိုးမိုးရေးကို ပြန်လည်အားထုတ်နေပြီ ဖြစ်ပါတယ်။ ဝက်ဖို့ဒ်ရဲ့ အိမ်ကွင်းအားထုတ်မှုက ကောင်းနေပြီး ပြိုင်ဘက်တိုင်းကို အခက်တွေ့အောင် ကစားနိုင်ပါတယ်။ မန်စီးတီးတို့ ဒဏ်ရာရရှိနေတဲ့ ကစားသမားတွေ ပြန်လည်ပါဝင်နိုင်ပြီဖြစ်တာမို့ အင်အားတောင့်တင်းခိုင်မာနေပါတယ်။ ပြီးခဲ့တဲ့ပွဲစဉ်မှာ ဆန်းဒါးလန်းကို လေးဂိုး-တစ်ဂိုးနဲ့ နိုင်ပွဲပြန်ရခဲ့တဲ့ မန်စီးတီးရဲ့ ခြေစွမ်းက လီဗာပူး၊ ချယ်လ်ဆီးတို့ကို ရှုံးပွဲမရှိအောင် ကစားထားတဲ့ ဝက်ဖို့ဒ်ကို ကျော်ဖြတ်ဖို့ ခက်ခဲတာမှန်ပေမယ့် အနိမ့်ဆုံး တစ်မှတ်တော့ ရနိုင်တဲ့ပွဲပါ။

**နော့ဝှစ်ချ်နှင့် ဆောက်သမ်တန်**

ခြေစွမ်း အတက်အကျရှိနေတဲ့ နော့ဝှစ်ချ်တို့ဟာ မန်ယူကိုအနိုင်ကစားနိုင်ပေမယ့် စပါးကိုရှုံးခဲ့တာမို့ ခြေစွမ်းက စိတ်ချရတဲ့အနေအထားတော့ မဟုတ်ပါဘူး။ လောလောဆယ် နောက်ဆုံးငါးပွဲကစားခဲ့တဲ့ နော့ဝှစ်ချ်ရဲ့ ပွဲရလဒ်တွေကိုကြည့်ရင် နိုင်ပွဲတစ်ပွဲသာ ရရှိခဲ့ပါတယ်။ ဆောက်သမ်တန်တို့ကလည်း အာဆင်နယ်ကို လေးဂိုးပြတ်နဲ့ အနိုင်ယူပြီး အံ့အားသင့်စရာခြေစွမ်းပြနိုင်ခဲ့တာမို့ ဒီပွဲမှာ အဲဒီခြေစွမ်းပြန်ရရင် နော့ဝှစ်ချ်တို့ မလွယ်ပါဘူး။ အကြိုက်က ဆောက်သမ်တန်တို့ပါပဲ။

**ဆန်းဒါးလန်းနှင့် ဗီလာ**

နောက်ဆုံးတွေ့ဆုံခဲ့တဲ့ ဒီနှစ်သင်းရဲ့ ရလဒ်က နှစ်ဂိုးစီသရေပွဲဖြစ်ခဲ့လို့ ဒီပွဲမှာတော့ အပြိုင်အဆိုင်အားထုတ်ကြတော့မှာဖြစ်ပါတယ်။ ဒါပေမယ့် လေးပွဲဆက်ရှုံးပွဲကြုံနေတဲ့ ဆန်းဒါးလန်းနဲ့ ငါးပွဲဆက်တိုက်နိုင်ပွဲပျောက်ဆုံးနေတဲ့ ဗီလာတို့ရဲ့ ဒီပွဲကတော့ နှစ်သင်းစလုံးရမှတ်ကောင်းကို အပြိုင်ရှာဖွေပါလိမ့်မယ်။ ဒီပွဲမှာ အနိုင်ပွဲကို အပြိုင်ပုံဖော်ကြမှာမို့ သရေပွဲနဲ့ အဆုံးသတ်ဖို့တော့ များနေပါတယ်။

**ဝက်စ်ဘရွန်းနှင့် စတုတ်**

နိုင်ပွဲတွေပျောက်ဆုံးနေတဲ့ ဝက်စ်ဘရွန်းတို့လည်း လက်ရှိ အကျပ်အတည်းက လွတ်မြောက်ဖို့ ဒီပွဲမှာ ရုန်းကန်တော့မှာဖြစ်ပါတယ်။ စတုတ်တို့ကလည်း မန်ယူကို နှစ်ဂိုးပြတ်နဲ့ နိုင်ပွဲရအောင် ကစားနိုင်ခဲ့လို့ ကစားသမားတွေ စိတ်ဓာတ်တက်ကြွနေပါတယ်။ ဒီနှစ်သင်းရဲ့ နောက်ဆုံးတွေ့ခဲ့တဲ့ ရလဒ်ကိုကြည့်ရင် ဝက်စ်ဘရွန်းက တစ်ဂိုး-ဂိုးမရှိနဲ့ နိုင်ခဲ့ပေမယ့် အခုပွဲမှာ ခြေတက်နေတဲ့ ဧည့်သည်ကိုပဲ ပိုပြီးယုံကြည်မှုပေးရမှာ ဖြစ်ပါတယ်။ ။

**မိုးမြင့်လင်းလက်**

## ကမ္ဘာလုံးဆိုင်ရာ တစ်နှစ်တာအကောင်းဆုံးဘောလုံးသမားဆု ဆွတ်ခူးသွားတဲ့ မက်ဆီ

ဘာစီလိုနာစူပါစတား လီယွန်နယ်မက်ဆီဟာ ဒူဘိုင်းမှာကျင်းပတဲ့ ကမ္ဘာ့လုံးဆိုင်ရာ တစ်နှစ်တာအကောင်းဆုံးဘောလုံးသမားဆုကို ဆွတ်ခူးသွားနိုင်ခဲ့ပါတယ်။ ပြီးခဲ့တဲ့နှစ်က ဖလားသုံးလုံးသိမ်းပိုက်နိုင်ခဲ့တဲ့ စပိန်လာလီဂါထိပ်သီး ဘာစီလိုနာအသင်းဟာ အကောင်းဆုံးကလပ်အသင်းဆု ဆွတ်ခူးနိုင်ခဲ့ပါတယ်။ ယခုနှစ်ရာသီမှာ ဒဏ်ရာတွေကြောင့် အနားယူခဲ့ရတဲ့ အာဂျင်တီးနားတိုက်စစ်မှူးမက်ဆီဟာ ပြီးခဲ့တဲ့နှစ်က ၅၈ ဂိုးအထိ သွင်းယူပေးခဲ့ပြီး ဘာစီလိုနာအသင်းအတွက် ဖလားသုံးလုံးသိမ်းပိုက်နိုင်ခဲ့ပါတယ်။ "ကျွန်တော့်အနေနဲ့ ဒီဆုဆွတ်ခူးနိုင်တဲ့အတွက် အလွန်ပျော်ပါတယ်။ ကျွန်တော်တို့အသင်းအနေနဲ့လည်း ဒီဆုကို အမှန်တကယ်ရထိုက်လို့ ရခဲ့တာပါ။ ဒီနှစ်ကတော့ ဘာစီလိုနာအသင်းဟာ အတော်ထူးခြားတဲ့နှစ်လို့ဆိုရမှာ ဖြစ်ပါတယ်"လို့ မက်ဆီက ဆိုပါတယ်။ ဘာစီလိုနာအသင်းက အကောင်းဆုံး မီဒီယာဆွဲဆောင်ဆုကိုလည်း ဆွတ်ခူးနိုင်ခဲ့ပါတယ်။ ဘာစီလိုနာအသင်းဟာ ၂၀၁၅ ခုနှစ်ထဲမှာ စပိန်လာလီဂါ၊ ကိုပါဒယ်ရေးဖလား၊ ချန်ပီယံလိဂ်၊ ဥရောပစူပါဖလားနဲ့ ကမ္ဘာ့ကလပ်ဖလားတို့ကို ဆွတ်ခူးနိုင်ပြီဖြစ်တဲ့အတွက် ဖလားငါးလုံးအထိ ဆွတ်ခူးနိုင်ခဲ့ပြီဖြစ်ပါတယ်။



**ကောင်းမြတ်သူ**
**စုစည်းသည်။**

## ဖလားရဖို့ နှစ်သစ်ကိုမျှော်လင့်တယ်ဆိုတဲ့ ဟယ်ရီကိန်း

ဟယ်ရီကိန်းရဲ့ ၂၇ ဂိုးသွင်းယူနိုင်တဲ့ ၂၀၁၅ ပြက္ခဒိန်နှစ်ကတော့ တနလ်ာနေ့က ပြီးဆုံးသွားခဲ့ပါပြီ။ "ဒီလိုဂိုးတွေအများကြီးသွင်းနိုင်တဲ့နှစ်ကို ကျွန်တော်ဘယ်တော့မှ မေ့ပျောက်ပစ်မှာမဟုတ်ပါဘူး"လို့ ဟယ်ရီကိန်းက ဆိုပါတယ်။ ၂၀၁၆ ခုနှစ် ပြက္ခဒိန်နှစ်သစ်မှာ စပါး သို့မဟုတ် အင်္ဂလန်အသင်းနဲ့ ဖလားရဖို့ မျှော်လင့်ထားတယ်လို့ သူက ဆိုပါတယ်။ ဘောက်ဆင်ဒေးမှာ နော့ဝှစ်ချ်ကို နိုင်တဲ့ပွဲမှာ နှစ်ဂိုးသွင်းယူပေးခဲ့တဲ့ ဟယ်ရီကိန်းက ယခုပြက္ခဒိန်နှစ်သစ်မှာ ဂိုး ၃၀ လောက်သွင်းယူသွားဖို့ မျှော်လင့်ထားတယ်လို့ ဆိုပါတယ်။ "ကျွန်တော့်အနေနဲ့ တစ်နှစ်ထက်တစ်နှစ် ပိုကောင်းအောင် ကစားလာနိုင်တဲ့အတွက် ဂိုးတွေပိုသွင်းပေးနိုင်ဖို့ မျှော်လင့်ထားသလို ဖလားတွေလည်း ဆွတ်ခူးဖို့ မျှော်လင့်ထားတာပါ"လို့ ဟယ်ရီကိန်းက ဆိုပါတယ်။ စပါးအသင်းနည်းပြ ပိုချစ်တီနိုကလည်း ဟယ်ရီကိန်းကို ပံ့ပိုးနိုင်မယ့် တိုက်စစ်မှူးတစ်ဦးကို ဇန်နဝါရီလမှာ ထပ်ဖြည့်ဖို့ စီစဉ်နေပါတယ်။

## စပိန်ရဲ့မြို့တော်မှာ ကစားသမားအဖြစ်မှ အနားယူနိုင်တယ်ဆိုတဲ့ စီရော်နယ်ဒို

စီရော်နယ်ဒိုဟာ စပိန်ရဲ့မြို့တော် မက်ဒရစ်မြို့မှာပဲ ဘောလုံးကစားသမားအဖြစ်မှ အနားယူနိုင်တယ်လို့ သူ့ရဲ့အေးဂျင့် ဂျော့မန်းဒစ်က ပြောဆိုလိုက်ပါတယ်။ ရီးရဲမက်ဒရစ်အသင်းမှာပဲ ၄၊ ၅၊ ၆၊ ၇ နှစ်ကစားသွားဖို့ သေချာနေတယ်လို့ တိုက်စစ်မှူး စီရော်နယ်ဒိုရဲ့ အေးဂျင့်က ဆိုပါတယ်။ စီရော်နယ်ဒိုဟာ ရာသီအကုန်မှာ ရီးရဲမက်ဒရစ်မှ ထွက်ခွာလိမ့်မယ်လို့ ပြောဆိုနေမှုတွေဟာ ကောလာဟလတွေသာဖြစ်တယ်လို့ မန်းဒစ်က အခိုင်အမာပြောဆိုလိုက်ပါတယ်။ စီရော်နယ်ဒိုနဲ့ အနာဂတ်နဲ့ပတ်သက်လို့ ရီးရဲမက်ဒရစ်က မကြာမီ ကြေညာလိမ့်မယ်လို့ ကမ္ဘာ့အကောင်းဆုံးဘောလုံးသမားဆုသုံးကြိမ်ရ စီရော်နယ်ဒိုရဲ့ အေးဂျင့် ဂျော့မန်းဒစ်က ဆိုပါတယ်။ ဂျော့မန်းဒစ်ဟာ ဒူဘိုင်းမှာ ကျင်းပတဲ့ ကမ္ဘာလုံးဆိုင်ရာ အကောင်းဆုံးအေးဂျင့်ဆု ဆွတ်ခူးခဲ့သူလည်း ဖြစ်ပါတယ်။ တစ်ချိန်လုံး ခြေစွမ်းပြနေတဲ့ စီရော်နယ်ဒိုဟာလည်း နောက် ၄၊ ၅ နှစ်အတွင်း ရီးရဲမက်ဒရစ်မှာပဲ ဆက်လက်ကစားလိမ့်မယ်လို့ သူက ဆိုပါတယ်။



# ဓမ္မစကူးလ်နှင့် ကတဝေဒီမင်္ဂလာ

**ရတနာစည်ဆရာတော်(လွိုင်လင်)**

**ဓမ္မစကူးလ် နှစ်ဝက်ခရီး**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် လွိုင်လင်မြို့၌ ရတနာစည်ဓမ္မစကူးလ်ဖွင့်ခဲ့သည်မှာ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်၏ နှစ်ဝက်တိုင်ရောက် ခရီးပေါက်ခဲ့ပါပြီ။

ဤကာလများအတွင်း လွန်မြောက်ခဲ့ပြီးသော တနင်္ဂနွေနေ့တိုင်း မိုးစွေစွေ နှင်းဝေဝေ နေပူပူ ငြီးငြူကင်းကင်း ပေါ့လျော့ကင်းကင်း အားမာန်တင်းပြီး လင်းချင်းသောအနာဂတ်အမြင်ဖြင့် ကြည်လင်တက်ကြွစွာ ဗုဒ္ဓဘာသာစာရိတ္တပညာရပ်များကို သင်ကြား၊ သင်ယူကြသည့် ဓမ္မစကူးလ် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၏ ဝီရိယပုံရိပ်ကလည်း တဖိတ်ဖိတ်ရောင်စဉ်တန်းလျက်ရှိသည်မှာ ပထမအရွယ် ပညာစခန်း၏ အလှပန်းတို့ကို လန်းလန်းစွင့်စွင့်ဖူးပွင့်စေသည့် နိမိတ်ပုံများပင်ဖြစ်နေပါ၏။ သည်သို့သည်ပုံဖြင့်သည် ခရီး၏ နှစ်ဝက်မှတ်တိုင်ကို ကျော်ဖြတ်နိုင်ခဲ့ကြပါပြီ။

**လွိုင်လင်မြို့လယ်ဆရာတော်၏ ဩဝါဒများ**

ဤတွင် သက်တော်အားဖြင့် ၈၀ နားကပ်လျက်ရှိနေသော သက်တော်ကြီး ဝါတော်ကြီး လွိုင်လင်မြို့လယ်ဆရာတော်ကြီးကိုယ်တိုင် ရတနာစည်ဓမ္မစကူးလ်သို့ စိတ်လိုလက်ရကြွရောက်လာပြီး ကျောင်းသား ကျောင်းသူတို့အား ဩဝါဒများ၊ ဓမ္မလင်္ကာများ၊ ဓမ္မပဒေသများကို သင်ကြားပေးမှုကလည်း ဝိသေသဓမ္မစကူးလ် ဖြစ်လျက်ရှိလာပါ၏။ ပြည်နယ်ဩဝါဒါစရိယ လွိုင်လင်မြို့လယ်ဆရာတော်ကြီး သင်ကြားဩဝါဒပေးသည့် ဓမ္မပဒေသများထဲမှ အချို့ကို ဤ၌ထုတ်နုတ်ပြပါမည်။

**သီး(၄)သီး၊ လူ(၄)လူ**

၁။ ငှက်ပျောသီး၊ ငှက်ပျောလူ= အပြင်လှ အတွင်းချို

၂။ ပိန္နဲသီး၊ ပိန္နဲလူ= အပြင်ဆိုး အတွင်းချို

၃။ ကျီးအာသီး၊ ကျီးအာလူ= အပြင်လှ အတွင်းခါး

၄။ ပဒိုင်းသီး၊ ပဒိုင်းလူ = အပြင်ဆိုး အတွင်းဆိုး

“ကလေးတို့ မှတ်ထား။ ပဒိုင်းသီးဆိုတာ ကြည့်လိုက်ရင် မည်းမည်းတူးတူး၊ အသီးကိုဆုပ်မိရင်စူး၊ နမ်းမိရင်မူး၊ စားမိရင်ရူးတတ်တယ်။ အဲသလို ပဒိုင်းသီးနဲ့တူတဲ့ လူတွေ ဒီလောကကြီးထဲမှာ ရှိနေတယ်။ ရှိနေတယ်နော်. . .။ အဲဒီလူမျိုး ဝေးဝေးရှောင် . . .”

“အေး. . . တချို့ကျတော့ အပြင်ပန်းမှာ လှလိုက်တာ။ ကျီးအာသီးလေးလို အဝေးကလှမ်းကြည့်ရင် နီတျာတျာနဲ့ လှလိုက်တာ။ အဲ. . . လှလို့ဆို ခူးပြီး အတွင်းကိုခွဲကြည့်လိုက်ရင်တော့ အနံ့က နံစူးစူး၊ အနှစ်က မည်းတူးတူး၊ လျှာနဲ့မြည်းကြည့် ခါးတူးတူး။ အော့အန်သွားမယ်နော်။ ဒီလို ကျီးအာသီးနဲ့တူတဲ့လူတွေ ဒီလောကကြီးထဲမှာအများကြီး . . .။ အဲဒီလူမျိုးဝေးဝေးရှောင် . . .”

ရှောင်ရန် ဆောင်ရန်တို့ကို ကလေးတို့နားထဲ စူးကနဲဝင်သွားအောင်၊ ကလေးတို့ မျက်စိထဲ ဝင်းကနဲမြင်သွားအောင် ဩဝါဒပေးတော်မူပါသည်။

**ဓမ္မရေးရာ ... ဥပမာ**

နောက်တစ်ခုမှာ . . .

“ကလေးတို့. . . ဟိုရှေးတုန်းက ဘုရားလက်ထက်တော်တုန်းက ဝိသာခါလို့ကျော်ကြားတဲ့ ကျောင်းအမကြီး ရှိခဲ့ဖူးတယ်။ အဲဒီ ဝိသာခါဟာ ငယ်စဉ်ခုနစ်နှစ်သမီး အရွယ်မှာ သောတာပန်လို့ခေါ်တဲ့ အရိယာဖြစ်ခဲ့တယ်. .။ အရိယာဆိုတာ ဖြူစင်သန့်ရှင်းတဲ့ အဆင့်တစ်ဆင့်ကိုပြောတာ. .။ အမှန်တော့ အရိယာအဆင့် မရောက်ခင်ကတည်းက လိမ္မာယဉ်ကျေး အသိဉာဏ်ကြွယ်ဝတဲ့သမီးလေး ဖြစ်ခဲ့ပြီးသား . .။ အဲ့ဒီ ဝိသာခါ ကျောင်းအမကြီးမှာ ပွဲနေပွဲထိုင်ဝတ်တဲ့ အဝတ်တစ်မျိုး၊ အမြဲဝတ်တဲ့ အဝတ်တစ်မျိုးရှိတယ်ပေါ့၊ ပွဲနေပွဲထိုင်ဝတ်တဲ့ အဝတ်ကို မဟာလ္လကတန်ဆာလို့ ခေါ်တယ် . .။ အဲဒါထားလိုက်တော့. . ခုပြောမှာက အမြဲဝတ်တဲ့ အဝတ်တန်ဆာကို ပြောမှာ . . . မှတ်ထားနော် . . .

ဆံထုံးမှာ စိန်စီဘီး သုံးဘီးစိုက်တယ်. .၊ ရတနာဆွဲသီး နှစ်လုံးပါတဲ့လည်ဆွဲကို လည်ပင်းမှာဆွဲတယ်-။ နားဍောင်းနှစ်ဖက်. .၊ လက်ကောက်နှစ်ဖက် အမြဲဝတ်တယ်. .။ ရင်စေ့အင်္ကျီမှာ ကြယ်သီးငါးလုံး အမြဲတပ်တယ် . .၊ လက်စွပ်တစ်ကွင်းဝတ်တယ်. .၊ ရွှေခြေကျင်းနှစ်ဖက်ဝတ်တယ်. .၊ ပြီးတော့ အမြဲတမ်း နံ့သာလိမ်းတယ်. . မှတ်ထားနော်. .။ ကဲ. . လင်္ကာလေး လိုက်ဆို. . .”

တစ်ပိုဒ်ချင်းချပေးသည်. .။ ဆရာ ဆရာမများ၊ သင်ထောက်ကူအကျိုးဆောင်များနှင့် ကျောင်းသား ကျောင်းသူလေးများ သံပြိုင်ညီညာ လိုက်ဆိုကြသည်။ အချိန်အများကြီး မကြာလိုက်ပါ။ အားလုံး နှုတ်တက်ရလိုက်ကြပါပြီ။ ဆရာတော်ကြီးကား မိမိပို့ချပေးသည့် လင်္ကာကို နှုတ်တက်ရွတ်ဆိုနေသံ နာခံရင်း ပြုံးတော်မူလျက် . . .။

လင်္ကာ၏အဓိပ္ပာယ်-

၁။ စိန်ဘီးသုံးဘီး = ရတနာသုံးပါး

၂။ ဆွဲသီးနှစ်လုံး = သစ္စာတရားနှင့် မေတ္တာတရား

၃။ နားဍောင်းနှစ်ဖက် = စေတနာနှင့်သဒ္ဓါ

၄။ လက်ကောက်နှစ်ဖက် = သမထနှင့် ဝိပဿနာ

၅။ ကြယ်သီးငါးလုံး = ငါးပါးသီလ

၆။ လက်စွပ်တစ်ကွင်း = သတိတရား

၇။ ရွှေခြေကျင်းနှစ်ဖက် = ဟိရိနှင့် ဩတ္တပ္ပ

၈။ နံ့သာလိမ်း = ကျေးဇူးသိတတ် ထုံမွှမ်းတတ်

ကျေးဇူးသိတတ်မှုကို နံ့သာရနံ့ဖြင့် သင်းပျံ့နေခြင်းနှင့် ဥပမာပြုထား၏ ။ သနပ်ခါးနံ့လေး တသင်းသင်း၊ နံ့သာနံ့လေး တညင်းညင်းရှိနေလျှင် လိပ်ပြာလုံပြီး လူတော



တိုးရဲခြင်းကြောင့် လူပုံအလယ် တင့်တယ်ကြောင်း နီတိကျမ်းများကလည်း ပြဆိုထားကြ၏ ။

ကျမ်းပြုအကျော် သပြေကန်ဆရာတော်ကြီးက ပရိတ်ကြီး နိဿယသစ်ကျမ်းကြီး၌ ဥစ္စာပေးခြင်း၊ အတတ်ပညာသင်ပေးခြင်း၊ ဆုံးမခြင်း၊ ဘေးရန်ကာကွယ်ပေးခြင်းစသည်ဖြင့် မိမိအပေါ်ပြုအပ်သော သူတစ်ပါး၏ ကောင်းမှုသည် ကျေးဇူးမည်၏။ ထိုကျေးဇူးကို နည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ အောက်မေ့နေသင့်ကြောင်း စသည်ဖြင့် ဖွင့်ဆိုရေးသားတော်မူသည့်အပြင် ကျေးဇူးကိုသိရုံသာမက တုံ့ပြန်ဆပ်ဖို့အတွက်လည်း အမြဲနှလုံးသွင်းနေအပ်ကြောင်း လမ်းညွှန်တော်မူထား၏။ ယင်းအပြင် ဥစ္စာပေး၍ ကျေးဇူးပြုမှုထက် အသိအလိမ္မာဉာဏ်ပညာပေး၍ ကျေးဇူးပြုမှုက ပိုပြီးကျေးဇူးကြီးကြောင်းကိုပါ အထူးရေးသား ညွှန်ပြထား၏။

ရတနာစည်ဓမ္မစကူးလ်းသို့ မပြတ်မပြတ် ဩဝါဒပေးလျက် ဓမ္မလင်္ကာများသင်ကြားပေးလျက် ကိုယ်တိုင်ကြွရောက်ချီးမြှောက်တော်မူသော လွိုင်လင်မြို့လယ်ဆရာတော်ကြီး၏ ကျေးဇူးတရားကို အမြဲတမ်းဝမ်းမြောက်စွာခံယူနေကြရင်း ဝါလကင်းလွတ် သီတင်းကျွတ်လာပြီးနောက်ဝယ် ဘုန်းကြီးကျောင်းများ၊ အတန်းကျောင်းများ၌ အာစရိယပူဇော်ပွဲများ အစဉ်အလာမပျက်ပေါ်ထွန်းလာသည်တွင် မိမိတို့ ရတနာစည်ဓမ္မစကူးလ်ကလည်း မြို့လယ်ဆရာတော်ကြီးအားပူဇော်ကြရန် ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ၊ သင်ထောက်ကူအကျိုးဆောင်များအားလုံး တစ်ညီတစ်ညွတ်တည်း ဆုံးဖြတ်ကြတော့သည်။ မှန်၏။ နံ့သာလိမ်းဖို့ ကိန်းဆိုက်လာပြီ။

**ကတညုတ ကတဝေဒီပူဇော မင်္ဂလာ**

နေ့ရက် ။ ။ ၁၃၇၇ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၃ ရက်

အချိန် ။ ။ နံနက် ၈ နာရီ

နေရာ ။ ။ လွိုင်လင်မြို့ ဘောလုံးကွင်း

နံနက်တိုင်း တိတ်ဆိတ်တည်ငြိမ်လျက်ရှိသည့် မြို့မဘောလုံးကွင်းသည် ယနေ့နံနက်တွင်သော်မူ ဓမ္မစကူးလ် ကျောင်းသား ကျောင်းသူများဖြင့် နိုးထလှုပ်ရှားလာလျက်ရှိ၏။ စုရပ်အဖြစ် ကြိုတင်စီစဉ်ထားရှိချက်အရ သားသမီးလေးများကို မိဘများကိုယ်တိုင် လာရောက်ပို့ဆောင်ပေးလျက်ရှိရာ ဆိုင်ကယ်များ၊ ကားများ၊ လူများဖြင့် စည်ကားနေသလို ဆရာ ဆရာမများ၊ သင်ထောက်ကူအကျိုးဆောင်များကလည်း စနစ်တကျ ကြိုဆိုလျက်ရှိကြသဖြင့် အားလုံးမျက်နှာ အပြုံးဖြာနေကြပါတော့၏။

နံနက် ၉ နာရီတွင်စတင်၍ ဓမ္မစကူးလ်တံဆိပ်ပါ ယောဂီတဘက်၊ အဖြူရောင်အင်္ကျီ၊ ယောဂီလုံချည်တို့ဖြင့် ကြည်နူးဖွယ် ဝတ်ဆင်ထားကြသည့် အတန်းစုံ ကျောင်းသား ကျောင်းသူတို့အား စနစ်တကျ နှစ်ယောက်တွဲ တစ်တန်းနှုန်းဖြင့် အတန်းလိုက်တန်းစီစေကာ သာသနာ့အလံကိုင်၊ ရတနာစည်ဓမ္မစကူးလ်ဆိုင်းဘုတ်ကိုင်၊ ကတညုတ ကတဝေဒီပူဇော စာတမ်းကိုင်၊ ပန်းဖလားကိုင်၊ တစ်ယောက်နိုင် ပဒေသာပင်ကိုင် စသည်စသည်ဖြင့် မြို့မဘောလုံးကွင်းမှ မြို့လယ်ကျောင်းတိုက်သို့ ဦးတည်ကာ စတင်ထွက်ခွာလာကြပါတော့သည်။ အကယ်၍ လမ်းခုလတ်၌ သားငယ် သမီးငယ်တစ်ဦးဦး ညောင်းညာ၍ မလိုက်ပါနိုင်လျှင်ဖြစ်စေ၊ မတော်တဆ မူးမော်လျှင်ဖြစ်စေ၊ လမ်းလျှောက်ရန် တစ်စုံတစ်ရာအခက်အခဲကြုံလာလျှင်ဖြစ်စေ အသင့်တင်ဆောင်နိုင်ဖို့ တပ်နယ်မှ မော်တော်ယာဉ်တစ်စီး၊ ရတနာစည်မှ မော်တော်ယာဉ်တစ်စီးတို့က အသင့်အနေအထားဖြင့် လိုက်ပါစောင့်ရှောက်သလို ရတနာစည်အနုဂ္ဂဟအသင်းနာယက လွိုင်လင်ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဟိန်းကျော်၊ လွိုင်လင်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးတင်ဟန်လင်းနှင့် အသင်းဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေမျိုးဇော်တို့ကလည်း ယာဉ်ဖြင့် ရှေ့ဆုံးမှ ဦးဆောင်၍၊ ဓမ္မစကူးလ်ဆရာ ဆရာမများ၊ သင်ထောက်ကူအကျိုးဆောင်များကလည်း ဘေးနှစ်ဖက်ဝဲယာ လိုက်ပါစောင့်ရှောက်ပေးကြ၏။

ရတနာစည်ဓမ္မစကူးလ် ကျောင်းသား ကျောင်းသူလေးများက အပြိုးမပျက်တန်းစီလျက် မှန်မှန်လျှောက်လှမ်းနေကြသလို သတ်မှတ်ထားသည့်နေရာအရောက်တွင် ဓမ္မလင်္ကာတေးများ၊ မေတ္တာပို့လင်္ကာတေးများ သံပြိုင်ရွတ်ဆိုမှုကလည်း ကြားကြားသမျှ သောမနဿ ပီတိ ပွားစေလျက်ရှိပါ၏ ။ ဓမ္မစကူးလ် ယောဂီအဝတ်ဝတ်ဆင်လျက် မေတ္တာပို့လင်္ကာရွတ်ဆိုရင်း စနစ်တကျ တန်းစီလျှောက်လှမ်းနေကြသည့် ရင်သွေးငယ် သားငယ် သမီးငယ်များကို မျက်မြင်ကိုယ်တွေ့ ဆုံစည်းရသော မြို့မိမြို့ဖများ၏ အားပေးမှုကလည်း ကြည်နူးဖွယ်ဖြစ်လျက်ရှိပါ၏။ ရတနာစည် အနုဂ္ဂဟအသင်းက ကြီးမှူးသည့် ရတနာစည်ဓမ္မစကူးလ်အဖွဲ့၏ ကတညုတ ကတဝေဒီပူဇော မင်္ဂလာပန်းသည် ထိုက်တန်စွာ ပွင့်လန်းနေပါတော့သည်။

“ဟို . . . စာတမ်းကို ကြည့်ဦး၊ ကတညုတ ကတဝေဒီပူဇာဆိုတာ ဘာလဲဟ. . . မေးကြ မြန်းကြစပ်စုကြ ပြောကြဆိုကြ ငေးမောကြရင်း သည်လို သည်သွင်ဖြင့် မြို့လယ်ကျောင်းတိုက်ကြီးသို့ ရောက်ရှိကြကာ အလယ်ကျောင်းကြီးပေါ်၌ ဆရာတော်ကြီးအား သံပြိုင်ညီညာကန်တော့ကြ၍ ကတညုတ=သူပြုပေးသည့် ကျေးဇူးကိုသိ၍၊ ကတဝေဒီ = တုံ့ပြန်ဆပ်ခြင်းဟူသော ကျေးဇူးဆပ်ပွဲတစ်ပွဲ ဆင်နွှဲအောင်မြင်ကြပါသတည်း။ ။



# ခင်ဦးမြို့နယ်မှ တီဘီလူနာများအား ကွင်းဆင်းရှာဖွေကုသ

**ခင်ဦး ဒီဇင်ဘာ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး တီဘီရောဂါတိုက်ဖျက်ရေးအဖွဲ့သည် ခင်ဦးမြို့နယ်အတွင်းမှ ကျေးလက်ကျန်းမာရေးဌာနသုံးခုနှင့် တိုက်နယ်ဆေးရုံတစ်ရုံသို့ ဒီဇင်ဘာ ၂၀ ရက်မှ ၂၄ ရက်အထိ ကွင်းဆင်းသွားရောက်ပြီး တီဘီလူနာများအား ရှာဖွေဖော်ထုတ်ကုသပေးခဲ့သည်။

တိုင်းဒေသကြီး တီဘီရောဂါတိုက်ဖျက်ရေးအဖွဲ့မှ ဒေါက်တာအောင်ကျော်စိုးနှင့် ဓာတ်မှန်ဆရာ ဒေါက်တာမျိုးမင်းစိုးတို့ ဦးဆောင်သောအဖွဲ့က ကွင်းဆင်းကုသပေးခဲ့ခြင်းဖြစ်ကာ ဒီဇင်ဘာ ၂၀ ရက်တွင် မြင်းဒေါင်းကျေးရွာ၊ ၂၂ ရက်တွင် ညောင်ပင်ကြီးစုကျေးရွာ၊ ၂၃ ရက်တွင် ပေါင်းလှဲကုန်းကျေးရွာနှင့် ၂၄ ရက်တွင် ရွာစဉ်ကျေးရွာများသို့ သွားရောက်၍ ကုသပေးခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

တီဘီရောဂါရှာဖွေရာတွင် ရင်ဘတ်ဓာတ်မှန်ရိုက်ခြင်း၊ သလိပ်စစ်ဆေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပြီး တစ်ရက်လျှင် ပျမ်းမျှ တီဘီသံသယရှိသူ ၁၅၀ နှုန်းခန့် စစ်ဆေးနိုင်ခဲ့ကြောင်း သိရသည်။ ဓာတ်မှန်ရိုက်စစ်ဆေးမှုအရ တီဘီအနာနှင့် သလိပ်တွင်တီဘီပိုးတွေ့ရှိပါက ချက်ချင်းတီဘီဆေးတိုက်ကျွေးကုသခဲ့ကြောင်း ဒေါက်တာအောင်ကျော်စိုးက ပြောသည်။

**ခင်ဦးစိုးဝေ**



## သတင်းတိုများ

### ကျေးရွာတံတားသစ် ဖွင့်ပွဲကျင်းပ

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ပင်လုံကျေးရွာ၌ ကျေးရွာနေပြည်သူများ လုပ်အားဒါနဖြင့် တည်ဆောက်ခဲ့သော အရှည် ၂၆ ပေ၊ အကျယ် ၅ ပေရှိ အာရ်စီကွန်ကရစ်အမျိုးအစား တံတားကို ဒီဇင်ဘာ ၂၆ ရက်က ဖွင့်လှစ်ခဲ့ရာ ဖွင့်ပွဲတွင် နန့်စီးအောင်၊ ပေကုန်း ရှေ့တန်းနယ်မြေစစ်ဗျူဟာမှူး ဒုတိယဗိုလ်မှူးကြီးသန်းထိုက်၊ ပင်လုံကျေးရွာအုပ်ချုပ်ရေးမှူး ဦးဝင်းမြင့်နှင့် ရပ်မိရပ်ဖ ဦးကျော်တင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

**ခင်မောင်ဆွေ(မော်လူး)**

### ညောင်ဦး-ကျောက်ပန်းတောင်းလမ်းတွင် ကတ္တရာထပ်ပိုးလွှာခင်း

ညောင်ဦး-ကျောက်ပန်းတောင်းလမ်း နပ္ပလင်ကျေးရွာလမ်းခွဲအနီး မိုင်တိုင်အမှတ်(၁၈/၀)မှ (၁၈/၄)အထိ အရှည်သုံးဖာလုံခန့် လမ်းပျက်စီးမှုများကို မြတ်နိုးသူကုမ္ပဏီက ညောင်ဦးဒေသသို့ ဘုရားဖူးလာသောပြည်သူများ သွားလာမှုလွယ်ကူချောမွေ့စေရန်ရည်ရွယ်၍ ပြုပြင်ပေးလျက်ရှိကြောင်း သိရသည်။ ကတ္တရာထပ်ပိုးလွှာခင်းခြင်းနှင့် တစ်ဖက်လျှင် သုံးပေစီခန့် လမ်းပခုံးများတိုးချဲ့ခြင်းတို့ကို ဆောင်ရွက်နေခြင်းဖြစ်ပြီး နှစ်ဖာလုံခန့် ပြုပြင်ပြီးစီးသွားပြီဖြစ်ကြောင်း၊ ယခင်က ကတ္တရာလမ်းအကျယ်မှာ ၁၈ ပေခန့်သာရှိပြီး လမ်းပခုံးတိုးချဲ့မှုကြောင့် အကျယ် ၂၄ ပေခန့် ရှိလာရာ ခရီးသွားပြည်သူများ ပို၍လွယ်ကူချောမွေ့စွာဖြတ်သန်းသွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

### ကိုယ့်အားကိုယ်ကိုး ပန်းပျိုးလက်စာကြည့်တိုက်ဖွင့်လှစ်

ကသာမြို့နယ် ကျောက်ပုံကျေးရွာ၌ ကိုယ့်အားကိုယ်ကိုးတည်ဆောက်ခဲ့သော ပန်းပျိုးလက်စာကြည့်တိုက်ဖွင့်ပွဲကို ဒီဇင်ဘာ ၂၇ ရက်က ကျင်းပခဲ့ရာ ကျောက်ပုံကျေးရွာ ကျောင်းထိုင်ဆရာတော် ဦးဉာဏိန္ဒ၊ ကသာခရိုင် ပြန်/ဆက် ဦးစီးအရာရှိ ဒေါ်အေးမြမွန်နှင့် ကျေးရွာစာကြည့်တိုက်ကော်မတီဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။ ထို့နောက် ကျေးရွာစာကြည့်တိုက်ရေရှည်တည်တံ့ခိုင်မြဲရေး လုပ်ငန်းစဉ်များကို ခရိုင်ပြန်/ဆက်ဦးစီးမှူးက ဆွေးနွေးဟောပြောခဲ့သည်။ အဆိုပါ စာကြည့်တိုက်ကို ကျောက်ပုံကျေးရွာ ကျောင်းထိုင်ဆရာတော်၏ ကျပ်သိန်း ၁၀၀ ကျော် မတည်လှူဒါန်းမှုဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ငွေအိုး(ကသာ)**



မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် ချောင်းမကြီးကျေးရွာ၌ (၈၃)ကြိမ်မြောက် သဲစေတီ ဗုဒ္ဓပူဇနိယပွဲတော်ကို ဒီဇင်ဘာ ၂၅ ရက်မှ ၂၇ ရက်အထိ ကျေးရွာ၏ အရှေ့ဘက် ယောချောင်းသဲသောင်ပြင်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ရာ သံဃာတော်များအား ရွာသူ ရွာသားများနှင့် ရပ်နီးရပ်ဝေးမှ ဧည့်ပရိသတ်များက ဆွမ်းနှင့် လှူဖွယ်ဝတ္ထုများ လောင်းလှူပူဇော်ကြစဉ်။

စိုးလင်းနိုင်(iprd)

# ကလေးပြိုင်ပွဲနှင့် သားကောင်းမိခင်ပြိုင်ပွဲ ဆုများချီးမြှင့်

**ရန်ကုန် ဒီဇင်ဘာ ၂၉**

ရန်ကုန်အနောက်ပိုင်းခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသော (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကလေးပြိုင်ပွဲနှင့် သားကောင်းမိခင်ပြိုင်ပွဲများတွင် ဆုရရှိသူများအား ဆုချီးမြှင့်ပွဲကို ဒီဇင်ဘာ ၂၈ ရက်က အလုံမြို့နယ် ဌာနာရပ်ကွက် နှင်းဆီလမ်းရှိ အလုံမြို့နယ်ခန်းမ၌ ကျင်းပခဲ့သည်။

ဆုချီးမြှင့်ပွဲသို့ ရန်ကုန်အနောက်ပိုင်းခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မြတ်သန္တာရဲတင့်၊ ရန်ကုန်အနောက်ပိုင်းခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါက်တာအေးအေးသွယ်၊ အနောက်ပိုင်းခရိုင် မိခင်၊ ကလေးနှင့် ကျောင်းကျန်းမာရေးဆရာဝန်ကြီး ဒေါက်တာရည်မွန်ဝင့်အောင်၊ ရန်ကုန်အနောက်ပိုင်းခရိုင်အတွင်းရှိ မြို့နယ်များမှ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအဖွဲ့ ဥက္ကဋ္ဌများ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးများ၊ အလုံမြို့နယ် အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အလုံမြို့နယ်အတွင်းရှိ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ပြိုင်ပွဲဝင် ကလေးမိခင်များနှင့် ကလေးများ တက်ရောက်ကြသည်။



ဆုချီးမြှင့်ပွဲတွင် ရန်ကုန်အနောက်ပိုင်းခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မြတ်သန္တာရဲတင့်က အမှာစကားပြောကြားပြီး လသာမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသန်းသန်းဌေးက ပြိုင်ပွဲစည်းကမ်းချက်များကို ဖတ်ကြားရှင်းလင်းသည်။ ထို့နောက် ဆုချီးမြှင့်ပွဲကိုကျင်းပရာ မွေးစမှ ခြောက်လအရွယ် ကလေးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိသူများအား ခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌက လည်းကောင်း၊ ခြောက်လမှ တစ်နှစ်အရွယ် ကလေးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိသူများအား ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယဦးစီးမှူးက လည်းကောင်း၊ တစ်နှစ်မှ နှစ်နှစ်အရွယ် ကလေးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား မိခင်၊ ကလေးနှင့် ကျောင်းကျန်းမာရေးဆရာဝန်ကြီးက လည်းကောင်း၊ အမြွှာကလေးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား မြို့နယ်အုပ်ချုပ်ရေးမှူးက လည်းကောင်း၊ သားကောင်းမိခင်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိသော မိခင်များအား အလုံမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးကလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ရွှေတိုင်လွင်**

# ယဉ်ကျေးလိမ္မာသင်တန်းဆင်းပွဲ ကျင်းပ

**လှိုင်ကော် ဒီဇင်ဘာ ၂၉**

ကယားပြည်နယ် လွိုင်ကော်မြို့နယ် မိုင်းလုံးရပ်ကွက်ရှိ ကုမာရဓမ္မကျောင်းတော်၌ ဖွင့်လှစ်သင်ကြားခဲ့သော ဒုတိယအကြိမ်မြောက် ကုမာရဓမ္မကျောင်းတော် ယဉ်ကျေးလိမ္မာသင်တန်းဆင်းပွဲကို ဒီဇင်ဘာ ၂၆ ရက်က ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲသို့ မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဟော်ကြီးကျောင်းဆရာတော်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ယဉ်ကျေးလိမ္မာပြန့်ပွားရေး အလုပ်အမှုဆောင်ဆရာတော်(လွိုင်လင်လေး)နှင့် ဆရာတော် သံဃာတော်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဆွေနှင့် ဒေသခံပြည်သူများ၊ သင်တန်းသူ သင်တန်းသားများ တက်ရောက်ခဲ့ကြသည်။ သင်တန်းဆင်းပွဲတွင် အလုပ်အမှုဆောင်ဆရာတော်က ယဉ်ကျေးလိမ္မာသင်တန်းများ ရေရှည်တည်တံ့ရန်အတွက် အမှာစကားမိန့်ကြားပြီး ယဉ်ကျေးလိမ္မာသင်တန်းမှ ကလေးငယ်များက တေးသရုပ်ဖော် တင်ဆက်မှုများဖြင့် ဖျော်ဖြေကာ ဖိတ်ကြားထားသော တိုင်းရင်းသားဧည့်သည်တော်များက တိုင်းရင်းသားရိုးရာအကအလှများဖြင့် ဖျော်ဖြေခဲ့သည်။

ယဉ်ကျေးလိမ္မာသင်တန်းဆင်းပွဲတွင် အသိပညာပေးစာစုများ၊ မှတ်တမ်းဓာတ်ပုံပြခန်းများ ပြသခြင်း၊ အမှတ်တရလက်မှတ်ရေးထိုးခြင်း၊ အကြံပြုချက်များတောင်းခံခြင်းနှင့် နိဗ္ဗာန်ဈေးပွဲတော်ခင်းကျင်းကာ ရိုးရာအစားအစာများ အလှူဒါနပြုခြင်း၊ ဗလာမပါကံစမ်းမဲအစီအစဉ်များလည်း ပါဝင်ခဲ့ပြီး လာရောက်ကြည့်ရှုအားပေးသူများဖြင့် စည်ကားခဲ့ကြောင်း သိရသည်။

**ကိုစိုင်း(လွိုင်ကော်)**



# ကျောင်းဆောင်သစ်နှင့် ကျောင်းသုံးပရိဘောဂများ ဂျပန်ကုမ္ပဏီမှ လှူဒါန်း

**မိတ္ထီလာ ဒီဇင်ဘာ ၂၉**

မိတ္ထီလာမြို့နယ် ညောင်ပင်လျှိုကျေးရွာ၌ AMDA အဖွဲ့၏ ဦးဆောင်မှုဖြင့် ဂျပန်နိုင်ငံအိချိယိုရှိကုမ္ပဏီမှ လှူဒါန်းသည့် ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲနှင့် ကျောင်းသုံးပရိဘောဂများ ပေးအပ်လှူဒါန်းပွဲကို ဒီဇင်ဘာ ၂၃ ရက်က အမက(၈၀) ညောင်ပင်လျှိုကျောင်း၌ ကျင်းပသည်။

ကျောင်းဆောင်သစ်လွှဲပြောင်းလှူဒါန်းပွဲတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးမင်းက အမှာစကားပြောကြားပြီး လက်ထောက်ပညာရေးမှူး ဦးစိုးနိုင်က ကျောင်းအဆောက်အအုံနှင့် ပရိဘောဂများကို စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်သွားရန် ပြောကြားခဲ့သည်။ ထို့နောက် အလှူရှင်ကိုယ်စား AMDA အဖွဲ့၏ စီမံကိန်းမန်နေဂျာ ဒေါ်သီတာက မူကြိုကျောင်းဆောင်သစ်နှင့် တိုးချဲ့ဆောင်အတွက် စာရွက်စာတမ်းများကို ကျောင်းအုပ်ဆရာမကြီး ဒေါ်ယဉ်မြိုင်ထံ လွှဲပြောင်းပေးအပ်သည်။

ဂျပန်နိုင်ငံ အိချိယိုရှိကုမ္ပဏီမှ အမက(၈၀)ညောင်ပင်လျှိုသို့ လှူဒါန်းသော ကျောင်းဆောင်သစ်များမှာ အလျားပေ ၄၀၊ အနံပေ ၃၀ ရှိ နံကပ်၊ သွပ်မိုး မူကြိုကျောင်းဆောင်နှင့် အလျားပေ ၂၀၊ အနံ ၁၈ ပေရှိ တိုးချဲ့ နံကပ်သွပ်မိုးဆောင်များဖြစ်ကာ ကျောင်းဆောင်များအပြင် စာသင်ခုံ ၂၀၊ စားပွဲ ငါးလုံး၊ ဗီရိုတစ်လုံး၊ ကုလားထိုင် ငါးလုံး၊ ကျောက်သင်ပုန်းနှစ်ချပ်တို့ကိုလည်း လှူဒါန်းခဲ့ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

## အခြေခံအင်္ဂလိပ်စကားပြော သင်တန်းဖွင့်လှစ်

**သီပေါ ဒီဇင်ဘာ ၂၉**

နိုင်ငံတကာသုံး အင်္ဂလိပ်စာနှင့် အင်္ဂလိပ်စကားပြောကို ရှမ်းတိုင်းရင်းသားလူငယ်များ တတ်ကျွမ်းစေရန် ရည်ရွယ်၍ သီပေါမြို့နယ် ရှမ်းလူငယ်မောင်မယ်များကွန်ရက်(SYN)က ဦးဆောင်ကာ စတုတ္ထအကြိမ်မြောက် အင်္ဂလိပ်စကားပြောသင်တန်းကို နမ့်ဟူးနွဲ့ကျေးရွာ ရွှေပြည်အေးရိပ်သာ၌ ဒီဇင်ဘာ ၂၇ ရက်က စတင်ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် သင်တန်းဖြစ်မြောက်ရေးဦးစီးကော်မတီ ဥက္ကဋ္ဌ ဦးစိုင်းသာညွန့်နှင့် ဒေသခံတိုင်းရင်းသားခေါင်းဆောင် ဦးလွယ်မောင်းတို့က သင်တန်းဖွင့်လှစ်သည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး သင်တန်းအတွက် အလှူငွေများကို သင်တန်းအုပ်ချုပ်ရေးမှူးထံ အလှူရှင်များက ပေးအပ်လှူဒါန်းကြသည်။ အဆိုပါသင်တန်းသို့ သီပေါမြို့နယ်ရှိ ကျေးရွာများမှ ရှမ်းတိုင်းရင်းသားလူငယ် ၁၅၀ ကျော် တက်ရောက်ကြပြီး သင်တန်းကာလမှာ တစ်လခွဲ ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# အသွင်ပြောင်းပိုလီယိုရောဂါပိုး တွေ့ရှိမှုနှင့်ပတ်သက်၍ တွေ့ဆုံမေးမြန်းခြင်း



**ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးလွင်ငြိမ်း**

ပိုလီယိုအရိုင်းပိုး ကင်းစင်ပြီးသော မြန်မာနိုင်ငံတွင် အသွင်ပြောင်းပိုလီယိုရောဂါပိုး တွေ့ရှိမှုနှင့်ပတ်သက်၍ ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးလွင်ငြိမ်းထံ မြန်မာ့အလင်းသတင်းအဖွဲ့က တွေ့ဆုံမေးမြန်းခဲ့ပါသည်။

**မေး ။ ။ ကလေးများမှာဖြစ်ပွားတတ်တဲ့ ကာကွယ်ဆေးဖြင့် ကာကွယ်၍ရသော ကူးစက်ရောဂါများကာကွယ်နှိမ်နင်းရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနရဲ့ လုပ်ဆောင်ချက်များကို သိပါရစေ။**

ဖြေ ။ ။ မြန်မာနိုင်ငံအတွင်း ကူးစက်ရောဂါကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာမှာ ကလေးငယ်များမှာဖြစ်ပွားတဲ့ရောဂါများ ကာကွယ်ရေးကို ဦးစားပေးလုပ်ငန်းတစ်ရပ်အနေနဲ့ ဆောင်ရွက်လျက်ရှိပါတယ်။ ကလေးငယ်များမှာ အများဆုံးတွေ့ရတဲ့ရောဂါတွေက ပိုင်းရပ်စ်ကြောင့် ဖြစ်ပွားသောရောဂါများဖြစ်ပါတယ်။ ဒီရောဂါတွေက ကလေးများရဲ့အသက်အန္တရာယ်ကို ဒုက္ခပေးနိုင်လို့ ကာကွယ်ဆေးတွေနဲ့ ကာကွယ်ပြီးတော့ ရောဂါမဖြစ်ပွားအောင် ကာကွယ်ရပါတယ်။ ကာကွယ်ဆေးတွေရဲ့ သဘောသဘာဝအရ ကလေးငယ်တွေမှာ ခုခံမှုကို တစ်သက်လုံးရရှိပြီးတော့ ရောဂါတွေလုံးဝကာကွယ်ပေးပြီး ကလေးငယ်တွေရဲ့သေဆုံးမှု၊ ရောဂါဖြစ်ပွားမှုတွေကို လျှော့ချနိုင်မှာဖြစ်ပါတယ်။ ကာကွယ်ဆေးထိုးလုပ်ငန်းကို ဆောင်ရွက်တဲ့အခါမှာ နိုင်ငံတွင်းကလေးငယ်တွေမှာဖြစ်ပွားနေတဲ့ ကျန်းမာရေးပြဿနာတွေနဲ့ နိုင်ငံတကာ၊ အထူးသဖြင့် အိမ်နီးချင်းနိုင်ငံတွေကနေ ကူးစက်လာနိုင်တဲ့ ရောဂါတွေကို နှစ်ပိုင်းခွဲပြီး ကာကွယ်ဆေးထိုးအစီအစဉ်တွေကို စီမံချက်တွေစနစ်တကျရေးဆွဲပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံတစ်ဝန်းဆောင်ရွက်တဲ့အခါမှာ ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းတွေကို ၁၉၇၈ ခုနှစ်ကတည်းက ဆောင်ရွက်ခဲ့ပါတယ်။ စတင်ဆောင်ရွက်တဲ့အခါ ရောဂါသုံးမျိုးလောက်ကိုပဲ ကာကွယ်နိုင်တဲ့ ကာကွယ်ဆေးကို အသုံးပြုရပါတယ်။ ၂၀၁၀-၂၀၁၁ ခုနှစ်နောက်ပိုင်းမှာတော့ ကျွန်တော်တို့ ကာကွယ်ဆေးကို ကိုးမျိုးအထိ တိုးချဲ့ထိုးနှံခဲ့ပါတယ်။

**မေး ။ ။ ကာကွယ်ဆေးထိုးလုပ်ငန်းကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နိုင်ဖို့ ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ ဘယ်လိုတိုးချဲ့ပြီး ဆောင်ရွက်နေပါသလဲ။**

ဖြေ ။ ။ ကာကွယ်ဆေးထိုးလုပ်ငန်းမှာ လိုအပ်တဲ့ကာကွယ်ဆေးအသစ်များကို အမြဲတမ်းထည့်သွင်းထိုးနှံပေးလျက်ရှိပါတယ်။ ယခင်က အလှူရှင်များကိုသာ အားထားခဲ့ရပြီး ၂၀၁၁ ခုနှစ်နောက်ပိုင်းမှာ ကာကွယ်ဆေးများထိုးနှံဖို့ နိုင်ငံတော်ရဲ့ပံ့ပိုးမှုနဲ့ နိုင်ငံတော်ရဲ့ငွေနဲ့ ထိုးနှံပေးနေတာဖြစ်ပါတယ်။ ၂၀၁၂ ခုနှစ်မှာ Penta Valent ငါးမျိုးစပ်ကာကွယ်ဆေး၊ ဦးနှောက်အမြှေးရောင်ရောဂါကိုပါ ကာကွယ်ပေးနိုင်တဲ့ ကာကွယ်ဆေးတစ်မျိုးကို နိုင်ငံတော်ခွင့်ပြုငွေတွေနဲ့ ထိုးနှံပေးနိုင်ခဲ့ပါတယ်။ Haemophilusinfluenzae ကြောင့် သေဆုံးမှုမြင့်မားနေတဲ့အတွက် ငါးမျိုးစပ်ကာကွယ်ဆေးကို ၂၀၁၂ မှာ စတင်ထိုးနှံပေးခဲ့ပြီးဖြစ်တဲ့အတွက် သေဆုံးမှုနှုန်းဟာ သိသိသာသာ ကျဆင်းလာတာကို တွေ့ရပါတယ်။ နောက် အသက်ရှူလမ်းကြောင်းနဲ့ပတ်သက်တဲ့ရောဂါတွေအဖြစ်များတာတွေ့ရတဲ့အတွက် ၂၀၁၆ ခုနှစ်မှာ အဆုတ်ရောင်ရောဂါကာကွယ်ဆေး(Pneumococal Vaccine)ကို ထိုးနှံပေးဖို့လျာထားပြီး ၂၀၁၇ ခုနှစ်မှာလည်း ကလေးငယ်တွေ အများဆုံးသေဆုံးမှုဖြစ်ပွားနေတဲ့ ဝမ်းပျက်၊ ဝမ်းလျှောရောဂါကာကွယ်ဖို့ Rota virus ကာကွယ်ဆေးကို ထိုးနှံပေးရန် လျာထားဆောင်ရွက်လျက်ရှိပါတယ်။ ကလေးငယ်တွေဖြစ်ပွားတဲ့ ရောဂါတွေကို စနစ်တကျလေ့လာပြီးတော့မှ လိုအပ်ချက်တွေကို ထိုးနှံပေးတယ်။

ကျန်းမာရေးဝန်ကြီးဌာနရဲ့ ခွင့်ပြုရန်ပုံငွေနဲ့ ၂၀၁၁ မှ ၂၀၁၅ အထိ အရေးပေါ်ကပ်အသွင်ဖြစ်ပေါ်လာတဲ့ ရောဂါတွေ(ဥပမာ- ဂျပန်ဦးနှောက်ရောင်ရောဂါ)ကို ထိုးနှံပေးခဲ့ပါတယ်။ အလားတူ ကလေးငယ်တွေနဲ့ ပြည်သူလူထုရဲ့ ကျန်းမာရေးပြဿနာဖြစ်နေတဲ့ ခွေးရူးရောဂါကာကွယ်ဆေး၊ အသည်းရောင်အသားဝါ(ဘီ)ရောဂါ ကာကွယ်ဆေးတွေကို ထိုးနှံပေးလျက်ရှိပါတယ်။

**မေး ။ ။ အခု ရခိုင်ပြည်နယ်မှာ အသွင်ပြောင်းပိုလီယိုရောဂါပိုး တွေ့တယ်လို့ သိရပါတယ်၊ ဒါနဲ့ပတ်သက်ပြီးရှင်းပြပေးပါ။**

ဖြေ ။ ။ ပိုလီယိုရောဂါဖြစ်ပွားကူးစက်ရင် ရင်သွေးငယ်များဟာ တစ်သက်တာလုံး ဒုက္ခိတဘဝကျရောက်ပြီး ကုသဖို့ဆေးမရှိတဲ့အတွက် ပိုလီယို ရောဂါကိုမကာကွယ်နိုင်ရင် လူ့စွမ်းအားအရင်းအမြစ် ဆုံးရှုံးမှုများစေမှာဖြစ်ပါတယ်။ ယခင်က မြန်မာနိုင်ငံမှာ ကျန်းမာရေးပြဿနာအဖြစ်နဲ့ နှစ်စဉ်အနည်းဆုံး ၅၀ မှ ၁၀၀ ခန့်အထိ ကလေးငယ်တွေ ပိုလီယိုရောဂါကြောင့် ဒုက္ခိတဘဝ ရောက်ရှိပါတယ်။ ဒီပြဿနာကိုဖြေရှင်းဖို့ ပိုလီယိုရောဂါ လုံးဝပပျောက်ရေးစီမံချက်ကို ကျန်းမာရေးဝန်ကြီးဌာနရဲ့ ကြီးကြပ်မှုနဲ့ ကျန်းမာရေးဝန်ထမ်းတွေက တက်တက်ကြွကြွပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်။ ၂၀၁၄ ခုနှစ် မတ် ၂၇ ရက်မှာ ပိုလီယိုအရိုင်းပိုးကူးစက်မှု ကင်းစင်သောနိုင်ငံအဖြစ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အသိအမှတ်ပြုခဲ့ပါတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အရိုင်းပိုးလုံးဝပပျောက်အောင် ဆောင်ရွက်နေချိန်မှာ အရိုင်းပိုးကင်းသွားပေမယ့် ကလေးငယ်တွေ ဒုက္ခိတဘဝ နောက်ထပ်ဖြစ်စေနိုင်မယ့် အသွင်ပြောင်း ပိုလီယိုဗိုင်းရပ်စ်တွေ တွေ့ရှိခဲ့ပါတယ်။ ယခုတွေ့တဲ့ပိုးဟာ မြန်မာနိုင်ငံမှာ အသစ်တွေ့တဲ့ပိုးမဟုတ်ဘဲ အခြားနိုင်ငံတွေမှာလည်း Circulating Vaccine Derive ပိုလီယိုရောဂါပိုးကို တွေ့နေပါတယ်။ ယခု ပိုးဟာ ပိုလီယိုအရိုင်းပိုးကဲ့သို့ ဒုက္ခိတဘဝကို ရောက်ရှိစေနိုင်တဲ့အတွက်ကြောင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပိုလီယိုရောဂါကို ပပျောက်အောင်ဆောင်ရွက်တဲ့နည်းဗျူဟာမှာ အရိုင်းပိုးများ လုံးဝပပျောက်အောင်ဆောင်ရွက်သကဲ့သို့ ဆက်နွှယ်လျက်ရှိသော အသွင်ပြောင်းဗိုင်းရပ်စ်တွေကိုလည်း လုံးဝပပျောက်အောင်ဆောင်ရွက်ရန် နည်းဗျူဟာ စတင်ချမှတ်ခဲ့ပါတယ်။ ဒီလိုချမှတ်ခဲ့တဲ့အတွက်ကြောင့် မြန်မာနိုင်ငံမှာ ဒီလို အသွင်ပြောင်းပိုလီယိုရောဂါပိုး ကူးစက်မှုရှိမရှိကို သေချာစွာ စောင့်ကြပ်ကြည့်ရှုထောက်လှမ်းသောစနစ်ကို မြှင့်တင်ခဲ့ပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနရဲ့ လတ်တလောပျော့ခွေအကြောသေရောဂါ (AFP) စောင့်ကြပ်ကြည့်ရှုမှုစနစ်အားကောင်းတာကြောင့် တစ်နိုင်ငံလုံးရှိကလေးများမှ ရောဂါဖြစ်ပွားသောကလေးများအား ဖော်ထုတ်နိုင်ခဲ့ပါတယ်။

**မေး ။ ။ တွေ့ရှိမှုနဲ့ပတ်သက်ပြီးတော့ တုံ့ပြန်ဆောင်ရွက်ထားတဲ့ အခြေအနေကိုပြောပြပေးပါ။**

ဖြေ ။ ။ ပိုးဖြစ်ပွားသည့်နေရာမှ မပြန့်ပွားအောင် အလျင်အမြန် ထိန်းချုပ်နိုင်ဖို့ ဆောင်ရွက်လျက်ရှိပါတယ်။ ဆောင်ရွက်တဲ့အခါမှာ ဖြစ်ပွားတဲ့ လူနာနေထိုင်ရာ မောင်တောတစ်မြို့နယ်လုံးကို ရခိုင်ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနရဲ့ ဦးဆောင်မှုနဲ့ ချက်ချင်းကူးစက်ရောဂါ အရေးပေါ်တုံ့ပြန်ဆောင်ရွက်ပြီး ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးနိုင်ခဲ့ပါတယ်။ ကပ်ရောဂါတုံ့ပြန်မှုအနေနဲ့ ပိုလီယိုရောဂါကာကွယ်ဆေးကို မောင်တောတစ်မြို့လုံးကို တိုက်ကျွေးနိုင်ခဲ့ပြီး အခြားနေရာများကို ပြန့်ပွားမှုမရှိအောင် ရောဂါဖြစ်ပွားတဲ့ Outbreak area မောင်တောမြို့နယ်အပြင် အခြားသောကူးစက်နိုင်တဲ့နေရာ Risk area များဖြစ်တဲ့ ရခိုင်ပြည်နယ်မှ ၁၀ မြို့နယ်၊ ချင်းပြည်နယ်မှ နှစ်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီးမှ တစ်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီးမှ တစ်မြို့နယ်၊ မကွေးတိုင်းဒေသကြီးမှ တစ်မြို့နယ် စုစုပေါင်း ၁၅ မြို့နယ်မှာ Mopping up Immunization အိမ်တိုင်ရာရောက် ကောက်သင်းကောက် ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးခြင်းကို သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်းတွေနဲ့ပူးပေါင်းပြီး ၅ ရက်မှ ၇ ရက်အထိ ပထမအကြိမ် တိုက်ကျွေးခဲ့ပြီးဖြစ်ပါတယ်။ လွှမ်းခြုံမှု ပမာဏ ၉၀ ရာခိုင်နှုန်းအထက်ရှိပါတယ်။ အခုဆောင်ရွက်မှုဟာ ကူးစက်မှုကို ဖြတ်တောက်ခြင်းဖြစ်ပါတယ်။ ပိုစိတ်ချရအောင် ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးခြင်းကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရဲ့ ညွှန်ကြားချက်အရ အခြားနိုင်ငံများနည်းတူ သုံးကြိမ်ဆက်တိုက် ပြုလုပ်မှာဖြစ်ပါတယ်။

ယခုရက်ပိုင်းအတွင်း အသက် ၁၅ နှစ်အောက် ကလေးငယ်များ ရုတ်တရက်ပျော့ခွေအကြောသေ၊ ခြေလက်မသန်မစွမ်းဖြစ်ပွားမှုတွေကို အလျင်အမြန်ရှာဖွေဖော်ထုတ်ပြီး ဖြစ်ပွားသူရဲ့ ဝမ်းနမူနာကို သက်ဆိုင်ရာဓာတ်ခွဲခန်းသို့ ပို့ဆောင်စစ်ဆေးလျက်ရှိပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်အားလုံးမှာ သက်ဆိုင်ရာဦးစီးဌာနမှူးများကတစ်ဆင့် လတ်တလောပျော့ခွေအကြောသေရောဂါကို သက်ဆိုင်ရာရွာတွေမှာ ပိုက်စိပ်တိုက်ရှာဖွေလျက်ရှိပြီး ယခုအချိန်အထိ နောက်ထပ်ဖြစ်ပွားသူ မတွေ့ရသေးပါဘူး။

ရောဂါဖြစ်ပွားမှုကိုဖြတ်တောက်နိုင်ရန် ကာကွယ်ဆေးတိုက်ကျွေးနေသကဲ့သို့ တစ်ချိန်တည်းမှာပဲ ရောဂါဖြစ်ပွားမှုကို စောင့်ကြပ်ကြည့်ရှုလျက်ရှိပါတယ်။ အကယ်၍ အခြားနေရာမှာတွေ့ရှိပါက တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ကာကွယ်ဆေးတိုက်ကျွေးသွားမှာဖြစ်ပါတယ်။

**မေး ။ ။ ဆရာကြီးအနေနဲ့ ဘာများဖြည့်စွက်ပြောချင်သေးပါလဲ။**

ဖြေ ။ ။ ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းများမှာ ကလေးငယ်တွေကို အသက် ၂ လ၊ ၄ လနဲ့ ခြောက်လတွေမှာ ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးလျက်ရှိပါတယ်။ ကာကွယ်ဆေးထိုးလုပ်ငန်းတွေကို ကျန်းမာရေးဝန်ကြီးဌာနရဲ့ ရန်ပုံငွေနဲ့ WHO, UNICEF, GAVI တို့ရဲ့ အကူအညီနဲ့ ဆောင်ရွက်လျက်ရှိပါတယ်။

**တွေ့ဆုံမေးမြန်း–မင်းမင်းလတ်(မန်းတက္ကသိုလ်)**
**ဓာတ်ပုံ–တင်မောင်လွင်(မြန်မာ့အလင်း)**

# ကျေးရွာမှ ကားလမ်းမဆက် ကတ္တရာလမ်းသစ်ဖွင့်လှစ်

**မကွေး ဒီဇင်ဘာ ၂၉**

မကွေးမြို့နယ် မြင်ကွန်းကျေးရွာမှ မကွေး-တောင်တွင်းကြီး ကားလမ်းသို့ ဆက်သွယ်သော ကတ္တရာလမ်းသစ်ကို မကွေးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ရန်ပုံငွေဖြင့် ခင်းကျင်းပြီးစီးသဖြင့် ဒီဇင်ဘာ ၂၈ ရက်က ဖွင့်လှစ်ခဲ့သည်။

မကွေး-တောင်တွင်းကြီးကားလမ်းမှ မြင်ကွန်းကျေးရွာသွား ကားလမ်းသည် ခုနစ်မိုင်ရှည်လျားပြီး လမ်းမကောင်းသောကြောင့် အဆိုပါလမ်းကို အများဆုံးအသုံးပြုနေရသော မြင်ကွန်းကျေးရွာနှင့် ပတ်ဝန်းကျင်ရှိ ယာဉ်ပျံ၊ ကျောက်ကုန်း၊ သာယာကုန်း၊ပုလဲငွေသောင်၊ သက်ရင်းတော၊ တုပ်စမ်း၊ အင်းကုန်း၊ အင်းပု၊ သပြေပင်၊ ဘုရားကုန်း၊ ဝွေးချောင်း(တောင်)၊ ဝွေးချောင်းမြောက်၊ ရှားဇောင်းကန်၊ ဝက်တိုး၊ သံဘိုရွာသစ်၊ မြစ်သာစည် စသည့် ရွာများမှ ဒေသခံပြည်သူများမှာအခက်အခဲဖြစ်နေသဖြင့် ကတ္တရာထပ်ပိုးလွှာခင်းခြင်းများ ဆက်လက်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနသည် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် မကွေးမြို့နယ်အတွင်း တံတား ၁၆ စင်း၊ ရေပေးရေးလုပ်ငန်း ၂၀၊ လျှပ်စစ်မီးလင်းရေး ကျေးရွာ လေးရွာ၊ ဆိုလာမီးလင်းရေး ၁၀ ရွာကို ရန်ပုံငွေ ကျပ် ၂၂၃၁ ဒသမ ၄၃၉၈ သန်း အသုံးပြု ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ကျော်ဇေယျ**



**ရန်ကုန်တိုင်းဒေသကြီး ဒဂုံ(ဆိပ်ကမ်း)မြို့နယ် ယုဇနဥယျာဉ်မြို့တော် (၉၄)ရပ်ကွက်၌ ရပ်ကွက်နေလူငယ်များစုပေါင်း၍ သန့်ရှင်းရေးလုပ်ငန်းများကို ဒီဇင်ဘာ ၂၇ ရက်က ဆောင်ရွက်စဉ်။** (ယုဇနဥယျာဉ်မြို့တော် သန့်ရှင်းသာယာလှပရေးအတွက် အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ရပ်ကွက်နေပြည်သူများ စုပေါင်း၍ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။)

**ကျင်မောင်**

# အသည်းရောဂါ(ဘီ)ပိုး ကာကွယ်ဆေး အခမဲ့ထိုးနှံ

**ပေါင် ဒီဇင်ဘာ ၂၉**

မြန်မာ့အသည်းဖောင်ဒေးရှင်းနှင့် မွန်ပြည်နယ် ရှင်စောပု (မွန်အမျိုးသမီးစွမ်းဆောင်ရှင်အသင်း)တို့ ပူးပေါင်းပြုလုပ်သည့် အသည်းရောဂါ (ဘီ)ပိုး အခမဲ့ဒုတိယအကြိမ် ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းကို ဒီဇင်ဘာ ၂၈ ရက်က ပြည်နယ်အတွင်းရှိ မြို့နယ်များ၌ သက်ဆိုင်ရာမြို့နယ်အလိုက်တစ်ပြိုင်တည်း ဆောင်ရွက်ခဲ့ကြသည်။

ယင်းနေ့က ပေါင်မြို့နယ်၌လည်း ပြုလုပ်ခဲ့သည်။ ပထမအကြိမ် အသည်း ရောဂါ(ဘီ)ပိုး အခမဲ့ကာကွယ်ဆေးထိုးခြင်းကို နိုဝင်ဘာ ၂၂ ရက်က ပြည်နယ်အတွင်းရှိ မြို့နယ်များမှ ရှင်စောပုအသင်းဝင်များနှင့် ပြည်သူများအား မော်လမြိုင်မြို့ မွန်ဓမ္မာရုံ၌ ထိုးနှံပေးခဲ့ရာ ဘီပိုးရောဂါမရှိသူ ၃၅၇ ဦးကို ကာကွယ်ဆေးများ အခမဲ့ထိုးပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

အသည်းရောဂါ (ဘီ)ပိုး ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းကို သုံးကြိမ်ပြုလုပ်သွားမည်ဖြစ်ပြီး တတိယအကြိမ် ကာကွယ်ဆေးထိုးခြင်းကို ဆက်လက်ဆောင်ရွက်သွားရန် စီစဉ်ထားကြောင်း သိရသည်။

**ခင်မောင်ဝေ(ပေါင်)**

# ကျေးရွာချင်းဆက်လမ်း ခင်းကျင်းပြီးစီး၍ ဒေသတွင်းဆက်သွယ်ရေး လွယ်ကူလာ

**ဝမ်းတွင်း ဒီဇင်ဘာ ၂၉**

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ်အတွင်းရှိ တမာကုန်း-ရွှေဖလားကန်-အိုမတွေ့ ကျေးရွာချင်းဆက်လမ်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ရန်ပုံငွေဖြင့် မြေသားလမ်းမှ ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ခဲ့ရာ လုပ်ငန်းများပြီးစီးသဖြင့် ဒေသခံပြည်သူများ၏ လမ်းပန်းဆက်သွယ်ရေးနှင့် ဒေသထွက်ကုန်များ သယ်ယူပို့ဆောင်ရေးအတွက် အဆင်ပြေနေပြီဖြစ်သည်။

တမာကုန်း-ရွှေဖလားကန်-အိုမတွေ့ ကျေးရွာချင်းဆက်လမ်း အရှည် ၁၄ မိုင်အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများကို ၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ်တွင် တင်ဒါစနစ်ဖြင့် မြန်မာ့ခေတ်ကုမ္ပဏီနှင့် ဇမ္ဗူရာဇာပုလဲကုမ္ပဏီတို့က တာဝန်ယူဆောင်ရွက်ခဲ့သည်။ ယခုအခါ လုပ်ငန်းများပြီးစီးသဖြင့် ကျေးရွာအုပ်စုသုံးစုရှိ ကျေးရွာရှစ်ရွာမှ အိမ်ထောင်စု ၉၀၀ ကျော် လူဦးရေ ၉၅၀၀ ကျော်အတွက် လမ်းပန်းဆက်သွယ်ရေး အဆင်ပြေနေပြီဖြစ်ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

**နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်**

## ကျေးရွာအထက(ခွဲ)သို့ ကျောင်းဆောင်သစ်လှူဒါန်း

**နတ်မောက် ဒီဇင်ဘာ ၂၉**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ကုလားရှင်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)၌ ဥတ္တမသီရိကျောင်းခန်းမဆောင်သစ် လွှဲပြောင်းပေးအပ်လှူဒါန်းပွဲကို ဒီဇင်ဘာ ၂၇ ရက်က ကျင်းပခဲ့သည်။

ကျောင်းဆောင်သစ်ကို မန္တလေးမြို့ မနောသုခကာရီအုဋ္ဌ်ကျောင်းဆရာတော် ဦးဥတ္တမသာရ၊ မကွေးတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးအောင်ကျော်မင်း၊ ခရိုင်ပညာရေးမှူး ဦးကျော်ကျော်ဦးနှင့် မန္တလေးမြို့မှ ကျောင်းဆောင်သစ် အလှူရှင်ဦးကျော်စိုးမိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းဒေသကြီးလူမှုရေးဝန်ကြီးက အမှာစကားပြောကြားသည်။ ထို့နောက် ဥတ္တမသီရိကျောင်းဆောင်သစ်နှင့်ပတ်သက်သော စာရွက်စာတမ်းများကို အလှူရှင်က ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။ ဥတ္တမသီရိကျောင်းဆောင်သစ်သည် တစ်ထပ်အုတ်ညှပ်အဆောက်အအုံဖြစ်ပြီး အလျား ၁၀၅ ပေ၊ အနံ ၃၃ ပေရှိကာ ငွေကျပ် ၅၄၅ သိန်း အကုန်ကျခံ ဆောက်လုပ်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။


**လှဝင်း(နတ်မောက်)**

## ဒုတိယအကြိမ် အိမ်တိုင်ရာရောက် ပိုလီယိုကာကွယ်ဆေးတိုက်ကျွေး

**ငါးသိုင်းချောင်း ဒီဇင်ဘာ ၂၉**

ပုသိမ်ခရိုင် ငါးသိုင်းချောင်းမြို့၌ ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် မြို့ပေါ်ရပ်ကွက် ခြောက်ခုမှ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် စေတနာ့ ဝန်ထမ်းများ စုပေါင်း၍ ဒုတိယအကြိမ် အိမ်တိုင်ရာရောက် ကောက်သင်းကောက် ပိုလီယိုကာကွယ်ဆေး လိုက်လံတိုက်ကျွေးခြင်းများကို ဒီဇင်ဘာ ၂၆ ရက်မှ ၂၈ ရက်အထိ ဆောင်ရွက်လျက်ရှိပြီး မြို့မကျန်းမာရေးဌာနတွင်လည်း ဆေးခန်းဖွင့်လှစ်၍ ဆေးတိုက်ကျွေး လျက်ရှိကြောင်း သိရသည်။

ကာကွယ်ဆေးတိုက်ကျွေးမှုကို ဒီဇင်ဘာ ၅ ရက်မှ ၇ ရက်အထိ ပထမအကြိမ်ဆောင်ရွက်ခဲ့ပြီး ယခုအခါ ဒုတိယအကြိမ်အဖြစ် ဒီဇင်ဘာ ၂၆ ရက်မှ ၂၈ ရက်အထိ တိုက်ကျွေးခြင်းဖြစ်ကြောင်း၊ မွေးစမှ အသက် ၅ နှစ်အထိ



ကလေးငယ်များအား ကာကွယ်ဆေးတိုက်ကျွေးနေခြင်းဖြစ်ပြီး အပိုဆောင်း ကာကွယ်ဆေးတိုက်ကျွေးချိန် သုံးကြိမ်ပြည့်မီအောင် သက်ဆိုင်ရာ အဖွဲ့အစည်းအသီးသီးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တတိယအကြိမ် ကာကွယ်ဆေးတိုက်ကျွေးခြင်း အစီအစဉ်ကို ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁၆ ရက်မှ ၁၈ ရက်အထိ သတ်မှတ်ဆောင်ရွက်ရန် စီစဉ်ထားကြောင်း မြို့မကျန်းမာရေးဌာနမှ တာဝန်ခံဆရာမတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## ကျောက်ပန်းတောင်းမြို့နယ်တွင် ပြည်သူ့ဝန်ဆောင်မှု (OSS) ရုံးဖွင့်

**ကျောက်ပန်းတောင်း ဒီဇင်ဘာ ၂၉**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် ပြည်သူများ၏ အခြေခံလိုအပ်ချက်များကိုတစ်နေရာတည်းတွင် တစ်ချိန်တည်း တစ်ပြိုင်နက်တည်းဖြေရှင်းဆောင်ရွက်ပေးနိုင်ရေးအတွက် ပြည်သူ့ဝန်ဆောင်မှုရုံး(One Stop Shop)ဖွင့်ပွဲကို ဒီဇင်ဘာ ၂၈ရက်က မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန စကားဝါမြေခမ်းမတွင် ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်ထက်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းဦးနှင့်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးခိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါလုပ်ငန်းတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ လူဝန်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်လျှပ်စစ်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန အစရှိသည့် အများပြည်သူနှင့်ထိတွေ့ဆက်ဆံမှုများသော ဌာနကြီး (၁၁)ခုကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၊ စကားဝါမြေခန်းမဆောင်တွင် စုပေါင်းထားရှိပြီး ပြည်သူများ၏ အခြေခံလိုအပ်ချက်များကို အချိန်တိုအတွင်း လွယ်ကူလျင်မြန်အောင် ဖြေရှင်းဆောင်ရွက်ပေးသွားနိုင်ရန် စီစဉ်ပေးသွားမည် ဖြစ်ကြောင်းသိရသည်။

**နေအောင်**

# စစ်ကိုင်းမြို့တွင် ယာဉ်ကြောပိတ်ဆို့မှုလျော့ကျရန် စည်းကမ်းတင်းကြပ်မည်



**စစ်ကိုင်း ဒီဇင်ဘာ ၂၉**

စစ်ကိုင်းမြို့ပေါ် ယာဉ်ကြောပိတ်ဆို့သည့် နေရာများတွင် အများပြည်သူတို့ သွားလာမှုအဆင်ပြေစေရန်အတွက် သက်ဆိုင်ရာယာဉ်ထိန်းတပ်ဖွဲ့ဝင်များက ဒီဇင်ဘာလဆန်းပိုင်းမှစ၍ လုပ်ဆောင်ပေးလျက်ရှိကာ ယာဉ်ကြောပိတ်ဆို့မှု အဖြစ်များသည့် နေရာများတွင် စည်းကမ်းမဲ့ရပ်ထားသော ယာဉ်အမျိုးမျိုးကို ထိရောက်စွာ အရေးယူတော့မည်ဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းမြို့တွင် ယာဉ်ကြောပိတ်ဆို့မှု အဖြစ်များသည့် အဓိကနေရာများမှာ စစ်ကိုင်းမြို့မဈေး၊ ဈေးမြောက်ဘက်လမ်းကြား၊ ကုန်တိုက်လမ်းကြား ငုဝါရှေ့နှင့် အထက(၁)ကျောင်း ဝင်ပေါက်လမ်းတစ်လျှောက်၊ မြို့မဈေးဝင်ပေါက်နေရာများ ဖြစ်သည်။ အဆိုပါနေရာများသည် ယာဉ်ကြောပိတ်ဆို့မှုများပြားပြီး မြို့မဈေးဝင်ပေါက်တွင် နေ့စဉ်လိုလိုဝင်ပေါက်ပိတ်မတတ် ယာဉ်များရပ်တန့်ကာ ကုန်တင်ကုန်ချပြုလုပ်နေကြခြင်း၊ လမ်းဘေးဝဲယာများတွင် ကုမ္ပဏီကားကြီးများ ရပ်နားထားခြင်းတို့သည်လည်း ယာဉ်ကျောပိတ်ဆို့သည့် အဓိကအကြောင်းရင်းများဖြစ်ကြောင်း သိရသည်။

အဆိုပါနေရာများကို ယာဉ်ကြောပိတ်ဆို့မှုများ လျော့နည်းစေရေးအတွက် စစ်ကိုင်းခရိုင်နှင့် စစ်ကိုင်းမြို့နယ် ယာဉ်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့များက ဒီဇင်ဘာ ၂၈ ရက်က စတင်ကာ စည်းကမ်းတင်းကျပ်တော့မည်ဖြစ်ကြောင်း သိရသည်။ အထက(၁)ကျောင်း လမ်းတစ်လျှောက်တွင်လည်း ကျောင်းဝင်ပေါက်မှစတင်၍ လမ်းလေးခွဆုံအထိ စည်းကမ်းမဲ့ရပ်နားထားသည့် ကား၊ ဆိုင်ကယ်များ၊ ကုန်တင်ကုန်ချ ရပ်နားထားသည့်ကားကြီးများကို စည်းကမ်းတကျရပ်နားရန် ဆောင်ရွက်မည်ဖြစ်ပြီး ယာဉ်ကြောပိတ်ဆို့ရပ်တန့်ခြင်းများကို အရေးယူတော့မည်ဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် ယာဉ်ကြောပိတ်ဆို့မှု လျော့နည်းပြီး အများပြည်သူနှင့် ကျောင်းသား ကျောင်းသူများ ယာဉ်အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရန်အတွက် စစ်ကိုင်းခရိုင်နှင့် မြို့နယ် ယာဉ်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့များက နေ့စဉ်လမ်းရှင်းပေးလျက်ရှိကြောင်း သိရသည်။ **ခိုင်ဇေယျ**

## မြစိမ်းရောင်စီမံကိန်းရန်ပုံငွေဖြင့် ဆောင်ရွက်နေသည့် ရက်ကန်းလုပ်ငန်းများ အောင်မြင်လျက်ရှိ

**မုံရွာ ဒီဇင်ဘာ ၂၉**

မုံရွာမြို့နယ် ကျောင်းကုန်းကျေးရွာအုပ်စုမှ မြစိမ်းရောင်ကျေးရွာစီမံကိန်းဝင် ကျေးရွာတစ်ရွာဖြစ်သည့် ဘော်ဂါကျေးရွာတွင် စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေဖြင့် လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည့် ရက်ကန်းလုပ်ငန်းများအပါအဝင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် အခြားကုန်ထုတ်လုပ်ငန်းများ တိုးတက်အောင်မြင် လျက်ရှိကြောင်း သိရသည်။



"ကျွန်မ အရင်က သူများရက်ကန်းစင်မှာ သွားရောက်အလုပ်လုပ်ကိုင်ခဲ့ရပါတယ်။ အခု ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ချထားပေးတဲ့ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေမှ ကျပ်နှစ်သိန်းချေးယူနိုင်ခဲ့လို့ ကျပ်ကိုးသောင်းကို အိမ်ကစိုက်ပြီး တန်ဖိုးကျပ် ၂၉၀၀၀၀ ရှိတဲ့ ကိုယ်ပိုင်ရက်ကန်းစင်တစ်စင် ဝယ်ယူနိုင်ခဲ့ပါတယ်။ ကိုယ့်အိမ်မှာပဲ ကိုယ်ပိုင်ရက်လုပ်နိုင်တဲ့အတွက် အရင်ကထက်ပိုပြီး တွက်ခြေလည်းကိုက်တယ်" ဟု ဘော်ဂါကျေးရွာမှ ရက်ကန်းလုပ်ငန်း လုပ်ကိုင်သူ ဒေါ်မာလာဝင်းက ပြောသည်။

ဘော်ဂါကျေးရွာ၌ မြစိမ်းရောင်စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေဖြင့် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၈၀၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၈ ဦးနှင့် ကုန်ထုတ်လုပ်ငန်းလုပ်ကိုင်သူ ခြောက်ဦးရှိကာ လုပ်ငန်းများမှာ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း ကျေးရွာနေ ပြည်သူများ၏ ပြောကြားချက်အရ သိရသည်။

**ဖိုးချမ်း(မုံရွာ)**



**ပြေးခုန်ပစ်ပြိုင်**

၂၀၁၅ ခုနှစ် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ၂၅ မြို့နယ် ပြေးခုန်ပစ်ပြိုင်ပွဲကို မကွေးခရိုင် အားကစားကွင်း၌ ဒီဇင်ဘာ ၂၆ ရက်မှ ၂၈ ရက်အထိ ကျင်းပခဲ့ရာ ပြိုင်ပွဲဝင်ကစားသမားများ ယှဉ်ပြိုင်နေကြသည်ကို တွေ့ရစဉ်။

သန်းနိုင်ဦး(ငဖဲ)

# ကောလင်း ရုပ်သံထပ်ဆင့်လွှင့်စက်ရုံမှ ဒစ်ဂျစ်တယ်စနစ်ဖြင့် စမ်းသပ်ထုတ်လွှင့်

**ကောလင်း ဒီဇင်ဘာ ၂၉**

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် Analog စနစ်မှ ဒီဂျစ်တယ်စနစ်သို့ အသွင်ကူးပြောင်းထုတ်လွှင့်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိရာ ပထမ အဆင့်တွင် စက်ရုံလေးရုံကိုလည်းကောင်း၊ ဒုတိယအဆင့်တွင် စက်ရုံ ၂၂ ရုံကိုလည်းကောင်း၊ တတိယအဆင့်တွင် စက်ရုံ ၆၉ ရုံကိုလည်းကောင်း ပြောင်းလဲဆောင်ရွက်ပြီးစီးပြီဖြစ်သည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း စတုတ္ထအဆင့်ပြောင်းလဲမှုကို ရုပ်သံထပ်ဆင့်လွှင့်စက်ရုံ ၅၀ တွင် ဆောင်ရွက်ရာတွင် စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းစက်ရုံ၌ DVB T-2 လွှင့်စက်နှင့် အင်တင်နာတပ်ဆင်ခြင်းလုပ်ငန်းများကို ဒီဇင်ဘာ ၇ ရက်မှ ဒီဇင်ဘာ ၉ ရက်အထိ ဆောင်ရွက်ခဲ့ပြီး ဒီဇင်ဘာ ၁၀ ရက်မှစတင်၍ 50W လိုင်းနံပါတ် E-21 ဖြင့် ဒစ်ဂျစ်တယ်ရုပ်သံလိုင်းများ စမ်းသပ်ထုတ်လွှင့်လျက်ရှိသည်။

ဒီဂျစ်တယ်ရုပ်သံလိုင်းများ စမ်းသပ်ထုတ်လွှင့်ရာတွင် ထပ်ဆင့်လွှင့်စက်ရုံ၏ အရှေ့ဘက်တွင် မြေနီကျေးရွာအထိလည်းကောင်း၊ အနောက်ဘက်တွင် ရေကန်သာနှင့် လွယ်မောက်တောင်ကျေးရွာများအထိ လည်းကောင်း၊ တောင်ဘက်တွင် ဝါးရုံခုံကျေးရွာအထိလည်းကောင်း၊ မြောက်ဘက်တွင် ကြာအင်းကျေးရွာအထိလည်းကောင်း ရုပ်ပုံများကို ကောင်းမွန်ကြည်လင်ပြတ်သားစွာ ဖမ်းယူနိုင်ကြောင်း သိရသည်။

**ရွှေလင်းပြည့်စုံ**

# ရန်ကုန်ဗုဒ္ဓတက္ကသိုလ်(ကြည့်မြင်တိုင်)၌ ထေရဝါဒပရိယတ္တိသာသနဟိတစာမေးပွဲကြီး ကျင်းပ



**ရန်ကုန် ဒီဇင်ဘာ ၂၉**

နိုင်ငံတော်သံဃနာယကအဖွဲ့က ကြီးမှူးကျင်းပသည့် (ပထမ)အကြိမ် ထေရဝါဒပရိယတ္တိသာသနဟိတ စာမေးပွဲကြီးကို ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ် ကမ်းနားလမ်းနှင့် နတ်စင်လမ်းဒေါင့်ရှိ သာခုပရိယတ္တိ ရန်ကုန်ဗုဒ္ဓတက္ကသိုလ်ကျောင်းတိုက် ရွှေညဝါပညာဗိမာန်ခန်းမဆောင်ကြီး၌ ဒီဇင်ဘာ ၂၈ ရက်မှ စတင်ကျင်းပလျက်ရှိကြောင်း သိရသည်။

အဆိုပါစာမေးပွဲကြီးကို ဒီဇင်ဘာ ၂၈ ရက်မှ ဇန်ဝါရီ ၁ ရက်အထိ ငါးရက်ကြာ စစ်ဆေးကျင်းပသွားမည်ဖြစ်ကာ စာမေးပွဲတွင် စာဖြေသံဃာများ၊ သီလရှင်များနှင့် လူပုဂ္ဂိုလ်များ စုစုပေါင်း ၂၀၀ ခန့် ဝင်ရောက်ဖြေဆိုလျက်ရှိကြောင်း သိရသည်။

**ရွှေတိုင်လွင်**

# မူလတန်းလွန်ကျောင်းဆောင်သစ်များ လွှဲပြောင်းပေးအပ်

**ထားဝယ် ဒီဇင်ဘာလ ၂၉**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ မောင်မယ်ရှောင်ကင်းကုန်းရွာ အခြေခံပညာမူလတန်းလွန်ကျောင်းသို့ ကျောင်းဆောင်သစ်များ လွှဲပြောင်းပေးအပ်ခြင်းနှင့် ကျောင်းအဆင့်တိုးမြှင့်ဖွင့်ပွဲကို ဒီဇင်ဘာ ၂၇ ရက်က ကျင်းပခဲ့သည်။

ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ခြင်းနှင့် ကျောင်းအဆင့်တိုးမြှင့်ဖွင့်ပွဲသို့ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမြတ်ကိုနှင့် ဝန်ကြီးများ၊ တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အတွင်းရေးမှူး၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်ပညာရေးမှူးများ၊ ဆရာ ဆရာမများ၊ ရပ်မိရပ်ဖများ တက်ရောက်ကြကာ ကျောင်းမုခ်ဦးကို တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးတာဝန်ခံ ပညာရေးမှူး ဒေါ်မြင့်စိန်နှင့် ခရိုင်ပညာရေးမှူး ဒေါ်မြင့်သန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ကျောင်းဆောင်သစ်များ လွှဲပြောင်းပေးအပ်ခြင်းနှင့် ကျောင်းအဆင့်တိုးမြှင့်ဖွင့်လှစ်ခြင်း အထိမ်းအမှတ်အလံကို တိုင်းဒေသကြီးတာဝန်ခံ ပညာရေးမှူး ဒေါ်မြင့်စိန်က ဝန်ကြီးချုပ်ထံ ပေးအပ်ကာ ကျောင်းအဆောက်အအုံဆိုင်ရာ စာရွက်စာတမ်းများကို တိုင်းဒေသကြီးတာဝန်ခံ ပညာရေးမှူးထံ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**(တိုင်းဒေသကြီး ပြန်/ဆက်)**

# ဒီဇင်ဘာလ အားကစားပြိုင်ပွဲများ ပျော်ရွှင်စွာဆင်နွှဲ

**မကွေး ဒီဇင်ဘာ ၂၉**

မကွေးမြို့၌ ဒီဇင်ဘာအားကစားလ၏ နောက်ဆုံးပတ်ဖြစ်သည့် ဒီဇင်ဘာ ၂၆ ရက် နံနက်က လူထုစုပေါင်းလမ်းလျှောက်ပွဲကို ပြုလုပ်ခဲ့ပြီး တာဝေးပြေးပြိုင်ပွဲအပါအဝင် အားကစားပြိုင်ပွဲများကိုလည်း ကျင်းပခဲ့ကြောင်း သိရသည်။

လူထုလမ်းလျှောက်ပွဲတွင် တောင်တွင်းလမ်းမှ စတင်လမ်းလျှောက်ကြပြီး မြို့ပတ်လမ်း၊ ပြည်တော်သာလမ်း၊ ဗိုလ်ချုပ်လမ်းမှတစ်ဆင့် မကွေးခရိုင် အားကစားကွင်းသို့ ဝင်ရောက်ကာ ကိုယ်လက်ကြံ့ခိုင်မှု လေ့ကျင့်ခန်းများကို စုပေါင်းပြုလုပ်ခဲ့ကြသည်။ ထို့နောက် မြို့ပတ်တာဝေးပြေးပြိုင်ပွဲကို လမ်းငါးသွယ်အဝိုင်းရှေ့တွင် ဆက်လက်ကျင်းပခဲ့ရာ အမျိုးသား ၁၅၀ နှင့် အမျိုးသမီး ၁၅၀ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး အမျိုးသားပထမဆုကို သရက်မြို့နယ်၊ ဒုတိယဆုကို ထီးလင်းမြို့နယ်နှင့် တတိယဆုကို သရက်မြို့နယ်များမှရရှိပြီး အမျိုးသမီး ပထမဆုကို မင်းဘူးမြို့နယ်၊ ဒုတိယဆုကို အောင်လံမြို့နယ်နှင့် တတိယဆုကို ဆောမြို့နယ်များမှ ရရှိခဲ့သည်။ တာဝေးပြေးပြိုင်ပွဲအပြီးတွင် လွန်ဆွဲပြိုင်ပွဲများ၊ သံပြားပစ်ပြိုင်ပွဲများ၊ လှံတံပစ်ပြိုင်ပွဲများကိုလည်း ဆက်လက်ကျင်းပခဲ့ကြပြီး ပြည်သူများ တပျော်တပါး ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။




**ညီညီမောင်(မကွေး)**

# ထီးလင်းမြို့နယ်အတွင်း ကျေးလက်ဒေသများဖွံ့ဖြိုးရေးအတွက် ကျပ်သန်းပေါင်းသုံးထောင် အသုံးပြုဆောင်ရွက်ခဲ့

**ထီးလင်း ဒီဇင်ဘာ ၂၉**

ဂန့်ဂေါခရိုင် ထီးလင်းမြို့နယ်အတွင်း ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပညာရေး၊ ကျန်းမာရေးနှင့် လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ကျပ်သန်းပေါင်းသုံးထောင် အသုံးပြု၍ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း လွှတ်တော်ရန်ပုံငွေမှ ကျပ်သန်း ၂၅၀၀ နှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးရန်ပုံငွေမှ ကျပ်သန်း ၅၀၀ တို့ဖြင့် ပညာရေး၊ ကျန်းမာရေးနှင့် လမ်းပန်းဆက်သွယ်ရေးလုပ်ငန်း ၂၅ ခုကို ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ယခုအချိန်တွင် လုပ်ငန်းများအားလုံး ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများမှ တစ်ခုဖြစ်သော ကျောက်အုပ်ကျေးရွာနှင့် ကြာဥယျာဉ်ကျေးရွာကြား အရှည်သုံးမိုင် အကျယ် ၁၂ ပေရှိ ကျေးရွာချင်းဆက် မြေသားလမ်းဖွင့်ပွဲကို ဒီဇင်ဘာ ၂၀ ရက်က ကျင်းပခဲ့သည်။

**(၁၀၁)**

# စာဖတ်ရှုန်မြှင့်တင်ရေးဆောင်ရွက်

**ဟိုမိန်း ဒီဇင်ဘာ ၂၉**

ဟိုမိန်းမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ ဝန်ထမ်းများက ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်မည့်(၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဟိုမိန်းမြို့နယ်အတွင်း ကယန်းလူမျိုးအများစုနေထိုင်ရာ ပန်သပြေကျေးရွာ၌ နယ်လှည့်စာကြည့်တိုက်ကို ဒီဇင်ဘာ ၂၈ ရက်က ဖွင့်လှစ်ပေးခဲ့သည်။ အဆိုပါနယ်လှည့်စာကြည့်တိုက်ဖွင့်ပွဲတွင် ကျေးရွာနေ ပြည်သူများနှင့် ကျောင်းသား ကျောင်းသူများက ပြသထားသော နံရံကပ်စာစောင်များနှင့် ဓာတ်ပုံများကို စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာပြီး ခင်းကျင်းပြသထားသည့် သုတ/ရသ စာအုပ်မျိုးစုံကို လေ့လာဖတ်ရှုခဲ့ကြောင်း သိရသည်။

**ရဲနောင်(ဟိုမိန်း)**

# မြို့နယ်ပညာရေးမှူးဖလား ဘောလုံးပြိုင်ပွဲကျင်းပ

**ကျောင်းကုန်း ဒီဇင်ဘာ ၂၉**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ်၌ ၂၀၁၅-၂၀၁၆ ခုနှစ် မြို့နယ်ပညာရေးမှူးဖလား မူလတန်းဘောလုံးပြိုင်ပွဲနှင့် မူလတန်းနှင့် အလယ်တန်းပြေးခုန်ပစ်ပြိုင်ပွဲကို ကျောင်းကုန်းမြို့ ပြည်သူ့အားကစားကွင်း၌ ဒီဇင်ဘာ ၂၈ ရက်မှ စတင်ကျင်းပလျက်ရှိကြောင်း သိရသည်။

ဘောလုံးပြိုင်ပွဲဖွင့်ပွဲတွင် မြို့နယ်ပညာရေးမှူး ဦးလှသန်းက အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ခဲ့သည်။ မူလတန်းဘောလုံးပြိုင်ပွဲသို့ မြို့မ၊ တာဦး၊ ဒေါင့်ကြီး-၁၊ ဒေါင့်ကြီး -၂၊ လှည်းဆိပ်၊ ချောင်ကြီး၊ စုပေါက်နှင့် တံခွန်တိုင် အသင်းရှစ်သင်း ဝင်ရောက်ယှဉ်ပြိုင်ကြပြီး မူလတန်းနှင့် အလယ်တန်း ပြေးခုန်ပစ်ပြိုင်ပွဲများကို ဒီဇင်ဘာ ၃၀ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

# ဆိုင်ကယ်စီးဦးထုပ်မဆောင်းသူများအား အရေးယူ

**ကောလင်း ဒီဇင်ဘာ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ်တွင် ဆိုင်ကယ်စီးဦးထုပ်မဆောင်းသော ဆိုင်ကယ်မောင်းသူများကို ဒီဇင်ဘာ ၁၄ ရက်မှ ၂၈ ရက်အထိ တတိယသုံးပတ်မြောက် ဖမ်းဆီးအရေးယူလျက်ရှိကြောင်း သိရသည်။

ကျေးရွာအုပ်စုများအတွင်း ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ဆိုင်ကယ်စီးနင်းမောင်းနှင်ကြသူများ အသက်အန္တရာယ်ထိခိုက်ဆုံးပါးမှု ကင်းဝေးစေရေးအတွက် ယာဉ်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့က ဖမ်းဆီးအရေးယူမှုများ ပြုလုပ်နေခြင်းဖြစ်ကြောင်း၊ စည်းကမ်းမလိုက်နာသော ဆိုင်ကယ်များကို ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေး ကော်မတီမှထုတ်ပြန်သော ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ခဲ့ရာ ဆိုင်ကယ် ၃၅ စီးကို ဖမ်းဆီးအရေးယူနိုင်ခဲ့ကြောင်း သိရသည်။ ဖမ်းဆီးရမိသော ဆိုင်ကယ်ဦးထုပ်မဆောင်းသူများကို အစိုးရရုံးပိတ်ရက်များမှအပ ကျန်ရက်များတွင် တစ်ဦးလျှင် ကျပ်သုံးထောင်နှုန်းဖြင့် ဒဏ်ရိုက်ကာ အရေးယူလျက်ရှိကြောင်းသိရသည်။ **ကိုကိုညိမ်း(ကောလင်း)**

# ကားတာယာနှင့် ဘက်ထရီအိုး ခိုးယူသူများအား ဖမ်းဆီးရမိ

**ရန်ကုန် ဒီဇင်ဘာ ၂၉**

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များသည် ဒီဇင်ဘာ ၂၁ရက်က လှိုင်သာယာမြို့နယ်အတွင်း သတင်းစုံစမ်းဆောင်ရွက်စဉ် လှိုင်သာယာမြို့နယ် (၂၀)ရပ်ကွက် မင်းရဲကျော်စွာ ပတ်လမ်းတွင် ခိုးမှုများ ကျူးလွန်ထားကြောင်း သတင်းရရှိထားသူ ကျော်သူဝင်း (၂၇)နှစ်ကို တွေ့ရှိရသဖြင့် စစ်ဆေးခဲ့ရာ ဗဒင် (စုံစမ်းဆဲ)နှင့်အတူ ဒီဇင်ဘာ ၁၂ ရက်ညက မြောက်ဥက္ကလာပမြို့နယ် (၄)တိုးချဲ့ရပ်ကွက် သီရိရတနာဈေးရှိ ကားတာယာနှင့် ဘက်ထရီအိုး ရောင်းဝယ်ရေးဆိုင်မှ ဘက်ထရီအိုး ၂၁လုံးကို ခိုးယူခဲ့ကြကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် မြောက်ဥက္ကလာပမြို့မရဲစခန်းက ပြစ်မှုကျူးလွန်သူ နှစ်ဦးကို ဖမ်း ဆီးအရေးယူနိုင်ခဲ့သည်။

**(သတင်းစဉ်)**

# မြို့နယ်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌဖလား ကျေးရွာပေါင်းစုံဘောလုံးပြိုင်ပွဲကျင်းပ

**မိုးမောက် ဒီဇင်ဘာ ၂၉**

ကချင်ပြည်နယ် မိုးမောက်မြို့နယ် (TSDP) မြို့နယ်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌဖလားကျေးရွာပေါင်းစုံ ဘောလုံးပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၆ ရက် မွန်းလွဲ ၂ နာရီက မြို့နယ်ဘောလုံးကွင်းတွင် ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးပီတာဒွဲလ (မြို့နယ်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ) က အမှာစကားပြောကြားသည်။

အဆိုပါ အားကစားပြိုင်ပွဲများကို ဇန်နဝါရီ ၃ရက်အထိ အသင်းရှစ်သင်းက ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်းနှင့် အဖွင့်ဘောလုံးပွဲကို ခါနန်ရပ်ကွက်အသင်းနှင့် ဌာနဆိုင်ရာအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကိုးဂိုး-တစ်ဂိုးဖြင့် ဌာနဆိုင်ရာအသင်းရှုံးနိမ့်သွားကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**


MPT
ရွှေသို့လှမ်းချီ မြန်မာပြည်
အကြီးကျယ်ဆုံး အခမ်းနားဆုံး
ပျော်ရွှင်ကံထူး နှစ်သစ်ကူး
စတုတ္ထပတ် ကံထူးရှင် (၁၀၀၀၀) ကို ဂုဏ်ယူစွာဖြင့် တင်ဆက်လိုက်ပါပြီ
လာမယ့်တစ်ပတ် ၂၀၁၆ ဇန်နဝါရီ ၂ ရက် ရဲ့ ကံထူးရှင်ဟာ သင်လည်း ဖြစ်နိုင်တယ်ဆိုတာ မမေ့နဲ့နော်
COROLLA
တိုယိုတာကိုရိုလာ ကားသစ်ကံထူးရှင်
ကိုဝင်းမြင့် (ရန်ကုန်)
09 5136 xxx
အဖိုးတန်ဆုမဲများ၏ ကံထူးရှင်များ
iphone 6s
09 425005 xxx
မမိုးမိုး (မန္တလေး)
09 261981 xxx
ipad air 2
09 2036 xxx
မခင်နီလာကို (မန္တလေး)
09 400305 xxx
ဦးထန်ရှင်း (ကလေးမြို့)
Sony 40" TV
09 265825 xxx
ကိုအောင်မျိုးသိန်း (ရှမ်းပြည်နယ်)
09 43015 xxx
ကိုကျော်ဌေး (နေပြည်တော်)
09 43038 xxx
ကိုကျော်ဆန်းထွန်း (ပြင်ဦးလွင်)
တစ်ကျပ်သား ရွှေဆွဲကြိုး
09 43001 xxx
မဝတ်ရည် (ဧရာဝတီတိုင်း)
09 253488 xxx
ကိုချစ်အောင် (ရန်ကုန်)
ကျပ် ၅၀၀၀ တန် ငွေဖြည့်ဆုမဲပေါင်း ၉၉၀၀ ကျော်
SMS (စာတို) ဖြင့် ပေးပို့ဖြည့်သွင်းပေးသွားပါမည်
ဒီဂျစ်တယ်ကံစမ်းခွင့်လက်မှတ် အရေအတွက်ကို စစ်ဆေးရန်
• GSM/WCDMA သုံးစွဲသူများ - ဖုန်းနံပါတ် ၃၀၀၀ သို့ lucky ဟုရိုက်၍ SMS အခမဲ့ပေးပို့နိုင်ပါသည်
• CDMA သုံးစွဲသူများ - ဖုန်းနံပါတ် ၃၀၀၁ သို့ lucky ဟုရိုက်၍ SMS အခမဲ့ပေးပို့နိုင်ပါသည်
lucky
ကံစမ်းမဲကာလ
၂၀၁၅ နိုဝင်ဘာ ၂၆ ရက်မှ ၂၀၁၆ ဇန်နဝါရီ ၇ ရက်ထိ
ကံထူးရှင်ရွေးချယ်ပွဲ
ဒီဇင်ဘာ ၅ ၊ ၁၂ ၊ ၁၉ ၊ ၂၆ ၊
ဇန်နဝါရီ ၂ ရက်နေ့များတွင်
ည ၇ နာရီနောက်ပိုင်း ထုတ်လွှင့်မည့် MRTV 4 ၏
Let's Talk အစီအစဉ်တွင်လည်းကောင်း၊
ဇန်နဝါရီ ၉ ရက် ညနေ ၃ နာရီခွဲ နောက်ပိုင်းတွင်
MRTV 4 မှ တိုက်ရိုက်အစီအစဉ်အဖြစ်လည်းကောင်း
ထုတ်လွှင့်ကြေညာပေးသွားမည်ဖြစ်ပါသည်။
အမှန်တကယ်ဆုပေးမည့် ပစ္စည်းများသည် ကြော်ငြာတွင်ဖော်ပြထားသောပစ္စည်းများနှင့် အနည်းငယ်ကွာခြားမှုရှိနိုင်ပါသည်
အသေးစိတ်သိရှိလိုပါက
www.mpt.com.mm
www.facebook.com/mptofficialpage
MPTOFFICIAL
CALL CENTER 106
call free
24 hours everyday

နှစ်သစ်ကူးအောင်မြင်ရေးဟောပြောပွဲ

New Year Success Talk

# အပြောင်းအလဲနှင့် ၂၀၁၆



ဆရာ လင်းသိုက်ညွန့် (မြန်မာ့မြေ)
CEO & Founder (Myanmar's Land Institute)

သင့်ခေါင်းမှာ သရဖူဆောင်းနိုင်ဖို့

LiFE & SUCCESS ORGANIZATION SEMiNAR

အချစ်၏ ဥပဒေသများ



ဆရာ ဦးကျော်ကျော်လှိုင် (SMART)
ဥက္ကဋ္ဌ (Smart Group of Companies)

ကျင်းပမည့်နေ့ရက် - ၃-၁-၂၀၁၆ (တနင်္ဂနွေနေ့)၊ ကျင်းပမည့်အချိန် - နံနက် (၁၀း၀၀) နာရီ၊ ကျင်းပမည့်နေရာ - အမျိုးသားဇာတ်ရုံ၊ ရန်ကုန်မြို့။ မည်သူမဆို အခမဲ့ တက်ရောက်နိုင်သည်။ ဆက်သွယ်ရန်ဖုန်းများ - ၀၁ ၇၀၁၅၉၃၊ ၀၉၇၃ ၂၄၃၀၄၄၊ ၀၁၅၄၈၅၀၀

Main Sponsor: Skywings

Diamond Sponsors: FGi, Ayeyarwady Foundation, Forward Construction & Decoration, CMHL

Gold Sponsors: F.A.M.E, Oriental Food House, OKM

---

ဆရာဦးမြင့်ဦး(အောင်ပွဲဝင် ရူပဗေဒ)ဦးစီးတည်ထောင်၍ ဆရာမ ဒေါ်မြတ်သီတာဦး နှင့် ဆရာငြိမ်းချမ်း စီစဉ်သည်။

ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်အမှတ် - ကက -၁၃/၀၇/၁၇၂

Pañña Aung Myay PRIVATE HIGH SCHOOL

# ပညာအောင်မြေ

## ကိုယ်ပိုင်အထက်တန်းကျောင်း
( ၅တန်းမှ၁၀တန်းအထိ )

## အဆင့်မြင့်ဘော်ဒါ နှင့် နေ့တက်ဘော်ဒါ

"ပညာအောင်မြေ၏ မျှော်မှန်းချက်-စိတ်ဓာတ်၊ စည်းကမ်း၊ ပညာ ဖွံ့ဖြိုးသောနိုင်ငံသားကောင်းလူငယ်များ မြုံစုပျိုးထောင်ပေးနိုင်ရမည်။"

(ကျောင်းကြို/ပို့ကားရှိသည်)

- ကျောင်းသား/သူများ စိတ်ချမ်းမြေ့စွာပညာသင်ယူနိုင်ရန်အတွက် ကျယ်ဝန်းသော ခြံဝင်းအတွင်း အဆင့်မြင့် လုံးချင်းတိုက်တွင် (အလင်းရောင်နှင့်လေဝင်လေထွက်ကောင်းမွန်၍) သပ်ရပ်သန့်ရှင်းသော စာသင်ခန်းမများ။
- ကျန်းမာပျော်ရွှင်ရေးအတွက် ကျယ်ဝန်းသော ကျောင်းဧရိယာအတွင်း ဘက်စုံအားကစားကွင်း။
- သင်ကြားလေ့ကျင့်ရေးအတွက် ဝါရင့်ကျွမ်းကျင်ဆရာကြီးများ၊ ကထိက(ငြိမ်း)များ၊ ထက်မြက်/လယ်ပြ(ငြိမ်း)ဆရာ/မကြီးများ။
- ဘော်ဒါဆောင်နေမည့် ကျောင်းသား/သူများအတွက် အဆင့်မြင့်ပြင်ဆင်ထားသည့် တိုက်သစ်များတွင် လေအေးပေးစက်တပ်ဆင်ထားသောအိပ်ခန်းများ။
- မိဘနှင့် ခွဲမအိပ်နိုင်သော ကျောင်းသား/ကျောင်းသူများအတွက် နေ့တက်ဘော်ဒါ။
- ၈-တန်း (Grade-9) နှင့် ၁၀-တန်း (Grade-11) တန်းခွဲများအားလုံးအား အောင်ချက်မြင့်မားရေး နှင့် ထူးချွန်ကျောင်းသားများ ထွက်ပေါ်ရေးအတွက် အထူးဂရုစိုက်ကြပ်မတ်သင်ကြား လေ့ကျင့်မှုများ။ ၅၊ ၆၊ ၇၊ နှင့် ၉တန်း တန်းခွဲများအား အခြေခံခိုင်မာရေး နှင့် ဘက်စုံဖွံ့ဖြိုးရေး (Eng: 4 Skills, Computer, Music, Sports) အတွက် စီစဉ်သင်ကြားမှုများ ····· စသည့် စသည့် စီစဉ်ဝန်ဆောင်မှုများနှင့်အတူ **၂၀၁၆-၂၀၁၇ ပညာသင်နှစ်အတွက် ကျောင်းသား/သူများကို စတင်လက်ခံနေပါပြီ။**
- လူဦးရေ အကန့်အသတ်ဖြင့်သာ (ပညာအောင်မြေ၏ စည်းကမ်းကို လိုက်နာနိုင်သော ကျောင်းသား/သူများကိုသာ) လက်ခံသောကျောင်းဖြစ်ကြောင်း မိဘအုပ်ထိန်းသူများသိရှိပြီးဖြစ်ပါသည်။
- ကိုယ်ပိုင်ကျောင်း နှင့် ဘော်ဒါဆောင်သို့ မိဘ/အုပ်ထိန်းသူနှင့် ကျောင်းသား/သူများကိုယ်တိုင် လာရောက်စုံစမ်း၍ စည်းကမ်းလိုက်နာနိုင်ပြီး ယုံကြည်စိတ်ချ စိတ်တိုင်းကျမှုအပ်နှံပါ။
- အစိုးရအထက်တန်းကျောင်း နှင့် စာသင်ဝိုင်း တွဲဖက်တက်ရောက်လိုသော ကျောင်းသား/သူများ အနေဖြင့် ပညာအောင်မြေ၏ မိခင်ကျောင်းဖြစ်သော "အောင်မြေ"ပညာသင်ကျောင်းသို့စုံစမ်းအပ်နှံနိုင်ပါသည်။
- **ကျောင်းတည်နေရာ-** အမှတ်(၄၇၆-A) မြလေးရိပ်လမ်းနှင့် အုံလွင်လမ်းထောင့်၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်။ **Ph: 09-252229991, 09-252229992, 09-252229993**



**အုပ်ချုပ်ရေး လယ်ပြ/ထက်ပြ သင်ကြားရေး ဆရာ/မများ (Study Guide) နှင့် အဆောင်မှူး (ကျား/မ) ရာထူးများအတွက် အလုပ်လျှောက်ထားနိုင်ပါသည်။**

---




with CP FIVE STAR
THE WORLD'S BEST CHICKEN

# HAPPY TRIP in BANGKOK










## CP Five Star မှ စားသုံးသူပြည်သူများနှင့် အရောင်းကိုယ်စားလှယ်များထံသို့ ပျော်ရွှင်ခြင်းများကို အစဉ်အမြဲမျှဝေပေးလျက်ရှိပါသည်။

CP Five Star မှ ရောင်းအားအကောင်းဆုံး အရောင်းကိုယ်စားလှယ်များနှင့် Happy Face မှ ဆုရရှိသူများကို ဘန်ကောက်သို့ ဒီဇင်ဘာလ (၁၈) ရက်မှ (၂၀) ရက်နေ့အထိ ခေါ်ဆောင်သွားခဲ့ခြင်းဖြစ်ပါသည်။ ပျော်ရွှင်စရာကောင်းသော (၃) ရက်ခရီးစဉ်တွင် သွားရောက်လည်ပတ်ခဲ့သူများသည် CP၏စက်ရုံ၊ အပျော်စီးသင်္ဘောပေါ်တွင် ပျော်ရွှင်စွာ ညစာသုံးဆောင်ခွင့်ရသောအတွေ့အကြုံ၊ ဈေးဝယ်ထွက်ခြင်းနှင့် ဘန်ကောက်မြို့၏လှပသောရှုခင်းများကို လည်ပတ်ခွင့် ရရှိခဲ့သည့်အတွက် ပျော်ရွှင်မှုများ ပြည့်နှက်နေသော ခရီးစဉ်တစ်ခုဖြစ်ခဲ့ပါသည်။

နောက်ထပ် ပျော်ရွှင်စရာများကလည်း စောင့်မျှော်နေသေးသည့်အတွက် CPFoodBusinessMyanmar တွင်အမြဲစောင့်ကြည့် လေ့လာနိုင်ပါသည်။

*Thank you our flight partner*

THAI Smile

---

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၂ဖယ/၈၃၉၉၉ Honda Click 110, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြတ်နန္ဒာနိုင် ၆/ထဝန(နိုင်)၀၆၈၀၁၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံးဦးစီးမှူးရုံး(မြိတ်)**

**ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 9J/2250 Isuzu FTR 34H4 ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးမြင့်(ခ)ကျော်မျိုး၁၄/ပသန(နိုင်)၀၁၆၅၆၉က ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ အသစ်ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ တိုင်းဒေသကြီးရုံး၊ ပုသိမ်မြို့**

**သမီးလေးထိုက်ခြယ်လှယ်(ခ)ချိုင်းချိုင်း**
**အတွက် မွေးနေ့ရက်(၁၀၀)ပြည့်ဆုတောင်း**

ချစ်သမီးလေးမွေးနေ့ ရက်(၁၀၀) မှသည် နှစ်ပေါင်း(၁၀၀) ကျော်တိုင်စေသော်
ငယ်ရွယ်နုထွေး ပိုက်ထွေးယုယ သမီးလေးဘ၀ ယခုမှစ
ကျန်းမာချမ်းသာ နှစ်ဖြာသုခပြည့်စေသော်
နန်း "ထိုက်" တော်ဝင်ပန်းသဇင်သို့ "ချိုင်းချိုင်း"လေး
ဘ၀လှပလန်းဆန်းနိုင်စေသော်
သမီးလေး "ချိုင်းချိုင်း" ဘ၀ အန္တရာယ်များ လားလားမသိ ကင်းဝေးနိုင်စေသော်
သမီးလေးဘ၀ ထိုမှစကာ ကိစ္စမှန်သမျှ အခက်အခဲမရှိ အောင်မြင်မှုများ ရစေသော်
လူ့ဖြူးလောက ဤဘ၀ဝယ် ကွေ့ကောက်သူများတွေ့သော်ငြား ရှောင်ရှားနိုင်စေသော်
ဖြေရှင်းကိစ္စ ရင်ဆိုင်ရလျှင် အနိုင်ရကြောင်း ဆုမွန်တောင်းသည်
ယနေ့မှစ "ထိုက်ခြယ်လှယ်" ဟု ခေါ်စေသော် -

နှစ်ဖက်သောဖိုးဖိုး၊ ဖွားဖွားများနှင့်
ချစ်ပါးပါး ဦးသိန်းထိုက် + ချစ်မာမား ဒေါ်ဖြူဖြူ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ဆည်မြောင်းဦးစီးဌာန**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ဆည်မြောင်းဦးစီးဌာနအနေဖြင့် အောက်ပါပစ္စည်းများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဝယ်ယူလိုပါကြောင်း ကြေညာအပ်ပါသည်။

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | အရေအတွက် | မှတ်ချက် |
| --- | --- | --- | --- | --- |
| 1. | 14(Q)Hydraulic Breaker/IRR/ Local Purchase/ 2015-2016 | Hydraulic Rock Breaker | 3 Nos | မြန်မာကျပ်ငွေ |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ဖြည့်တင်းရေးဌာနခွဲ၊ ဆည်မြောင်းဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ် (၄၃)၊ နေပြည်တော်၊**
**ဖုန်း-၀၆၇-၄၁၀၃၁၆**


**ထားဝယ်သဇင်ပန်းလှလှ**

သဇင်ဥ၊ ပန်း၊ သဇင်တိုင် (ပွင့်နေသော/အသစ်စိုက်ပြီး/တိုင်လွတ်) (၅၃၅)၊ သုမင်္ဂလာလမ်း၊ ၁၁ ရပ်ကွက်၊ တောင်ဥက္ကလာပ။ **ဖုန်း-၀၁-၅၆၀၅၆၇၊ ၀၉-၂၅၂၆၈၀၄၀၀**

ပိုက်ခြောလစ်/လေဖိအား
Fully Auto အုတ်ချိတ်စက်
ခေတ်မီမြေအုတ်ရိုက်စက် ရပြီ
(၆၇)၊ သံသုမာလမ်း၊ သုဝဏ္ဏသွားဆေးတက္ကသိုလ်အနီး။
09 420035882, 09 73199410
09 420035884, 09 73199257

**ခဂုံမြို့သစ်**
အရှေ့ပိုင်း
ဆိပ်ကမ်းမြို့နယ်
တောင်ပိုင်း၊မြောက်ပိုင်း
များရှိ မြေကွက်များကို
ဈေးကောင်းပေးဝယ်သည်၊
09-8623188
09-5195949


**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ကျန်းမာရေးဝန်ကြီးဌာန**
**ဆေးဘက်ဆိုင်ရာလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့်**
**စီမံခန့်ခွဲရေးဦးစီးဌာန**
**ဆေးဝါးတက္ကသိုလ်၊ မန္တလေး**
**မန္တလေးမြို့**

## (၁၄)ကြိမ်မြောက် ဘွဲ့နှင်းသဘင်ကြေညာချက်

ဆေးဝါးတက္ကသိုလ် မန္တလေး၏ (၁၄)ကြိမ်မြောက် ဘွဲ့နှင်းသဘင် အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း မန္တလေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

(က) **အကြိုလေ့ကျင့်ခြင်း** - ၂၀-၂-၂၀၁၆ ရက်(စနေနေ့) နံနက် ၉း၀၀ နာရီ

(ခ) **ဘွဲ့နှင်းသဘင်ကျင်းပခြင်း** - ၂၁-၂-၂၀၁၆ ရက်(တနင်္ဂနွေနေ့) နံနက် ၉း၀၀ နာရီ

အဆိုပါ ဘွဲ့နှင်းသဘင်သို့ ၂၀၁၅ခုနှစ် နိုဝင်ဘာလနှင့် ၂၀၁၆ ခုနှစ် ဇန်နဝါရီလများအတွင်း ကျင်းပစစ်ဆေးခဲ့သည့် စတုတ္ထနှစ် ဆေးဝါးသိပ္ပံပညာ(၁/၂၀၁၅)သင်တန်း(ဘွဲ့ရ) စာမေးပွဲများနှင့် ၂၀၁၆ခုနှစ် ဆေးဝါးမဟာသိပ္ပံ(ဘွဲ့ရ) စာမေးပွဲ ဖြေဆိုအောင်မြင်ပြီးသူများ လျှောက်ထားနိုင်သည်။

(၁) ဘွဲ့နှင်းသဘင်ကြေးမှာ အောက်ပါအတိုင်းဖြစ်ပါသည်-
**တက်ရောက်ဘွဲ့** - ၁၅၀၀ိ/-(ကျပ်တစ်ထောင့်ငါးရာတိတိ)
**အဝေးရောက်ဘွဲ့** - ၁၀၀၀ိ/-(ကျပ်တစ်ထောင်တိတိ)

(၂) ဘွဲ့နှင်းသဘင်လျှောက်လွှာပုံစံများကို ဆေးဝါးတက္ကသိုလ်၊ မန္တလေး ကျောင်းသားရေးရာဌာနစိတ်မှရယူ၍ ပြည့်စုံစွာဖြည့်စွက်ပြီး (၂လက်မ× ၁လက်မခွဲ) ကာလာဓာတ်ပုံသုံးပုံနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ တစ်စောင် ပူးတွဲလျက် ၆-၁-၂၀၁၆ ရက်မှ ၂၈-၁-၂၀၁၆ ရက်အတွင်း တင်သွင်းကြရမည်။

**(စိန်ရောင်း)**
**မော်ကွန်းထိန်း**
**ဆေးဝါးတက္ကသိုလ်၊ မန္တလေး**



ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ ဗိုလ်ချုပ်လမ်း၊ အမှတ် (၃၀/၉၇)နေ ဒေါက်တာစိန်တင် [ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဗဟိုစာရင်းအဖွဲ့]-ဒေါ်ညွှန့်ညွှန့်ရွှေ သားသမီးနှင့်မြေးများမှ ဦးလှထွန်းမေတ္တာရိပ်မွန် (ကင်ဆာ)ဖောင်ဒေးရှင်း ရန်ကုန်သို့ အလှူငွေ ကျပ် ၁၀ သိန်း တိတိ လှူဒါန်းရာ ဘဏ္ဍာရေးမှူး ဒေါ်ယဉ်ယဉ်ဆွေမှ လက်ခံယူပါသည်။

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း**

ယာဉ်အမှတ် ၃၂ယ/၅၉၉၇၂ Honda CRF 250, M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ကျော်နိုင် ၁၄/ရကန(နိုင်) ၁၃၅၈၂၇က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်များဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက် အတွင်းအောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး၊**
**ပုသိမ်မြို့**


ပျော်ရွှင်စရာနှစ်သစ်မှာ ကောင်းသောပြောင်းလဲခြင်းများနှင့် မြန်မာပြည်သူ၊ ပြည်သားများ ကိုယ်စိတ်နှစ်ဖြာကျန်းမာ၍ လိုအင်ဆန္ဒများ ပြည့်ဝကြပါစေကြောင်း...

မြင့် အင် ဆန်း
အရေပြား နှင့် အလှအပဆေးခန်း
Happy New Year!
အရေပြားအထူးကုဆရာဝန်ကြီးများကိုယ်တိုင် ကုသဆောင်ရွက်ပေးပါသည်။
OPEN DAILY

အမှတ်-၄၄၄၊ပထမထပ်၊ ရွှေဘုံသာလမ်း(အထက်)၊ (အမေရိကန်ပီဇာရှင်းမျက်မှန်ဆိုင်နှင့်မျက်နှာချင်းဆိုင်)၊ ရန်ကုန်၊ ဖုန်း-၃၈၂၂၄၇၊ ၂၅၆၀၄၅၊၀၉ ၇၈၈၈၄၄၅၈၈


**သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း**

လှိုင်သာယာမြို့နယ်၊ (၁၁)ရက်ကွက်နေ နော်ဇဲ(လ်)မာ၏သား စောခရစ်အယ်ထူး ၁၂/လသယ(နိုင်)၀၃၂၆၈၂ အား သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ စောခရစ်အယ်ထူးနှင့်ပတ်သက်သော ကိစ္စအဝဝကို (လုံး၀) လုံး၀ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

**(မေးမြန်းစုံစမ်းခြင်းသည်းခံပါ။)**
**မိခင်နော်ဇဲ(လ်)မာ**


**စာအုပ်စာပေလှူ မိတ်ဆွေ**


**စွမ်းအင်ဝန်ကြီးဌာန**
**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း(၉/၂၀၁၅)**

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ အောက်ဖော်ပြပါပစ္စည်းများကို တင်ဒါခေါ်ယူလိုပါသည်

**မြန်မာကျပ်ငွေဖြင့်ဝယ်ယူခြင်း**

(က) စက်နှင့်စက်အရန်ပစ္စည်းများ-LPG Flexible Oil Hose, 25 % Carbon Teflon Hollow Tube, Portable Moisture Analyzer, Cooler Tube, Standard Gas

(ခ) ဓာတုဗေဒပစ္စည်းများ-Hydrazine Hydrate

(ဂ) လုပ်ငန်းဆောင်ရွက်ခြင်း-အမှတ်(၁)ရေနံချက်စက်ရုံ(သန်လျင်)တွင် MHI Boiler ရှိ Super Heater Tube များ အစားထိုးလဲလှယ်ခြင်း

၂။ **နိုင်ငံခြားငွေဖြင့်ဝယ်ယူခြင်း**

(က) **ဓာတုဗေဒပစ္စည်းများ-**Monoethanolamime (MEA) and Petromeen, Mathanator Catylst, Primary Reformer Catalyst (Reformax 330 LDP), Water Treatment Chemical(Kurita F-4920)

(ခ) **စက်နှင့်စက်အရန်ပစ္စည်းများ-**DC Generator Accessories and Motor, Flame Detector for Boiler, Spare Parts for River Water Pump (P-5001) & Liquid Ammonia Pump (P-8101),Spare Parts for Natural Gas Compressor, Synthesis Gas Compressor and CO2 Compressor, Air Compressor Set (Piston Type) with Motor and Starter, Governor for Turbine & Proximity Sensors, Spare Parts for IA Compressor, V-Ring & Compression Ring for Hot Oil Pump and Head Gasket for Pumps, Naphtha Circulation Pump (PU-602) without Motor, Spare for Cooling Water Circulation Pump & $C_3$ filling Pump, Spare for Dry Gas Compressor

၃။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၉-၁၂-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်ရက်/အချိန်** - ၂၈-၁-၂၀၁၆ ရက် ၁၂း၀၀နာရီ

၄။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊**
**စီမံရေးဌာန/ဘဏ္ဍာရေးဌာန**
**ရုံးအမှတ် ၄၄၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၁၁၂၃၊ ၀၆၇-၄၁၁၁၉၃**


**ကားစီးလုံးငှားသည်။**
ဘုရားဖူးပဲသွားသွား. . . . . . .အပျော်ခရီးပဲထွက်ထွက် . . . .
အချိန်ပိုင်းပဲလိုလို . . . . . . . . . CRANE
518 474, 09 509 4914,0943 1647 88

မှတ်စုမှတ်ရာစုံလင်စွာဖြင့် စာမေးပွဲအတွက် အဆင်သင့်ဖြစ်စေရမည်၊
ကိုကော်ရိုင် ကျန်းမာရေးမှူး(၄)
စာမေးပွဲပြင်ဆင်မှုရက်ပြတ်သင်တန်း၊
၂.၁.၂၀၁၆ ရက်နေ့ တာမွေတွင်ဖွင့်မည် Ph-09 261755336
2,3,4,5,6(5 Days) | နံနက် - ၉း၀၀ - ၁၂း၀၀ | ၂၀၀၀၀ ကျပ်
မိုးကောင်းမုန့်ဆိုင် အပေါ်ထပ်၊ ကျိုက္ကဆံလမ်း၊ တာမွေယာယီဈေးရှေ့၊

"အစာလည်း ဆေး၊ ဆေးလည်း အစာ" ဆိုသည့်အတိုင်း
နေ့စဉ်ချက်ပြုတ်စားသောက်နေသော အစားအစာများသည်
ကျန်းမာရေးနှင့် ညီညွတ်မျှတရန် အလွန်အရေးကြီးပါသည်။
မိမိတို့မိသားစုအတွက် ကျန်းမာရေးနှင့် ညီညွတ်သော
ဟင်းလျာများကို ရွေးချယ်ချက်ပြုတ်နိုင်ရန် အိမ်ရှင်မများ
လေ့လာဖတ်ရှုသင့်သည့်

ဒေါက်တာခင်မောင်လွင် (FAME) ရေးသားထားသော. . .
"မီးပိုချောင်သုံးအစားအစာများနှင့် ကျန်းမာရေး"




ဖြန့်ချိရေး - FAME Publishing House
အမှတ်(၂၀)၊ မင်းကြီးမဟာမင်းခေါင်လမ်း၊ စက်မှုဇုန်(၃)၊ လှိုင်သာယာမြို့၊ ဖုန်း - ၀၁ - ၆၈၅၆၀၉၊ ၆၈၂၁၉၉၊ ၆၈၅၀၈၃
Fax: 95-1-680122, E-mail : marketing@famepharma.com, FAME Pharmaceuticals

# မြေယာစီမံအုပ်ချုပ်မှု ဆန်းစစ်အကဲဖြတ်မှုဘောင်ရေးဆွဲရန် နိုင်ငံတကာကျွမ်းကျင်သူပညာရှင်များနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိ




**နေပြည်တော် ဒီဇင်ဘာ ၂၉**

အမျိုးသားမြေအရင်းအမြစ်စီမံခန့်ခွဲရေး ဗဟိုကော်မတီအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီက ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ အမျိုးသားမြေအရင်းအမြစ် စီမံခန့်ခွဲရေးဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဉာဏ်ထွန်း တက်ရောက်အမှာစကား ပြောကြားသည်။ **(အပေါ်ပုံ)**

*စာမျက်နှာ ၈ ကော်လံ ၁* ✻

# သေဒဏ်ချမှတ်ခံရသည့် မြန်မာနိုင်ငံသား နှစ်ဦးအတွက် ထိုင်းနိုင်ငံ တရားစီရင်ရေး လုပ်ထုံးလုပ်နည်းများနှင့်အညီ အဆင့်ဆင့် အယူခံဝင်သွားမည်

**နေပြည်တော် ဒီဇင်ဘာ ၂၉**

မြန်မာနိုင်ငံသားနှစ်ဦးအား ပြစ်ဒဏ်ချမှတ်ခဲ့သည့်ကိစ္စနှင့် ပတ်သက်၍ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းသံအမတ်ကြီး H.E. Mr. Pisanu Suvanajata အား ယနေ့နံနက်ပိုင်းက နိုင်ငံခြားရေးဝန်ကြီးဌာန နေပြည်တော်၌ တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ထိုင်းနိုင်ငံ ကော့စမွီတရားရုံး၌ ဒီဇင်ဘာ ၂၄ ရက်က သေဒဏ်ချမှတ်ခံခဲ့ရသည့် မောင်ဝင်းဇော်ထွန်းနှင့် မောင်ဇော်လင်းတို့နှစ်ဦးအတွက် ထိုင်းနိုင်ငံ၏ တရားစီရင်ရေး လုပ်ထုံးလုပ်နည်းများနှင့်အညီ အဆင့်ဆင့်အယူခံဝင်သွားမည်ဖြစ်ကြောင်း၊ ဤကိစ္စနှင့်ဆက်စပ်၍ ထိုင်းနိုင်ငံ၌ အလုပ်လုပ်ကိုင်နေကြသည့် မြန်မာနိုင်ငံသားများပေါ်သို့ ဆန့်ကျင်ဘက်အကျိုးသက်ရောက်မှု မရှိစေလိုပါကြောင်းနှင့် မြန်မာနိုင်ငံသားများ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ထိုင်းအစိုးရအနေဖြင့် ဦးစားပေးဆောင်ရွက်စေလိုပါကြောင်း၊ မြန်မာနိုင်ငံအစိုးရအနေဖြင့် ဗန်ကောက်မြို့ရှိ မြန်မာသံရုံး၊ ထိုင်းနိုင်ငံရှေ့နေများ ကောင်စီတို့နှင့် အနီးကပ် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် ထိုင်းနိုင်ငံအစိုးရ၏ ပူးပေါင်းပါဝင်မှုကိုပါ

*စာမျက်နှာ ၃ ကော်လံ ၁* ●

## ယနေ့ »» ဖတ်စရာ

**အိုင်အက်စ်မိသားစုအဖွဲ့ဝင် ၃၀၀ ခန့် ဆီးရီးယားမြောက်ပိုင်း အယ်လ်ရက်ကွာမြို့သို့ ထွက်ပြေး** စာ » ၄

**ဂျပန် KDDI ဝက်ဆိုက်မှ အလှူရှင်များ ရေဘေးသင့်ဒေသများအတွက် ယန်း ငါးသန်းကျော် လှူဒါန်းမည်** စာ » ၇

**သမိုင်းလမ်းဆုံမီးပွိုင့်အနီး မော်တော်ယာဉ်တစ်စီး မီးလောင်** စာ » ၁၂

# MFF U-14 ပြိုင်ပွဲ ဗိုလ်လုပွဲသို့ မန္တလေး(က)နှင့် ဇွဲကပင်(က)တို့ ဗိုလ်လုပွဲတက်

ရန်ကုန် ဒီဇင်ဘာ ၂၉

သတင်း-ညီမြတ်သော်တာ
ဓာတ်ပုံ-ဖိုးသော်ဇင်

**MFF U-14 100 Plus Super Cup ဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကို သုဝဏ္ဏမြက်ခင်းတုကွင်း၌ ယနေ့ဆက်လက်ကျင်းပရာ မန္တလေးအကယ်ဒမီ(က)အသင်းနှင့် ဇွဲကပင်အကယ်ဒမီ(က)အသင်းတို့ ဗိုလ်လုပွဲတက်ရောက်သွားသည်။**

ဆီမီးပွဲစဉ်များတွင် မန္တလေးအကယ်ဒမီ(က)အသင်းက ရောဝတီအကယ်ဒမီအသင်းကို ငါးဂိုး-ဂိုးမရှိ၊ ဇွဲကပင်အကယ်ဒမီ(က)အသင်းက ရတနာပုံ အကယ်ဒမီအသင်းကို သုံးဂိုး-ဂိုးမရှိတို့ဖြင့် အနိုင်ရရှိခဲ့သည်။

အုပ်စုပွဲစဉ်များတွင် ရာနှုန်းပြည့် နိုင်ပွဲရရှိခဲ့သည့် မန္တလေးအကယ်ဒမီ(က)အသင်းနှင့် ဇွဲကပင်အကယ်ဒမီ(က)အသင်းတို့မှာ ယနေ့ဆီမီးပွဲတွင်လည်း ခြေစွမ်းပြပြီး ဂိုးပြတ်နိုင်ပွဲရယူနိုင်ခဲ့ခြင်းဖြစ်သည်။ ယခု U-14 ပြိုင်ပွဲကို ပရိသတ်အားပေးမှုများပြားလျက်ရှိကြောင်း သိရသည်။

တတိယနေရာလုပွဲအဖြစ် ရောဝတီ အကယ်ဒမီအသင်းနှင့် ရတနာပုံ အကယ်ဒမီအသင်း၊ ဗိုလ်လုပွဲအဖြစ် မန္တလေးအကယ်ဒမီ(က)အသင်းနှင့် ဇွဲကပင်အကယ်ဒမီ(က)အသင်းတို့ ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ဒီဇင်ဘာ ၃၁ ရက်တွင် ကျင်းပမည်ဖြစ်သည်။



မန္တလေးအကယ်ဒမီ(က)အသင်းနှင့် ရောဝတီအကယ်ဒမီအသင်းတို့ ယှဉ်ပြိုင်စဉ်။

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www.facebook.com/MYANMAALINNNEWS
နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ ကြော်ငြာ ၀၁-၅၄၅၈၃၄။

ထုတ်လုပ်ခွင့်လိုင်စင်အမှတ် ၈/၂၀၁၁၊ တအထထလ/တိုး(၄၄)၊ တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်(ဆေးပြား) - TMR 004815(0314) / (ဆေးမှုန့်)TMR 000394(0314)
RE GD.
ကြွက်ရက်ပုံ ဆေးကောင်း
ကြွက်ရက်ပုံတိုင်းရင်းဆေးအား ဆည်သည့် မြို့ရွာများကို မူ့ပော်တော်ယာဉ်များဖြင့် လိုက်လံရောင်းချခြင်း မရှိပါကြောင်း သုံးစွဲသူ ဝီဘဗြည်သူများနှင့် ရောင်းချသူများအား အထူးသတိပေးဝန်ကြားအပ်ပါသည်။
မြန်မာ့တိုင်းရင်းဆေးဖက်ဝင်စစ်မှန်သော ပရဆေးပစ္စည်းများဖြင့် ဖော်စပ်ထားသောကြောင့် အံ့ဩလောက်အောင် အထူးပင် ဆေးစွမ်းထက်မြက်လှပါသည်။
RE GD
ကမုန်းရှင် လေငန်းကာကွယ်လိမ်းဆေးရည်